မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၂၇၂)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတဦးသိန်းစိန် အမေရိကန်သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇူလိုင်   ၄

၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဘားရက်အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဩစတြေးလျလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

နေပြည်တော်   ဇူလိုင်   ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျ ခနသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ဂျူလီဘစ်ရှော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုဘဝမြှင့်တင်ရေးစီမံကိန်းများအတွက် ကူညီထောက်ပံ့ပေးနေမှုများ၊ နယ်စပ်ဒေသများအား ပိုမိုကူညီဆောင်ရွက်သွားရန် အစီအစဉ်ရှိမှု၊ ဩစတြေးလျလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ လူငယ်များအတွက် အဆင့်မြင့်ပညာရပ်များသင်ကြားနိုင်ရန် ပညာရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စ ဘရော့နက်မိုး(စ်)လည်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျခနသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ဂျူလီဘစ်ရှော့အား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုကို အဆင့်မြှင့်တင်ခြင်းဆောင်ရွက်မည်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

ရန်ကုန်   ဇူလိုင်   ၃

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ၏ အဓိကလေဆိပ်သုံးခုဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းများအဖြစ် အဆင့်မြှင့်တင်လျက်ရှိပြီး ရန်ကုန်နှင့် နေပြည်တော်ရှိလေဆိပ်များကို ဧည့်သည်ဝန်ဆောင်မှုလေဆိပ်အဖြစ်လည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကုန်စည်ဝန်ဆောင်မှုပေးသည့်လေဆိပ်အဖြစ်လည်းကောင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ စင်္ကြံ လမ်းကြောင်းအတွင်းတည်ရှိနေသည့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကုန်စည်ဝန်ဆောင်မှုပေးသည့် နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ် ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပြီး ယင်းသို့ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရန်အတွက် မစ်ဆူဘီရှိကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရန် တင်ဒါအောင်မြင်ထားကြောင်း သိရသည်။

"လက်ရှိမှာ လေဆိပ်သုံးခုကို အဆင့်မြှင့်တင်ဖို့ တင်ဒါအောင်မြင်ထားတဲ့ ကုမ္ပဏီတွေ ရှိပါတယ်။ ရန်ကုန်နဲ့ နေပြည်တော်လေဆိပ်တွေကတော့ ခရီးသည်ဝန်ဆောင်မှုကို အဓိကထားပြီး အဆင့်တိုးမြှင့်သွားမှာဖြစ်ပါတယ်။ မန္တလေးလေဆိပ်ကတော့ *စာမျက်နှာ ၃ ကော်လံ ၁* ❊

ကုန်စည်ပို့ဆောင်ပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်တစ်ခုဖြစ်လာစေရန် အကောင်အထည်ဖော်မည့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်။

ယနေ့ မာတိကာ

တရုတ်သမ္မတရှီကျင့်ဖျင် တောင်ကိုရီးယားသို့ ပထမဆုံးသွားရောက်   စာမျက်နှာ » ၄

ကရင်ချောင်းရေထိန်းဆည် ရေသိုလှောင်ရေး ကောင်းမွန်ရန်ဆောင်ရွက်   စာမျက်နှာ » ၁၁

လေဆင်နှာမောင်းတိုက်ခတ်သဖြင့် အိမ်နှင့်ကျောင်းများပြိုကျ   စာမျက်နှာ » ၁၃

ရိုဒရီဂွက်ဇ်ရဲ့ အကောင်းဆုံးစံချိန်ကို ရပ်တန့်ဖို့ နေမာမျှော်လင့်   စာမျက်နှာ » ၁၄

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ညှိနှိုင်းအဖြေရှာခြင်းသည်အကောင်းဆုံး

ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီအစိုးရအဖြစ် ပြောင်းလဲပြီး ကတည်းက စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကျော်လွှားခဲ့ရပါသည်။ ထိုသို့ စိန်ခေါ်မှုများနှင့်ကြုံတွေ့တိုင်း အများစုမှာ အနုနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ညှိနှိုင်းဆွေးနွေးအဖြေရှာနည်းဖြင့် ပြဿနာပေါင်းများစွာတို့ကို အောင်မြင်စွာဖြေရှင်းဆောင်ရွက်ကျော်လွှားနိုင်ခဲ့ပါသည်။ ဤနည်းမှာ အကြမ်းဖက်မှုမပါသည့် စားပွဲဝိုင်းတွင် အဖြေရှာနည်းဖြစ်ပါသည်။

ထိုကဲ့သို့ ဖြေရှင်းဆောင်ရွက်မှုသည် ကျွန်ုပ်တို့ လူမှုအသိုက်အဝန်းများအကြား ဖြစ်ပွားနေသည့် ပြဿနာများသာမက နိုင်ငံအချင်းချင်းဖြစ်ပွားနေသည့် စစ်ပွဲကြီးများအထိ အောင်မြင်နေသော နည်းလမ်းကောင်းပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၄ ခုနှစ် ဇူလိုင်လ ရေဒီယိုမိန့်ခွန်းတွင် ''ကျွန်တော်တို့ဖြတ်သန်းနေရတဲ့ ဖြစ်စဉ်များဟာ မိမိတို့တစ်ဦးချင်းစီအတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားနေရတဲ့ အခြေအနေများဖြစ်တဲ့အတွက် ဒါတွေကို လက်ခံပြီး အမှားအယွင်းများကို ပြင်ဆင်ခွင့်ပေးတဲ့နည်းလမ်းများနဲ့ လက်တွဲခေါ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် အန္တရာယ်ရှိလာတဲ့အဆင့်ဖြစ်လာမှသာ ထိရောက်တဲ့ အရေးယူမှုတွေကို ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အလေးအနက်ယုံကြည်တာကတော့ အသစ်အသစ်သော စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းအဖြေရှာခြင်းများကသာလျှင် နည်းလမ်းမှန်များဖြစ်တယ်ဆိုတဲ့ အချက်ဖြစ်ပြီး အစဉ်ခံယူကျင့်သုံးလျက်လည်းရှိပါတယ်''ဟူ၍ ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ယနေ့ ကျွန်ုပ်တို့နိုင်ငံတွင် တည်ငြိမ်စွာဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလာနိုင်ခြင်းမှာလည်း ဤကဲ့သို့ ဖြေရှင်းဆောင်ရွက်နိုင်ခြင်း၏ လက်တွေ့အကျိုးကျေးဇူးပင်ဖြစ်ပါသည်။ ယခုအခါ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး ဖော်ဆောင်လာနိုင်သည်အထိ အောင်မြင်မှုများ ဆက်တိုက်ရရှိနေသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

ပြဿနာများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများကြုံတွေ့လေတိုင်း ဦးစွာပထမ တစ်ဖက်နှင့်တစ်ဖက်တို့ သဘောတူညီချက်များဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည် အကောင်းဆုံးသောလက်နက်ကောင်းသဖွယ်ဖြစ်ပါသည်။ ထိုမှတစ်ဆင့်ပြီးတစ်ဆင့် အလုံးစုံပြီးပြည့်စုံသောသဘောတူညီချက်များဖြင့် ပဋိပက္ခများ၊ စိန်ခေါ်မှုများချုပ်ငြိမ်းသွားရသည့်သဘော ရှိပါသည်။ ငြိမ်းချမ်းသောလမ်းကို အတူတကွ လျှောက်လှမ်းသွားနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးအနေဖြင့် မည်သည့်ပြဿနာမဆို ဦးစွာဆောင်ရွက်သင့်သည်မှာ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းပင်ဖြစ်ပါသည်။ ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ရင်ဆိုင်နေရသည့် အခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ ဤသို့ဖြေရှင်းရာတွင် နှစ်ဖက်ပွင့်လင်းမြင်သာမှုသည် အရေးဆုံးကြီးဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိမှ အောင်မြင်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ပြဿနာများ၊ စိန်ခေါ်မှုများဖြေရှင်းရာတွင် ညှိနှိုင်းအဖြေရှာခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။ ။

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နီးနှောဖလှယ်ပွဲ ကျင်းပ

မန္တလေး ဇူလိုင် ၃

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသည့် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နီးနှောဖလှယ်ပွဲကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ဂရိတ်ဝေါဟိုတယ်၌ ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က စက်ရုံ၊ အလုပ်ရုံများတွင် ဖြစ်ပွားသည့် အလုပ်ရှင်နှင့် အလုပ်သမားများကြား မကျေနပ်မှုနှင့် အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသည့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြင့်လာစေရန် Capacity Building ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီဝင်များနှင့် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ဝင်များ အနေဖြင့်လည်း အဂတိတရားကင်းရှင်းပြီး ဘက်လိုက်မှုကင်းသည့် ဆုံးဖြတ်ချက်မျိုးဖြစ်အောင် အထူးအလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်မှ ယခုကဲ့သို့ တွေ့ဆုံညှိနှိုင်းနီးနှောကြခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ဆုံးဖြတ်ချက်ရလဒ်ကောင်းများရရှိလာမှာဖြစ်ပြီး အငြင်းပွားမှုများပြေငြိမ်းအောင် ဖြေရှင်းမှုများ၌ လက်တွေ့အသုံးချသွားနိုင်မှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်မှု၏ တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်(၁)ဖြစ်သည့် ဝန်ကြီးဌာနရှိ အဆင့်ဆင့်သောဝန်ထမ်းများ၏ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ Mind-Set နှင့် လုပ်နည်းလုပ်ဟန်များ ပြုပြင်ပြောင်းလဲပြီး အရည်အသွေးပိုမိုတိုးတက်လာရန်လိုကြောင်း၊ ဗဟိုချုပ်ကိုင်မှုကိုလျှော့ချ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တာဝန်များပိုင်းခြားခွဲဝေပေးပြီး တိကျစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဝန်ထမ်းများကိုလည်း တာဝန်များခွဲဝေအပ်နှင်းထားပြီးဖြစ်၍ လုပ်ငန်းဆောင်ရွက်မှုတွင် မှားယွင်းမှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် တာဝန်ရှိသူများအားလုံးနှင့် ဝန်ထမ်းများအားလုံး တာဝန်သိမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ပြည်သူတို့၏ လိုအပ်ချက်နှင့် ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်မှု၊ ထိရောက်သည့် စွမ်းဆောင်ရည်ရှိမှု၊ ခိုင်မာကောင်းမွန်သည့် စည်းမျဉ်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်မှုနှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းမှုစသည့် ကိုယ်ပိုင်အရည်အသွေးများရှိအောင် ကြိုးစားအားထုတ်ပြီး တက်ညီလက်ညီနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး နယ်လှည့်ဆောင်ရွက်

တွန်းဇံ ဇူလိုင် ၃

တွန်းဇံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၁၄ ခုနှစ် ဧပြီလကုန်ပိုင်းမှစ၍ ကျွဲ၊ နွားတိရစ္ဆာန်များ ရောဂါကျရောက်ပြီး သေကျေမှုများရှိသောကြောင့် ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်နှိမ်နင်းရန် တွန်းဇံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာစန်းမြင့်အောင်နှင့် ဝန်ထမ်းများသည် ၂၀၁၄ ခုနှစ် မေ ၂ ရက်မှစတင်၍ နယ်လှည့်ကွင်းဆင်းသွားရောက်ကာ ကုသဆေးများထိုးနှံဆောင်ရွက်ပေးပြီး ရောဂါကူးစက်မှုများပြားသော ကျေးရွာများဖြစ်သည့် ကျီးခါး၊ ကန်ဆောက်၊ မာအိုဝမ်၊ တွီးမန်၊ ဟိုင်ကျင်း၊ ဒါရီခိုင်း၊ ဇမ်ပီး၊ တွီးတူမ်း၊ နတ်ဇန်(ဟောင်း)၊ နတ်ဇန်(သစ်)၊ မွာလ်ကွေး၊ လုံတပ်နှင့် တုန်းတွောင်ကျေးရွာအုပ်စုများအတွင်းရှိ ကျွဲ၊ နွားကောင်ရေ ၉၆၀ ကျော်ကို လည်ချောင်းကွဲနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများထိုးနှံပေးနိုင်ခဲ့ပြီး ကျန်းမာရေးဝန်ဆောင်မှုမြှင့်တင်ခြင်းအနေဖြင့် သန်ချဆေး၊ အားဆေးနှင့် ကုသဆေးများ ထိုးနှံဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု အရှိန်မြှင့်တင်မှုလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးညှိနှိုင်းဆွေးနွေး

မော်လမြိုင် ဇူလိုင် ၃

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် (၁) အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးပွဲကို မွန်ပြည်နယ် ရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမျိုးဆွေဝင်း၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီးခင်မောင်ထွေး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးကြည်နှင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးများ တက်ရောက်သည်။

ကျော်သန်း(မော်လမြိုင်)

မိုးရာသီသစ်ပင်စိုက်ပျိုး

မိုးနဲ ဇူလိုင် ၃

၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက လင်းခေးခရိုင် မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု မဲဇလီမြိုင် သစ်တောစိုက်ခင်း၌ ကျင်းပရာ လင်းခေးခရိုင် အုပ်ချုပ်ရေးမှူးဦးစိုးမြင့်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်သစ်တောဦးစီးမှူးနှင့် မိုးနဲမြို့နယ်သစ်တောဦးစီးမှူးတို့က စိုက်ပျိုးမည့် ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

တက်ရောက်

အဆိုပါပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့မိမြို့ဖများ၊ မြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ တိုင်းရင်းသားများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၁၀၀၀ ကျော်တက်ရောက်ခဲ့ကြသည်။ စိုက်ပျိုးခဲ့သည့် သစ်ပင်များမှာ ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးအပင် ၂၀၀၊ မဲဇလီအပင် ၈၀၀ စုစုပေါင်း သစ်ပင် ၁၂၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ လူသုံးကုန်ပစ္စည်းများရောင်းချနိုင်မည့် လက်လီဈေးကွက်များ ဖန်တီးနိုင်ရေးရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေးဆွေးနွေး



နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဗြိတိန်နိုင်ငံ TESCO Plc ဥက္ကဋ္ဌ ဆာရစ်ချဒ် ဘရော့ဘန့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် TESCO ကုမ္ပဏီက ကမ္ဘာ့နိုင်ငံအများအပြား၌ ဆောင်ရွက်လျက်ရှိသည့် အထွေထွေရောင်းဝယ်ရေးလုပ်ငန်း ကွင်းဆက်များတွင် မြန်မာနိုင်ငံအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ပစ္စည်းများ ဈေးကွက်တင်နိုင်ရေး၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ လူသုံးကုန်ပစ္စည်းများရောင်းချနိုင်မည့် လက်လီဈေးကွက်များ ဖန်တီးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၄

၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင်ကျရောက်သော အမေရိကန် ပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ-ဩစတြေးလျ ဆက်ဆံရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ဩစတြေးလျ ဓနသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဇူလိုင် ၂ ရက်မှ ၄ ရက်အထိလာရောက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့နှင့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညှိနှိုင်းစည်းဝေး

နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အခမ်းအနားကျင်းပမည့် အစီအစဉ်များကိုရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ဆပ်ကော်မတီများအလိုက် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကျင်းပမည့်အခမ်းအနားတွင် လုံခြုံရေးသည်အဓိကအရေးကြီးပြီး ဧည့်ခံကျွေးမွေးမည့်ကဏ္ဍများတွင် ကျန်းမာရေးအသိပညာဖြင့် ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

နိုင်ငံတကာဆက်သွယ်ရေးနဲ့ ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းပေါ်မှာရောက်ရှိနေတဲ့အတွက် အာဆီယံအသိုက်အဝန်းက ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေ တွင်တွင်ကျယ်ကျယ်နဲ့ လုပ်ကိုင်နိုင်အောင် ရည်ရွယ်ပြီး ကုန်စည်ဝန်ဆောင်မှု အဓိကပေးနိုင်တဲ့ နိုင်ငံတကာအဆင့်မီ လေဆိပ်တစ်ခုအဖြစ် ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စံချိန်စံညွှန်းနှင့် လုံခြုံရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဖုန်းဇော်က ပြောကြားသည်။

ဆောင်ရွက်ပေး

လေဆိပ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက စတင်လုပ်ဆောင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုချက်တောင်းခံထားပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အပြင် အနာဂတ်လျာထားချက်များအရ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းများလည်း ပုံမှန်အတိုင်း ဆက်လက်ရှိနေမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ကုန်စည်ဝန်ဆောင်မှုတန်ချိန် ၄၀၀၀ မှ ၂၀၂၃ ခုနှစ်တွင် ကုန်စည်ဝန်ဆောင်မှု တန်ချိန် ၈၀၀၀အထိ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီး ဖြစ်သည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် (၂၀၂) တွင် ပါတီရုံးချုပ်တည်ရှိသော **မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ**သည် ၎င်းတို့၏ပါတီအမည်အား **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန် ဇူလိုင် ၁ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY)** ဟူသည့် အမည်နှင့်စပ်လျဉ်း၍ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတကာသတင်း

နယ်မြေသိမ်းပိုက်ခံရမှုများ ကျယ်ပြန့်လာချိန် အီရတ်ဝန်ကြီးချုပ်က ဆွန်နီသူပုန်တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေး

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ်ဝန်ကြီးချုပ် နော်ရီ အယ်လ်မာလီကီက အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော ဆွန်နီစစ်သွေးကြွများအား ဗုဒ္ဓဟူးနေ့တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

စစ်သွေးကြွများက ဆွန်နီအများစု နေထိုင်ရာ ပြည်နယ်များကို ထိန်းချုပ်ထားသည်။ "ကျွန်တော် လူမျိုးစုအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ကြေညာပါတယ်။ အစိုးရကိုဆန့်ကျင်တိုက်ခိုက်နေသူအားလုံးကိုလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးပါတယ်။ သူတို့ကို ကြိုဆိုပါတယ်"ဟု မာလီကီက အပတ်စဉ်ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားသည်။ ဝန်ကြီးချုပ်မာလီကီ၏ ကမ်းလှမ်းမှုသည် ဆွန်နီတိုက်ခိုက်ရေးသမားများ အရေအတွက် လျော့ကျစေရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး ဆွန်နီ အသိုင်းအဝိုင်းက စစ်သွေးကြွများအား လက်နက်ပံ့ပိုးပေးနေမှုလျော့ကျ ရပ်တန့်သွားရန်ဖြစ်သည်။ အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေမှာ လွန်ခဲ့သော သုံးပတ်မှစပြီး အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာကြောင်း အီရန်က ရှုမြင်ထားသည်။ အယ်လ်ခိုင်ဒါများနှင့်ဆက်နွယ်နေသော စစ်သွေးကြွများ၏ တိုက်ခိုက်မှုပိုမိုကျယ်ပြန့်လာပြီး နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို သိမ်းပိုက်ထားသည်။ အီရတ်သူပုန်များ၏ နယ်မြေသိမ်းပိုက်မှု များပြားလာချိန် အီရတ်ဝန်ကြီးချုပ်က စစ်သွေးကြွများအား လွတ်ငြိမ်းချမ်းသာခွင့်များ ပေးရန် ကြေညာလိုက်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

တောင်ဆူဒန် ပြည်သူလေးသန်းကျော် အငတ်ဘေးနှင့် ရင်ဆိုင်ရနိုင် အကူအညီပေးရေးအေဂျင်စီများ သတိပေးပြောကြား

လန်ဒန် ဇူလိုင် ၃

တောင်ဆူဒန်နိုင်ငံရှိ ပြည်သူလေးသန်းခန့်သည် လာမည့်လတွင် စားနပ်ရိက္ခာပြတ်လပ်မည့် အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း ဗြိတိသျှအကူအညီပေးရေးအေဂျင်စီများက သတိပေးပြောကြားလိုက်သည်။

သို့ရာတွင် ဗြိတိသျှသဘာဝဘေးအန္တရာယ်အေဂျင်စီများဆိုင်ရာ ကော်မတီက စားနပ်ရိက္ခာအတွက် လိုအပ်သရွေ့သာလျှုဒါန်းပေးကြပါရန် မေတ္တာရပ်ခံလိုက်သည်။

တောင်ဆူဒန်နိုင်ငံသမ္မတက လည်း ၎င်း၏နိုင်ငံတွင် မကြုံစဖူး အဆိုးရွားဆုံး အငတ်ဘေးဆိုးကြီး ကျရောက်လာမည်ကို သတိပေးပြောကြားလိုက်သည်။ တောင်ဆူဒန် အာဏာရပါတီ ပြီးခဲ့သည့်ဒီဇင်ဘာလက အာဏာရပြီးနောက် နိုင်ငံအတွင်း တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နေအိမ်စွန့်ခွာထွက်ပြေးကြသည့် တောင်ဆူဒန်ပြည်သူတစ်သန်းကျော်ရှိသည်ဟုဆိုသည်။

တောင်ဆူဒန်သမ္မတ ဆဲဗာကီယာနှင့် ၎င်းကရာထူးမှ ဖယ်ရှားလိုက်သော ဒုတိယသမ္မတ ရိခ်မာချာတို့အကြား နိုင်ငံရေးအငြင်းပွားရာမှ ပဋိပက္ခစတင်ခဲ့ပြီး တိုက်ခိုက်မှုများအတွင်း ထောင်ပေါင်းများစွာသော ပြည်သူများ သေဆုံးခဲ့ရသည်။

တောင်ဆူဒန်ပြည်သူများ စားနပ်ရိက္ခာအကျပ်အတည်း ဖြည့်ဆည်းပေးရန်ငွေကြေးအကူအညီလိုအပ်နေကြောင်း သဘာဝဘေးအန္တရာယ်များ အေဂျင်စီကော်မတီက ပြောကြားသည်။

တောင်ဆူဒန်တွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေလျှင် အကူအညီပေးရေးအေဂျင်စီများ ဝင်ရောက်ရန် မဖြစ်နိုင်ကြောင်း ဩဂုတ်လအတွင်း စားနပ်ရိက္ခာအကူအညီများအချိန်မီ မရောက်ရှိခဲ့လျှင် ငတ်မွတ်ခေါင်းပါးမှုဘေးအန္တရာယ်ကျရောက်လိမ့်မည်ဖြစ်ကြောင်း နိုင်ငံတကာစားနပ်ရိက္ခာအကူအညီပေးရေးကျွမ်းကျင်သူများက ပြောကြားသည်။ ဆိုမာလီ၌ ၂၀၁၁ ခုနှစ်တွင် ပထမဆုံးအငတ်ဘေးကျရောက်ခဲ့ရာ တောင်ဆူဒန်၏အနေအထားမှာ ပို၍ဆိုးရွားနိုင်ကြောင်း စားနပ်ရိက္ခာကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ဘီဘီစီ

တရုတ်သမ္မတရှီကျင့်ဖျင် တောင်ကိုရီးယားသို့ ပထမဆုံးသွားရောက်

ပေကျင်း ဇူလိုင် ၃

တရုတ်သမ္မတရှီကျင့်ဖျင်သည် မြောက်ကိုရီးယားနိုင်ငံကိုစွလှေ့လာသုံးသပ်ရန် နှစ်ရက်ကြာခရီးအဖြစ် တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိနေသည်။ တရုတ်-မြောက်ကိုရီးယားဆက်ဆံရေးသွေးအေးနေချိန် ပြုံယမ်းသို့မသွားမီ တရုတ်ခေါင်းဆောင်က ပထမဆုံးအကြိမ် ဆိုးလ်သို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးမဟာမိတ်ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ သို့သော်လည်း ပေကျင်းက ၎င်း၏အိမ်နီးချင်းနိုင်ငံနှင့်ဆက်ဆံရေး လျော့ကျလာခဲ့သည်။

ပြီးခဲ့သည့်နှစ်က မြောက်ကိုရီးယားနိုင်ငံသည် တတိယမြောက်နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့သည့်အပြင် စတုတ္ထအကြိမ် စမ်းသပ်မှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

မစ္စတာရှီနှင့်တောင်ကိုရီးယားသမ္မတပတ်ကွမ်ဟေးတို့သည် စီးပွားရေးတိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ရသည်။ နှစ်နိုင်ငံသည်လွတ်လပ်စွာကုန်သွယ်မှုပြုလုပ်ရန်လည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် သမိုင်းနှင့်ချီသော ပြဿနာများအပေါ် ဂျပန်နှင့်ဆက်ဆံရေးအဆင်မပြေဖြစ်မှုမှာ တူညီကြသည်။ သို့သော် တိုကျိုရော ဆိုးလ်ပါ အမေရိကန်၏ မဟာမိတ်ဖြစ်ကြသည်။ **ဘီဘီစီ**

အမေရိကန်သို့တိုက်ရိုက်ပျံလေဆိပ်များ၌ လုံခြုံရေးတင်းကျပ်

ဝါရှင်တန် ဇူလိုင် ၃

အမေရိကန်သို့ တိုက်ရိုက်ပျံသန်းသော လေဆိပ်များ၌ ခြိမ်းခြောက်မှုများကြောင့် လုံခြုံရေးတင်းကျပ်စွာဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ လုံခြုံရေးတင်းကျပ်ရာတွင် ဗြိတိန်နိုင်ငံရှိ လေဆိပ်အချို့လည်း ပါဝင်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လေဆိပ်လုံခြုံရေးကို အရှိန်မြှင့်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဗြိတိန်ပို့ဆောင်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ဗြိတိန် သို့မဟုတ် အမေရိကန်အာဏာပိုင်တို့အနေဖြင့် တိကျသော လုံခြုံရေးအစီအမံသစ်တွင် ပါဝင်ဆောင်ရွက်ရဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံကပြောသည်။

ဆီးရီးယား၊ ယီမင်နိုင်ငံတို့၌ အယ်လ်ခိုင်ဒါတို့က လေယာဉ်များပေါ်တွင် ဗုံးများ မှောင်ခိုသယ်ဆောင်နေကြောင်း အမေရိကန်မီဒီယာများကဖော်ပြခဲ့ပြီးနောက် ယခုကဲ့သို့ လုံခြုံရေးတင်းကျပ်ရန် အစီအမံများထွက်ပေါ်လာခြင်းဖြစ်သည်။

ခြိမ်းခြောက်မှုများကို လုံခြုံရေးအစီအမံများနှင့် ပြောင်းလဲတုံ့ပြန်သွားရမည်ဖြစ်ကြောင်း အမေရိကန်လုံခြုံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ **ဘီဘီစီ**

လစ်ဗျားရေနံတင်ပို့ရေးဆိပ်ကမ်းများ သူပုန်ကပြန်ပေး

ထရီပိုလီ ဇူလိုင် ၃

ပြီးခဲ့သည့်နှစ်က သူပုန်များ သိမ်းပိုက်ထားသော အရှေ့ပိုင်းရှိ ရပ်စ်လာနုဖ်နှင့် ဆင်ဒရာရေနံတင်ပို့ရေးဆိပ်ကမ်းနှစ်ခုကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း လစ်ဗျားအစိုးရက ပြောသည်။

ယင်းကဲ့သို့ ထိန်းချုပ်နိုင်ခြင်းမှာ သူပုန်များနှင့် သဘောတူညီချက်တစ်ရပ်ရရှိလိုက်၍ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ရေနံအကျပ်အတည်းအဆုံးသတ်သွားပြီဖြစ်ကြောင်း လစ်ဗျားအစိုးရက ပြောသည်။

သူပုန်များက မူလတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်းဆိုကာ ရေနံတင်ပို့ရောင်းချရေး ဆိပ်ကမ်းလေးခုကို သိမ်းထားခဲ့သည်။ အခြား ဆိပ်ကမ်းနှစ်ခုသည် ဧပြီလက အစိုးရထံပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ သူပုန်များက အဆိုပါရေနံတင်ပို့ရေးဆိပ်ကမ်းများ သိမ်းထားသဖြင့် လစ်ဗျားနိုင်ငံ၏ ရေနံတင်ပို့ရောင်းချရေးအတွက် ဆိုးရွားစွာထိခိုက်မှု ဖြစ်ပေါ်ခဲ့သည်။

"ဒီကနေ့ပဲ ရပ်စ်လာနုဖ်နှင့်ဆင်ဒရာဆိပ်ကမ်းတွေကို ပြန်လည်ထိန်းချုပ်နိုင်ပါပြီ" ဟု လစ်ဗျားယာယီဝန်ကြီးချုပ် အဗ္ဗဒူလာအယ်လ်တာနီက သူပုန်ခေါင်းဆောင်အီဘရာဟင်ဂျက်သန်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့ ရေနံအကျပ်အတည်းကို ဖြေရှင်းနိုင်ဖို့ သဘောတူညီချက်တစ်ရပ်ကို အောင်မြင်စွာချမှတ်နိုင်ခဲ့ပါပြီ"ဟုလည်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

အဆိုပါ ရေနံတင်ပို့ရောင်းချရေးဆိပ်ကမ်းနှစ်ခုသည် နှစ်ခုပေါင်း တစ်ရက်စည် ၅၀၀၀၀၀ တင်ပို့နိုင်စွမ်းရှိသည်။

သို့သော်လည်း နည်းပညာလိုအပ်ချက်ကြောင့် တင်ပို့မှုနှေးကွေးနေဆဲဖြစ်သည်။ အဆိုပါ ဆိပ်ကမ်းများကိုမသိမ်းမီ လစ်ဗျားနိုင်ငံသည် တစ်ရက်လျှင် စည်ပေါင်း ၁ ဒသမ ၅ သန်းတင်ပို့ရောင်းချလျက်ရှိသည်။ လစ်ဗျားနိုင်ငံသည် နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သော ဗိုလ်မှူးကြီး ကဒါဖီအားဖြုတ်ချခဲ့ပြီးနောက် မတည်မငြိမ်ဖြစ်ခဲ့ရသည်။

ဘီဘီစီ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘောလုံးကစား

ကုလသမဂ္ဂသံတမန်များအသင်းနှင့် ကုလသမဂ္ဂသတင်းထောက်များအသင်းတို့ ဇူလိုင် ၂ ရက်က ချစ်ကြည်ရေးဘောလုံးပွဲအဖြစ်ယှဉ်ပြိုင်ကစားခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း(အလယ်)ပါဝင်ကစားလျက်ရှိသည်ကို တွေ့ရစဉ်။ (ယင်းပွဲတွင် သံတမန်များအသင်းမှ သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသွားခဲ့သည်။) ဆင်ဟွာ

ပြည်တွင်းသတင်း

နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သည်လိုအပ်သည့်ကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်နိုင်မှ အချုပ်အခြာအာဏာကာကွယ်နိုင်မည်

နေပြည်တော် ဇူလိုင် ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Emmanuel Trinidad Bautista က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇူလိုင် ၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီက Quezon City၊ Camp Aguinaldo ရှိ ဖိလစ်ပိုင်တပ်မတော်ဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်တပ်မတော်ဌာနချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး Bilateral အစည်းအဝေးခန်းမ၌ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးရာတွင် ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်သည့်အပြင် တပ်မတော်ခေါင်းဆောင်အချင်းချင်းလည်း ရင်းနှီးသည့် မိတ်ဆွေရင်းချာများဖြစ်ပါကြောင်း ပြောကြားပြီး အာဆီယံနှင့်ဒေသတွင်း အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံတပ်မတော် အရာရှိများ ချစ်ကြည်ရေးခရီးစဉ် အပြန်အလှန်စေလွှတ်ရေး၊ ဘာသာစကားသင်တန်းအပါအဝင် အခြားသင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံတပ်မတော်ဆေးတပ်ဖွဲ့များ၊ အားကစားအသင်းအဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရေးတို့ကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သည် နိုင်ငံ၏လိုအပ်သည့်ကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်ရပါကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံတပ်မတော်တို့အကြား အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒေသတွင်း ကိစ္စများအပါအဝင် နှစ်နိုင်ငံအကျိုးရှိစေမည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်မှုကြောင့် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရန် တာဝန်ရှိသည်ဆိုသည့်အချက်ကို အပြည့်အဝထောက်ခံပါကြောင်း၊ မိမိတို့တပ်မတော်နှစ်ရပ်သည် အရင်းနှီးဆုံးမိတ်ဆွေများအဖြစ် မှတ်ယူပါကြောင်းနှင့်တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံ

ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဖိလစ်ပိုင်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Voltaire T Gazmin တို့သည် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာကြိုဆိုပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျင်းပသောအာဆီယံထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် ဂုဏ်ပြုအပ်ပါကြောင်းနှင့် ၂၀၁၃ ခုနှစ် ဟိုင်ရာပ်တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်မှုတွင် မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်တို့က ကူညီခဲ့သည်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ၅၉ နှစ်တာကာလအတွင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေနှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပထမဦးဆုံးအကြိမ်လာရောက်ခြင်းဖြစ်သည့်အတွက် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ဆက်ဆံရေး၏ ခြေလှမ်းသစ်တစ်ရပ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အမြင်ချင်းဖလှယ်ခွင့်ရရှိပြီး အတွေ့အကြုံများစွာ ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ဆက်လက်၍ မိမိတို့မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်တို့သည် အိမ်နီးချင်းနိုင်ငံ၊ အာဆီယံနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒအတိုင်း နိုင်ငံအားလုံးနှင့်ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း အထူးဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

စစ်ဆေး

ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဖိလစ်ပိုင်ရေတပ်ဌာနချုပ်သို့ ရောက်ရှိကြရာ ဖိလစ်ပိုင်ရေတပ်ဦးစီးချုပ် Vice Admiral Jesus C Millan နှင့် ဖိလစ်ပိုင်ရေတပ်အရာရှိကြီးများက ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖိလစ်ပိုင်ရေတပ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ဖိလစ်ပိုင်ရေတပ် Club ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဖိလစ်ပိုင်ရေတပ်ဦးစီးချုပ် Vice Admiral Jesus C Millan တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Villamor Air Base ရှိ ဖိလစ်ပိုင်လေတပ်ဌာနချုပ်သို့ ရောက်ရှိကြရာ ဖိလစ်ပိုင်လေတပ်ဌာနချုပ်မှ စစ်ဆေးရေးအရာရှိချုပ် Brigadier General Reynaldo Castillo နှင့် အရာရှိကြီးများက ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖိလစ်ပိုင်လေတပ်ဦးစီးချုပ် Lieutenant General Jeffery F.Delgado နှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကာ Villamor Air Base ရှိ Air Force Museum သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့အား ဖိလစ်ပိုင်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Emmanuel Trinidad Bautista နှင့် ဇနီးတို့က ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ EDSA Shangri La Hotel Garden Ballroom ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖိလစ်ပိုင်တပ်မတော်လေတပ်တီးဝိုင်းနှင့် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နှုတ်ခွန်းဆက်စကား အပြန်အလှန်ပြောကြားကြပြီး အမှတ်တရ လက်ဆောင်များ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ထိုင်းနိုင်ငံ ဗန်ကောက်လေဆိပ်တွင် ထိုင်းဘုရင့်တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra က တွေ့ဆုံစဉ်။ (မြဝတီ)

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၃

ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက် ဒေသစံတော်ချိန် ၉ နာရီ ၄၅ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာရာ ဖိလစ်ပိုင်တပ်မတော်မှ Lieutenant General Gregorio Fio P Catapang JR AFP၊ Rear Admiral Isabelo H Gador AFP၊ Major General Wilfiedo O Ona AFP၊ Major General Rey Leonardo B Guerrero AFP နှင့် တပ်မတော်အရာရှိကြီးများ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညွန့်ဆွေနှင့်ဇနီး၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဗန်ကောက်မြို့သို့ ရောက်ရှိသည်။

လေဆိပ်တွင် ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ချစ်ဆွေနှင့်ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ အမျိုးသားငြိမ်ဝပ်ပိပြားမှုကောင်စီ NCPO အကြီးအကဲနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

အားလုံးအတွက်သမဝါယမ

K ဇင်သစ်
(မန်းတက္ကသိုလ်)

ခုတလော တစ်ကျော့ပြန်ခေတ်စားလာသည့် စကားလုံးကို ညွှန်ရမည်ဆိုလျှင် " သမဝါယမ" ဖြစ်ပြီး အဆိုပါဝေါဟာရကို တွင်တွင်ကျယ်ကျယ် သုံးစွဲပြောဆိုလာကြကြောင်း တွေ့ရသည်။ လွှတ်တော်တွင်းမှာရော ပြင်ပမှာပါရေပန်းစားလာနေသည်မှာ သမဝါယမက ချေးငွေထုတ်ပေးနေသည်ဆိုသည့် တကယ့်ဖြစ်ရပ်မှန်၊ အပြောမဟုတ် အလုပ်နဲ့သက်သေပြနေ၍ လက်တွေ့ကျကျအကျိုးခံစားနေရသည့်အခြေခံပြည်သူများ၏ **သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်းကြီးတို့ကို ကျေးဇူးတင်ပါသည်** ဆိုသည့် ရင်ဝယ်ပီတိစကားသံတွေက တသောသောညံလျက်။

တစ်နှစ်များဆီက အတိတ်ရဲ့အရိပ်မည်းကို ရိုးမည်ဖွဲ့ပြီးဝေဖန်သံတွေ မိုးလုံးပြည့်ခဲ့၍ နောင်တစ်ချိန် မြန်မာ နိုင်ငံမှာသမဝါယမလို့တောင် မရေရွတ်ရဲကြရတော့မည့်အဖြစ်မျိုး ကြုံတွေ့ ရတော့မှာပါလားဟု စိုးရိမ်မိခဲ့ပါသည်။ ခုတော့လည်း " သမဝါယမ" မှ " သမဝါယမ" ဖြစ်လာသည်။ အတိုးနှုန်းသက်သာစွာဖြင့် ပြည်သူတွေ၏လိုအင်ကို တစ်ပိုင် တစ်နိုင်သမဝါယမမူဝါဒတွေနှင့် တတ်နိုင်သလောက် ငွေကြေးကူညီထောက်ပံ့ပေးနေတာကြားရသည့်အခါ "ဘယ်ကရတဲ့ငွေကြေးတွေနဲ့ ဆောင်ရွက်နေကြတာလဲ"ဟု မေးချင်စိတ်က စောနေမိသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဝန်ကြီးဌာနများ၏ ဘတ်ဂျက်ခွင့်ပြုငွေ အသုံးစရိတ်စာရင်းကို လေ့လာမိတော့ အနည်းဆုံးနှင့် အောက်ဆုံးအဆင့်က သမဝါယမဝန်ကြီးဌာနကို တွေ့နေရပြန်သည်။

သမဝါယမအသင်းများသည် ပြည်သူများ၏ ဆန္ဒဖြင့် ၄င်းတို့ ကိုယ်တိုင်အသင်းသားအဖြစ်ပါဝင်ပြီး လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ထားသည့် ပွင့်လင်းမြင်သာမှုရှိသော NGO စစ်စစ်များဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အသင်း၊ အဖွဲ့အစည်းတို့မည်သည် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် မှတ်ပုံတင်ကြရပြီး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာကြရပါသည်။ နိုင်ငံတော်အစိုးရသည် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေကို ထုတ်ပြန်ထားသကဲ့သို့ ၁၉၉၈ ခုနှစ်သမဝါယမအသင်း နည်းဥပဒေများကို ၃၀-၉-၂၀၁၃ ရက်နေ့စွဲဖြင့် သမဝါယမဝန်ကြီးဌာနသည် နည်းဥပဒေသစ်ကို ထုတ်ပြန်ထားကြောင်း သိရပါသည်။ ၃၁-၅-၂၀၁၄ ရက်နေ့ထိ အသင်းသားပြည်သူ ၂၈၈၆၀၅၆ ဦးဖြင့်ဖွဲ့စည်းထားသည့် သမဝါယမအသင်းပေါင်း ၂၇၉၂၅ သင်းသည် သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအဆင့်ဆင့်

> **ဆင်းရဲ ချမ်းသာ ကွာဟမှု၏ ချိန်ခွင်လျှာကို သမဝါယမ စံချိန်စံညွှန်းများဖြင့် ထိန်းညှိနိုင်မည့် ခွန်အားတွေရှိနေသည်ကို မည်သူမှ ငြင်းနိုင်မည် မဟုတ်ပါ။ အများအတွက် တစ်ဦးစီပါဝင်ပြီး တစ်ဦးစီ အတွက် အများက ကူညီပံ့ပိုးသည်မှာ သမဝါယမ ဖြစ်ပါသည်။**

တွင် မှတ်ပုံတင်ထားကြပါသည်။

မြန်မာနိုင်ငံ၏ " သမဝါယမ" သည် အစိုးရသမဝါယမဌာနနှင့် NGO သမဝါယမအသင်းတို့ နှစ်လွှာပေါင်းထားသည့် စွယ်တော်ရွက်ပမာတည်ရှိနေသည်။ သမဝါယမသဘောတရား၊ မူဝါဒနှင့်ကောင်းမွန်မှန်ကန်သည့် နည်းစနစ်များကို အသင်းသားပြည်သူများသိရှိအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်က အစိုးရသမဝါယမဌာနဖြစ်သည်ကို တွေ့ရှိရသည်။ သမဝါယမအသင်းများသည် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပြီး ရရှိလာသည့်အကျိုးအမြတ်များကို အသင်းတွင် ပါဝင်သောအသင်းသားများက သာတူညီမျှခံစားပိုင်ခွင့်ရှိကြသည်။ အသင်းများအား စာရင်းစစ်ခြင်းနှင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်ညီညွတ်မှုရှိ မရှိ ထိန်းကျောင်းတည့်မတ်သည့်လုပ်ငန်းကိုလည်း သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်ရပါသည်။ ယခုအခါ ဌာနနှင့်အသင်းတို့က ဟန်ချက်ညီညီ သွေးတာကိုယ့်တာဆောင်ရွက်နေ၍ အောင်မြင်မှုသင်္ကေတအဖြစ် ပြည်သူများ၏ပါးစပ်ဖျားမှ **သမဝါယမ....သမဝါယမ...အားလုံးအတွက် ကူညီဆောင်ရွက်ပေးတာသမဝါယမ**ဟု တခုတ်တရသုံးစွဲနေကြသည်ဟု ထင်မိပါသည်။

ဖွဲ့စည်းပြီး သမဝါယမအသင်းများအနက် ၃၁-၅-၂၀၁၄ ရက်နေ့အထိ သမဝါယမအသင်းပေါင်း ၁၆၆၆၈ သင်းတို့မှ အသင်းသား ၁၄၆၁၅၁၂ ဦးသို့ ချေးငွေ ကျပ် ၁၄၉ ဒသမ ၈၀ ဘီလီယံထုတ်ချေးပေးထားကြောင်း သိရသည်။ ရင်းနှီးမတည်ငွေများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေပထမအကြိမ် ကျပ် ၅၀ ဘီလီယံနှင့်အသင်းသား၊ အသင်းအဆင့်ဆင့်ပိုင်ဆိုင်ငွေကျပ်ဘီလီယံ ၁၀၀ ခန့်ဖြင့် ထုတ်ချေးပေးထားခြင်းဖြစ်သည်ဟု သိရပါသည်။ ဒုတိယအကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေ ၄၉ ဘီလီယံခန့်ကိုပါ ထပ်မံထုတ်ချေးမည်ဆိုပါက အခြေခံပြည်သူအသင်းသားများအား ကျပ် ၂၀၀ ဘီလီယံခန့်ကို တစ်လ ၁၀၀ ကျပ် အတိုးနှုန်း ၁ ဒသမ ၅ ဝါးဖြင့် ထုတ်ချေးပေးနိုင်တော့မည်ဖြစ်၍ သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို ဆောင်ရွက်နေခြင်းသည်လည်း "သမဝါယမ" ဂုဏ်ကို ထွန်းပြောင်လာစေနိုင်မည်ဖြစ်ပါသည်။

သမဝါယမဌာနဝန်ထမ်း (အငြိမ်းစားများအပါအဝင်)၊ BOD နှင့် အသင်းသား ပြည်သူများသည် သမဝါယမလောကသားများဖြစ်ကြပါသည်။ သမဝါယမအသင်း လုပ်ငန်းများအောင်မြင်လျှင် ပြည်သူများ၏လေးစားမှုကိုခံစားရမည်ဖြစ်သကဲ့သို့ သမဝါယမလောကသားများ၏ သမဝါယမမူဝါဒ၊ သဘောတရားများအပေါ် ယုံကြည်သက်ဝင်နေသရွေ့ ကာလပတ်လုံးမြန်မာနိုင်ငံတွင် "သမဝါယမမော်ဒယ်လ်"သည် အစဉ်ရှင်သန်ဖွံ့ဖြိုးနေမည်ဖြစ်သည်။ သမဝါယမအသင်းများသည် အစိုးရအပေါ် လုံးဝမှီခိုအားထားနေရမည်မဟုတ်ပါ။ အစိုးရကလည်း မတည်ရင်းနှီးငွေရရှိရေးတာဝန်ခံကာနိုင်ငံတကာမှ ချေးငွေ အကူအညီတွေရရှိအောင် ဆောင်ရွက်ပေးနေတာပဲဆိုပြီး အသင်းလုပ်ငန်းများကို လက်ဝါးကြီးအုပ်ခြယ်လှယ်လိုသည့်သဘောမျိုး စိုးစဉ်းမျှ မလုပ်ရပါ။ လက်ရှိရပ်တည်မှု၊ အောင်မြင်မှုအရှိန်ကို ပြည်သူများက စောင့်ကြည့်နေမည်သာဖြစ်သည်။ ပြည်သူ့အကျိုး၊ အသင်းသားပြည်သူများ၏ဆုံးဖြတ်ချက်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေခြင်းက သမဝါယမ၏ပုံရိပ်ကို ရောင်ပြန်ဟပ်စေမှာ အမှန်ပါ။ အသေးစားအရင်းအနှီးချေးငွေကို အမှန်တကယ်အကျိုးခံစားနေရသည့် အသင်းသားများသည် သမဝါယမဖန်တီးရှင်များလည်း ဖြစ်နေပါသည်။ ပြင်ပတွင် ချေးငှားပေးနေရသောအတိုးနှုန်းသည် သမဝါယမချေးငွေနှင့် မည်မျှကွာဟသည်ကို အသင်းသားများကိုယ်တိုင်သိရှိနေပြီဖြစ်ပါသည်။ သို့သော် သမဝါယမသည် လုံလုံလောက်လောက်မချေးပေးနိုင်သေးသည်ကိုလည်း တွေ့နေရသည်။ သမဝါယမက ဆောင်ရွက်ပေးနေသည့်စနစ်သည် အသင်းသားပြည်သူများအနေဖြင့် နောင် (၄-၅) နှစ်တွင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်အောင် ပံ့ဖော်ပေးနေခြင်းလည်းဖြစ်ကြောင်း သိရပါသည်။ တစ်ပါးသူ၊ အချို့အဖွဲ့အစည်းများ၏ ပယောဂကြောင့် အသင်းသားများသည် အရိပ်နေနေ အခက်ချိုးချိုးတော့မပြုလုပ်ကြဖို့ အထူးလိုအပ်လှပါသည်။

ကမ္ဘာ့နိုင်ငံများတွင် သမဝါယမလုပ်ငန်းများ အောင်မြင်နေသည်ကို အားလုံးက လက်ခံထားကြသည်။ အောင်လည်းအောင်မြင်နေပါသည်။ အသင်းသားများ၏ လူမှုစီးပွားဘဝကိုလည်း များစွာအထောက်အကူပြုနေကြပါသည်။ နိုင်ငံ၏ စီးပွားရေးကဏ္ဍများတွင်လည်း အရေးပါသောအခန်းကဏ္ဍတွင် ရပ်တည်နေကြသည်။ အဖွဲ့ဝင် ၉၄ နိုင်ငံ၊ အသင်း/အဖွဲ့ ၂၇၂ ဖွဲ့ ပါဝင်ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Cooperative Aliance -ICA) သည် အသင်းသားသန်း ၁၀၀၀ ကျော်ကို လူမှုစီးပွားဘဝဖြည့်ဆည်းပေးနေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂကြီးကလည်း စီးပွားရေးနှင့်လူမှုရေးအကျိုးပြုကဏ္ဍများတွင် ဦးဆောင်ဦးရွက်ပြုနေသည့် ICA ကို လေးနက်စွာ ထောက်ခံထားသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံဗဟိုသမဝါယမအသင်းသည် ICA အဖွဲ့ဝင်အသင်းဖြစ်ပါသည်။ ဗဟိုသမဝါယမအသင်းကြီးသည် နိုင်ငံအတွင်းရှိ သမဝါယမအသင်းများ အားလုံး၏ ထိပ်ဆုံးအဆင့်အသင်းကြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ICA ၏ လှုပ်ရှားဆောင်ရွက်မှုများကိုလည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာ့သမဝါယမမိသားစုများက ပါဝင်လှုပ်ရှားလျက်ရှိကြောင်း သိရပါသည်။ ကုလသမဂ္ဂအထွေထွေ ညီလာခံကြီး၏ ဆုံးဖြတ်ချက်ဖြင့် နှစ်စဉ်ဇူလိုင်လပထမစနေနေ့ကို ICA Day အဖြစ် ကမ္ဘာ့သမဝါယမမိသားစုများက ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပါသည်။

"သမဝါယမ"ကို ပြည်သူများ နှစ်ခြိုက်ယုံကြည်နေသည့်အခါ သမယတွင် နေပြည်တော်ရှိသမဝါယမဝန်ကြီးဌာန၌ ယခုနှစ် ICA Day ကို ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ သမဝါယမထွက်ကုန်ပစ္စည်းများကို ဈေးရောင်းပွဲတော်ခင်းကျင်းပြီး ခြိမ့်ခြိမ့်သဲသဲကျင်းပမည်ဖြစ်ကြောင်း သိရှိရ၍ ပြည်သူများအားကိုးအားထားရာ သမဝါယမသည် အသွင်သစ်ဖြင့် ဒီမိုကရေစီခေတ်တွင် ကဲ့ရဲ့ဝေဖန်မှုများကြားမှ ရုန်းထွက်စပြုလာသည်ကို သတိပြုမိပါသည်။ သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုစံပြပုံစံများနှင့် အနှစ်သာရများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမှာ အခိုင်အမာပါဝင်နေသည်ဟု ကုလသမဂ္ဂက အသိအမှတ်ပြုထားသည်။ သမဝါယမကျင့်ဝတ်နှင့် အနှစ်သာရများကို ရှေ့တန်းတင်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေးကို နှစ်လွှာပေါင်းထားသည့် စွယ်တော်ရွက်က စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ပေးနေခြင်းကြောင့် ပြည်သူများက အသိအမှတ်ပြုလာသည်ဟု သုံးသပ်မိပါသည်။

သမဝါယမအခြေခံမှုတွင် အသင်းသားများ၏ လူမှုစီးပွားဘဝအစဉ်ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရမည်ဟု ပါရှိပါသည်။ ဆင်းရဲချမ်းသာကွာဟမှု ချိန်ခွင်လျှာကို သမဝါယမစံချိန်စံညွှန်းများဖြင့် ထိန်းညှိနိုင်မည့်ခွန်အားများရှိနေသည်ကို မည်သူမှ ငြင်းနိုင်မည်မဟုတ်ပါ။ အများအတွက် တစ်ဦးစီပါဝင်ပြီး တစ်ဦးစီအတွက် အများက ကူညီပံ့ပိုးသည်မှာ သမဝါယမဖြစ်ပါသည်။ သမဝါယမ လောကသားများကို ယခုထက်ပိုမို၍ အသင်းသားပြည်သူများအကျိုး၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးရွက်ဆောင်ကြဖို့ကိုလည်း လေးနက်စွာတိုက်တွန်းအပ်ပါသည်။

၃-၁-၁၉၀၅ ရက်နေ့ မြင်းမူငွေစုငွေချေးသမဝါယမအသင်း ဖွဲ့စည်းထူထောင်ခဲ့သည်မှ စ၍ မြန်မာ့မြေပေါ်တွင် အခြေကျခဲ့သည့်သမဝါယမသည် နှစ်ပေါင်း ၁၀၉ နှစ်ကျော် ရပ်တည်နိုင်ခဲ့တာကို တွေ့ရမည်ဖြစ်ပါသည်။ **"၂၁ ရာစုအတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်းဆုံးတည်ဆောက်သွားနိုင်မည့်အဖွဲ့အစည်းသည် သမဝါယမများသာဖြစ်ကြောင်း၊ ICA မှ ကမ္ဘာ့အဝန်း သမဝါယမများအား တိုက်တွန်းနှိုးဆော်ထားပါသည်။"** ICA ၏ တိုက်တွန်း ချက်နှင့်အညီ မြန်မာ့သမဝါယမသည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်းဆုံးတည်ဆောက်နေသည်ဟု ယုံကြည်မိပါသည်။

"အားလုံးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမလုပ်ငန်းများက ဆောင်ရွက်ပေး" "Cooperative Enterprises achieve Sustainable Development for all" ဟူသော ၂၀၁၄ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ကျရောက်မည့် ICA Day ၏ ဆောင်ပုဒ်နှင့်အညီ မြန်မာ့သမဝါယမလုပ်ငန်းများက နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ အသင်းသားများ အကျိုးအားလုံးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေကြဦးမည်ဟု လေးလေးနက်နက်ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။

မြတ်ပညာငွေစုငွေချေး သမဝါယမဖွဲ့စည်း

မုဒုံ ဇူလိုင် ၃

မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နှစ်ပတ်လည်အစည်းအဝေးနှင့်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက စာစင်လမ်းမကြီး အခြေခံပညာမူလတန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့ကြသော မြတ်ပညာ ငွေစုငွေချေးသမဝါယမ အသင်းသူ အသင်းသားများ၏ သားသမီး ၁၂ ဦးအား ဆုချီးမြှင့်ပြီး ငွေအများဆုံးထည့်ဝင်စုဆောင်းသော အသင်းသူ အသင်းသား ၂၀ အား ကံစမ်းမဲဖောက်ပေးခဲ့သည်။

(၁၀၈)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က မော်လမြိုင်ကျွန်းမြို့ သောင်တိုးမြေ စိန်ပန်းပတ်လမ်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အား စိုက်ပျိုးမည့်သစ်ပင်ပျိုးပင်များ ပေးအပ်စဉ်။
မော်ကျွန်းမြင့်အောင်

ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကျင်းပ

ကျိုင်းတုံ ဇူလိုင် ၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျိုင်းတုံခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ ကို ဇူလိုင် ၁ ရက် ညနေ ၆ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ် တင့်လွင်၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေနှင့် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ဆက်လက်ပြီး အခမ်းအနားတွင် ဆုရရှိသည့်သူများအား ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဝင်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုး

ဖာပွန် ဇူလိုင် ၃

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက စက်မှုလက်မှုအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက သစ်ပင်ပျိုးပင်များဖြန့်ဝေပေးရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ဆွေဆွေနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက လက်ခံယူကြသည်။ ဆက်လက်၍ စုစုပေါင်းအင်အား ၂၅၀ တို့က ကျွန်း၊ ကံ့ကော်၊ ရေတမာ၊ မဟော်ဂနီပင် စုစုပေါင်းအပင် ၁၂၀၀ စိုက်ပျိုးကြကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

အပူပိုင်းဒေသ စိမ်းစိုဖို့
သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

သီးနှံစိုက်ပျိုးမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံပေးလျှင် စိုက်ပျိုးစရိတ်ထုတ်ချေးပေးနိုင်

နေပြည်တော် ဇူလိုင် ၃

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် မေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားခဲ့သည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း၏ **“ဘိုကလေးမြို့နယ်ရှိ တောင်သူလယ်သမားများအတွက် တောင်သူပညာပေး သင်တန်းများ၊ ပညာပေးဥယျာဉ်စိုက်ခင်းများ၊ ရေငန်တားတာတမံများ ဆောင်ရွက်ပေးရန်နှင့် သစ်တောကျူးဧရိယာများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဘိုကလေးမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးရာသီတွင် ဝန်ထမ်းနှင့်တောင်သူပညာပေး သင်တန်းပေါင်း ၁၀၈ ကြိမ်နှင့် တောင်သူပညာပေးဆွေးနွေးပွဲပေါင်း ၁၈၀ ကို ကျေးရွာအုပ်စု ၇၀ ၌ ဆောင်ရွက်ခဲ့ပြီး နွေစပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း နည်းပညာပေးသင်တန်း ၁၆၀ နှင့် တောင်သူပညာပေးဆွေးနွေးပွဲ ၁၆၂ ကြိမ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ စပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအား တောင်သူများလိုက်နာကျင့်သုံးနိုင်ရန် မိုးစပါးရာသီတွင် ဆင်းသွယ်လတ်နှင့်ပေါ်ဆန်းရင် စပါးမျိုးများဖြင့် ကျေးရွာအုပ်စု ကိုးခုတွင် စိုက်ပျိုးပြီး ရိတ်သိမ်းချိန်၌ကွင်းပြပွဲများ ဆောင်ရွက်ပြသခဲ့ပါကြောင်း၊ နွေစပါးရာသီတွင်လည်း ကျေးရွာအုပ်စုလေးခုတွင် ကွင်းဆင်းဆောင်ရွက်ပြသခဲ့ပါကြောင်း၊ ပညာပေးစံပြစိုက်ခင်းအဖြစ် မိုးစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက စံပြကွက်များနှင့် ပေါ်ဆန်းရင်စပါးမျိုးဖြင့် ဧက ၅၀ မှ ဧက ၁၀၀ စံပြစိုက်ခင်းများဆောင်

ဒုတိယ ဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။
(သတင်းစဉ်)

ရွက်ပြသခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ နွေစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက စံပြကွက်များနှင့် ဘယ်လ်ဂျီယံ စပ်မျိုးစပါးများဖြင့် ဧက ၅၀ မှ ၁၀၀ စံပြကွက်များ စိုက်ပျိုးပြသခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဝန်ထမ်းနှင့်တောင်သူပညာပေးသင်တန်းပေါင်း အကြိမ် ၁၅၀ နှင့် ပညာပေးဆွေးနွေးပွဲ ၂၃၈ ကြိမ်ပြုလုပ်ရန် စီမံဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ ၁၉၇၆ ခုနှစ်တွင် အောက်မြန်မာပြည်စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း အပိုင်း(၁)မှ ဒေါင့်ကြီးကျွန်းပတ်တာကို တည်ဆောက်ခဲ့ပြီး ၂၄၄၃၇ ဧကကို ဖော်ထုတ်၍ ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ခဲ့ပါကြောင်း၊ ၁၉၈၀-၁၉၈၁ ခုနှစ်တွင် စီမံကိန်းအပိုင်း(၂)ဖြင့် ဒေါင့်ကြီးအရှေ့ကျွန်းပတ်တာ၊ ဒေါင့်ကြီးအနောက် ကျွန်းပတ်တာ၊ ဒေါင့်ကြီးအထက် ကျွန်းပတ်တာများ၊ ရေတံခါးများ၊ ရေနုတ်မြောင်းများ တည်ဆောက်၍ ဧရိယာ ၄၂၆၀၃ ဧကကို ထပ်မံဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အဆိုပါ တည်ဆောက်ပြီးစီးသည့် ရေငန်တားတမံကျွန်းပတ်တာများ၊ ရေတံခါးများ၊ ရေနုတ်မြောင်းများကို နှစ်စဉ်ထိန်းသိမ်းပြုပြင်လျက်ရှိပါကြောင်း။

တာတမံအသစ်များ တည်ဆောက်ရန်အတွက် ဖြစ်နိုင်ခြေရှိ/မရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခြင်း၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တွက်ခြေကိုက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း၊ သဘာဝနှင့်လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ရေချိုရေငန်စပ်နှင့် ရေငန်ဒေသများတွင် တာတမံအသစ်များတည်ဆောက်ရေးအတွက် လတ်တလောအခြေအနေတွင် အစီအစဉ်မရှိသေးပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးရေးစရိတ်ချေးငွေထုတ်ချေးရာတွင် သက်ဆိုင်ရာဌာနက လယ်ယာမြေအဖြစ် တရားဝင် သတ်မှတ်ထားသည့် မြေအမျိုးအစားကိုသာ ချေးငွေထုတ်ချေးရမည့် စည်းကမ်းချက်များရှိပါကြောင်း၊ အကယ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မရှိသေးပါက ချေးငွေတင်ပြသည့် တောင်သူသည် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြောင်းနှင့် တစ်နှစ်တစ်ရာသီအတွက် သီးနှံရိတ်သိမ်းချိန်ကာလအထိ ၎င်း၏သီးနှံစိုက်ပျိုးမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က ထောက်ခံပေးနိုင်မည်ဆိုပါက စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးနိုင်မည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **“ တောင်သူလယ်သမားများ**

ဘိုကလေး မဲဆန္ဒနယ်မှ ဦးမြသိန်း မေးမြန်းစဉ်။
(သတင်းစဉ်)

ခေတ်မီစိုက်ပျိုးရေးနည်းပညာ တိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ ကျေးရွာအသီးသီးသို့ သွားရောက်ပြီး အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ” မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံး ၁၅ ရုံးဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ခရိုင်ရုံး ၇၄ရုံးနှင့် မြို့နယ်ရုံး ၄၁၄ ရုံး ဖွင့်လှစ်ထားပြီး စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းပေါင်း ၆၇၈၃ ဦး ခန့်ထားကာ တောင်သူလယ်သမားများအား မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ခေတ်မီစိုက်ပျိုးရေး၊ နည်းပညာများရရှိရေးအတွက် သီးနှံစိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ ကာလအလိုက် သိရှိလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို လက်တွေ့ပြသကွင်းဆင်းဟောပြော ဆောင်ရွက်လျက်ရှိပါကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးများတွင် မျိုးစေ့၊ သီးနှံကာကွယ်ရေး၊ မြေအသုံးချရေးတာဝန်ခံများကို ပူးတွဲဖွဲ့စည်းထားရှိပြီး တောင်သူပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများက သီးနှံရာသီအလိုက်၊ အပင်ဖြစ်ထွန်းမှုအဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို လက်တွေ့ကွင်းဆင်းစိုက်ပျိုးပြသခြင်းနှင့် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပညာရှင်များနှင့် ဖွဲ့စည်းထားသည့် ကွင်းဆင်းပညာပေးအဖွဲ့ (Mobile Team)များဖွဲ့စည်းထားပြီး တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လှည့်လည်ဟောပြော ဆောင်ရွက်လျက်ရှိပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် FAO, JICA, KOICA, ACIAR, IFAD,World Bank တို့နှင့်လည်းကောင်း၊ INGO အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပူးပေါင်း၍ တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် ခေတ်မီစိုက်ပျိုးနည်းပညာများ ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သီးနှံအလိုက်၊ ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ တိုးတက်ရရှိရေးအတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နည်းပညာအကူအညီရယူလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **“ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း”၊ “ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”၊ “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”၊ “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”နှင့် “ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီများနှင့် ကော်မရှင်သို့လွှဲအပ်ပြီး လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးကို မှန်မှန်ကန်ကန် မျှမျှတတရရှိရေးအတွက် အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ပြီး လွှတ်တော်သို့တင်ပြရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဟားခါးမြို့၌ FM(300 W) ရေဒီယိုလွှင့်စက်တိုးချဲ့တပ်ဆင်ပေးမည်ဖြစ်၍ ပြည်သူများဖမ်းယူနားဆင်နိုင်မည်

နေပြည်တော် ဇူလိုင် ၃

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၏ **“မြောက်ဦးမြို့ မြို့ပတ်လမ်း၏ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဘက်အဆုံး အားကစားကွင်းအနီး လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာ ရှိနေသောလမ်းကို မြို့၏အူကြောင်းလမ်းမကြီးတစ်ခုအဖြစ် သတ်မှတ်ကာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ကြက်ဈေးလမ်းဆုံမှ ကုန်သည်တန်းတံတား မြောက်ဘက်ထိပ်အထိ ပေ ၆၅၀၀ ရှည်ပြီး လမ်းသတ်မှတ်အူကြောင်းရှိပြီးဖြစ်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်း (၆၀၀၀ ပေ ×၂၄ ပေ × ၈ လက်မ) ခွင့်ပြုငွေကျပ်သန်း ၄၀၀ ဖြင့် ဆောင်ရွက်ရန် လျာထားပါကြောင်း။

မြောက်ဦးမြို့ရှိ မြို့ပတ်လမ်း ကြက်ဈေးလမ်းဆုံမှ ကုန်သည်တန်းတံတားတောင်ဘက်ထိပ်မှ အားကစားကွင်းရှေ့အထိ လမ်းအရှည် ပေ ၁၅၀၀ နှင့်အကျယ် ၁၀ ပေခန့်သာရှိပြီး လက်ရှိတွင် သတ်မှတ်အတိုင်း အတာပြည့်မီသည့် လမ်းကြောင်းမရှိသေးပါကြောင်း၊ လမ်းမကြီးဖြစ်အောင် ဆောင်ရွက်မည်ဆိုပါက လမ်းတစ်ဖက်တစ်ချက်ရှိ လူနေအိမ်ခြေ ၃၀ ခြံပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်းပြီး သဘောတူဆုံးဖြတ်ချက်ရရှိပြီးမှ သတ်မှတ်လမ်းအဖြစ် ချဲ့ထွင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနှင့် စည်ပင်သာယာရန်ပုံငွေတို့တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **“ဟားခါး-မတူပီလမ်းမပေါ် ကျေးရွာ၂၀ ရွာရှိ ပြည်သူများ MRTV ရုပ်သံအစီအစဉ် ကြည့်ရှုနားထောင်ခွင့် ရရှိရေးအတွက် လိုအပ်သည့် စက်ကိရိယာများနှင့် အဆောက်အအုံများအား နိုင်ငံတော်မှဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဟားခါးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်

ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြေကြားစဉ်။
(သတင်းစဉ်)

များကို လွှင့်အား(100 W)၊ လိုင်းနံပါတ် (Channel-8)ဖြင့် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထုတ်လွှင့်မှုကို ဟားခါးမြို့ပေါ် ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာပေါင်း ၃၀ ရှိ လူဦးရေ ၃၀၆၀၁ ဦးမှ ဖမ်းယူရရှိကြပါကြောင်း။

ရုပ်မြင်သံကြားအစီအစဉ်များ ဖမ်းယူနိုင်ခြင်းမရှိသည့် ကျေးရွာများတွင် မြေပြင်ကွင်းဆင်းတိုင်းတာလေ့လာမှုများအရ တောတောင်အတားအဆီးများရှိခြင်း၊ အနိမ့်ပိုင်းချိုင့်ဝှမ်းများတွင် တည်ရှိခြင်းနှင့် စက်ရုံတည်ရှိရာဒေသနှင့် အလှမ်းကွာဝေးခြင်းတို့ကြောင့် လွှင့်အားကောင်းမွန်စွာ မရောက်ရှိနိုင်သဖြင့် ဖမ်းယူမရရှိခြင်း ဖြစ်ပါကြောင်း၊ အဆိုပါရွာများမှ ဖမ်းယူရရှိရေးဆောင်ရွက်မည်ဆိုပါက ငွေကြေး အကုန်အကျများပြီး ထိရောက်မှု နည်းပါးနိုင်ပါကြောင်း။

ချင်းပြည်နယ်အတွင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁ ရုံဖြင့် ထုတ်လွှင့်ပေးလျက် ရှိပါကြောင်း၊ ယင်းစက်ရုံများမှ ချင်းပြည်နယ်ရှိ တီးတိန်၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ထန်တလန်၊ ပလက်ဝ စသည့်မြို့နယ်များရှိ လူဦးရေ ၄၈၄၀၆၃ ကျော်မှ ဖမ်းယူရရှိပါကြောင်း၊ 300 W လွှင့်အားရှိ DVB-T2 Digital ရုပ်သံလွှင့်စက်အား ဟားခါးမြို့၌ တပ်ဆင်ပြီးသော်လည်း တောတောင် အတားအဆီးများ၊ အရိပ်ကျဧရိယာအတွင်းတည်ရှိသည့် တင်ပြသော ကျေးရွာများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်ရှု၍ မရရှိနိုင်သေးပါကြောင်း။

ယင်းကျေးရွာများအားလုံး ရေဒီယိုထုတ်လွှင့်မှုကို အသံပိုမိုကြည်လင်စွာ ဖမ်းယူနိုင်ရန်အတွက် (50 W) လိုင်းတိုလွှင့်စက် အသစ်တစ်လုံးကို ယခု

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူတပ်ဆင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ဟားခါးမြို့၌ FM (300 W) ရေဒီယိုလွှင့်စက် တိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်ပါ၍ အဆိုပါဒေသရှိပြည်သူများအနေဖြင့် ယခုထက်ပိုမိုကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် **“ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းလွင်က တပ်မတော်မှ ငြိမ်းချမ်းရေး မူဝါဒ(၆) ရပ်ချမှတ်ဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်၊ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေး သဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်၊ ဒေသခံပြည်သူများပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန်၊ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။

ထာဝရငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းဆွေးနွေးအဖြေရှာသွားရမည် ဖြစ်ပါကြောင်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသား ***စာမျက်နှာ ၉ ကော်လံ ၁ သို့***

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မီဒီယာသမားများအားလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်း၊ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးတို့နှင့်အတူ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ မီဒီယာသမားများအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သောင်းနှင့် ဦးဌေးဦးတို့က ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာများနှင့် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ယနေ့တွေ့ဆုံပွဲသို့ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၁၉ ခုမှ အယ်ဒီတာနှင့် သတင်းထောက်စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် PR စနစ်ကျင့်သုံးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ၏ ရပ်တည်ချက်နှင့် သဘောထားများ၊ လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းရေးရာနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ မီဒီယာသမားများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-ဩစတြေးလျ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဂျူလီဘစ်ရှော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောကြားသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းမျှော်မှန်းချက်များအတွင်း ပါဝင်သည့် ချန်လှပ်ထားခဲ့သော ဟက်တာ ၂၀၀၀ အတွင်း ဧရိယာများမှာ မြန်မာ့စီးပွားရေးဦးပိုင် ဖန်ချက်စက်ရုံနှင့် စက်မှုဝန်ကြီးဌာန ဓာတ်ဘူးစက်ရုံ၊ ရေကြောင်းတက္ကသိုလ် အဆောင်၊ ဖန်ချက်တောရကျောင်း၊ ရေကြောင်းတက္ကသိုလ်၊ စက်မှုဝန်ကြီးဌာနဓာတ်အားပေးရုံ၊ စက်မှုဝန်ကြီးဌာန စက်ရုံဆောက်လုပ်မည့် မြေနေရာ၊ မြန်မာ့စီးပွားရေးဦးပိုင်၏ သွပ်ပြားစက်ရုံ၊ ဖိနပ်စက်ရုံ၊ စက်မှုဝန်ကြီးဌာန အထည်ချုပ်စက်ရုံ၊ ထုပ်ပိုးစက်ရုံ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်း၊ သီလဝါဆည်၊ သီလဝါကုန်းတန်းတောရကျောင်း၊ ဖလန်းကန်ဦးကျောင်း၊ ဖလန်းရွာဦးဘုရားလေးကျောင်း၊ အေးမြသီတာရပ်ကွက်၊ ဟိန္ဒူဘုရားကျောင်း၊ ရွှေပြည်သာယာရပ်ကွက်တို့ ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒေသခံတွေအတွက် အဓိကထည့်သွင်းစဉ်းစားထားပါတယ်။ သို့သော် အကျိုးအပြစ်၊ ရလဒ်မျိုးစုံကို တွက်ချက်ကြည့်ပြီးမှ အကောင်းဆုံးအခြေအနေတစ်ရပ်ကို သုံးသပ်ပြရတာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အနည်းဆုံးဖြစ်အောင် တွက်ချက်ပြီးတဲ့နောက် အရေးကြီးဆုံးအချက်က ယဉ်ကျေးမှုနဲ့ သမိုင်းနောက်ခံအချက်အလက်တွေ၊ ကိုးကွယ်ယုံကြည်မှုတွေ ဖြစ်ပါတယ်။ အားလုံးကို ချိန်ထိုးပြီး သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိမှု၊ တည်ရှိပြီးသားလမ်းများ၊ မြစ်များကို ဆက်လက်ထိန်းသိမ်းမှုတွေ၊ စီးပွားရေးအရှိန်အဟုန်တွေ၊ ဈေးကွက်နဲ့ လိုအပ်နေတဲ့ မြေအကျယ်အဝန်းတွေကို ထည့်သွင်းစဉ်းစားပါတယ်" ဟု သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဒုတိယအဆင့် ဧရိယာ ဟက်တာ ၂၀၀၀ အတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သီးခြားတာဝန်ယူကာ ဂျပန်နိုင်ငံအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နေသည့် E Guard ၏ အုပ်ချုပ်မှုအရာရှိ ဦးအေးသီဟက ပြောကြားသည်။

ပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် နိုင်ငံတကာ စံချိန်စံညွှန်းပုံစံတစ်ခု ရရှိရန်အတွက် ကနဦးစီမံကိန်း ဖော်ထုတ်ပြီးစီးသည်နှင့် ကြိုတင်ကာ စီမံချက်များရေးဆွဲခြင်း၊ ဖြစ်နိုင်ခြေများကို လေ့လာခြင်းများပြုလုပ်ရပြီး အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုကို ပြန်လည်စစ်ဆေးရကြောင်း၊ ပတ်ဝန်းကျင်နေသူများ၏ ခွင့်ပြုချက်အပြင် တည်ဆောက်ရေးလုပ်ငန်းခွင့်ပြုချက်များလည်း လိုအပ်ကာ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်များကို အထက်ပါ အချက်အလက်များပေါ်တွင် အသေးစိတ်ရေးဆွဲရမည် ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သမဝါယမအသင်းများ၏ ထုတ်ကုန်များကို ကြည့်ရှုလေ့လာ ဝယ်ယူအားပေးနိုင်

နေပြည်တော် ဇူလိုင် ၃

၂၀၁၄ ခုနှစ် ဇူလိုင်လ ၅ ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနား"ကို သမဝါယမဝန်ကြီးဌာန ရုံးအမှတ်(၁၆) နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး တိုင်းဒေသကြီး ပြည်နယ်သမဝါယမ အသင်းစုချုပ်များက သမဝါယမ အသင်းများ၏ ထုတ်ကုန်ပစ္စည်းများကို ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ပါသည်။ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ *ကျောဖုံးမှ*

လေ့လာချက်အရ သိရသည်။

မိုးရေးမြို့မှ သုံးမိုင်ခန့်ကွာဝေးသော အဆိုပါနယ်မြေဒေသများတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသော ဈေး၊ ဘဏ်၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုစင်တာ၊ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေစခန်း၊ ဆေးပေးခန်းစသည့် စီမံကိန်းများအပြင် အာဆီယံနိုင်ငံများနှင့် အလွယ်တကူ ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အဆင့်မြင့်အဆောက်အအုံများ ထားရှိမည်ဟု သိရသည်။

ယင်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မဏိပူရပြည်နယ်အစိုးရအနေဖြင့် ပြီးခဲ့သည့် ဇွန်လဆန်းပိုင်းက သဘောတူထားပြီးဖြစ်ကြောင်း၊ မဏိပူရပြည်နယ် ပြောခွင့်ရပုဂ္ဂိုလ် ပညာရေးဝန်ကြီး အိုကင်းဒေါ်က ပြောသည်။ ယခုစီမံကိန်းကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဆက်သွယ်နိုင်မည့် ဝင်ပေါက်ထွက်ပေါက် လမ်းကြောင်းသစ်တစ်ခု ထပ်မံရရှိလာမည်ဖြစ်ပြီး၊ စီမံကိန်းအတွက် ကုန်ကျမည့် ငွေကြေးပမာဏ ရူပီး ၁၆၄၇ ကုဋေကိုလည်း ဗဟိုအစိုးရထံ တင်ပြထားပြီးကြောင်းဟု ဝန်ကြီးက ပြောသည်။

အသစ်ဖော်ဆောင်မည့် စီမံကိန်းတည်နေရာသည် နှစ်နိုင်ငံနယ်စပ်မျဉ်း စနစ်တကျ တိုင်းတာသတ်မှတ်ခြင်းမရှိသောကြောင့် အငြင်းပွားမှုဖြစ်ပေါ်နေသည့် ဒေသတစ်ခုဖြစ်ပြီး နယ်စပ်မျဉ်း စနစ်တကျတိုင်းတာသတ်မှတ်ပြီးမှသာလျှင် ယင်းစီမံကိန်းကို သဘောတူထောက်ခံနိုင်မည်ဟု စီမံကိန်းတည်နေရာတွင် တည်ရှိသော ဟောင်လင်းဖိုင်ကျေးရွာလူကြီးက ပြောသည်။

ယခုစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော Integrated Check Post(ICP) စစ်ဆေးဂိတ်ကြီးကို တမူးမြို့ နန်းဖာလုံဈေးအနီးတွင် တည်ဆောက်ရန် အိန္ဒိယအစိုးရက ယခင်က စီစဉ်ခဲ့သော်လည်း နယ်စပ်အငြင်းပွားမှုကြောင့် ပြန်လည်ဖျက်သိမ်းခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မဏိပူရပြည်နယ် ဒုတိယဝန်ကြီးချုပ်၊ ကုန်သွယ်ရေးဝန်ကြီး ဖြစ်သူက ပြောဆိုရာတွင် ICP စစ်ဆေးဂိတ်ကို ယခုအသစ်ဖော်ဆောင်မည့် ဟောင်လင်းဖိုင်ကျေးရွာအနီး အပြည်ပြည်ဆိုင်ရာနယ်မြေအသစ်တွင် ပြောင်းရွှေ့တည်ဆောက်နိုင်ဖွယ်ရှိသည်ဟု ဇွန် ၁၁ ရက်က ပြောခဲ့သည်။ ယခု အပြည်ပြည်ဆိုင်ရာ နယ်မြေသစ်တစ်ခု တည်ထောင်ရန် စီစဉ်ရခြင်းသည် မြန်မာ-အိန္ဒိယအစိုးရတို့ ဆွေးနွေးခဲ့သည့် နယ်စပ်တစ်လျှောက်တွင် နယ်စပ်ဈေးကိုးခု ဖွင့်လှစ်ရန် အစီအစဉ်၏ ပထမခြေလှမ်းဖြစ်ကြောင်း၊ ယင်းအပြင် အာရုနာချာပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်တစ်လျှောက်ရှိ ပန်ဆောင်တောင်ကြားလမ်း နယ်စပ်ကုန်သွယ်ရေးစခန်းကိုလည်း မကြာမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၁၅ တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို ဒေါ်လာသုံးဘီလီယံအထိရောက်ရှိရန် အိန္ဒိယနှင့် မြန်မာတို့က ရည်မှန်းထားကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံ-အိန္ဒိယ ကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရောက်ရှိရန် အိန္ဒိယနိုင်ငံက ရည်မှန်းထားကြောင်း နှစ်နိုင်ငံဆွေးနွေးချက်အရ သိရသည်။

ဇူလိုင် ၃ ရက် ညနေ ၅ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးပေါ်တွင် သပြေကုန်းဈေးဘက်မှ ပျဉ်းမနားဘက်သို့ ယာဉ်မောင်း ဦး---- မောင်းနှင်လာသော HIACE MDY 8 K အဖြူရောင်ယာဉ်သည် စည်ပင်ဧည့်ရိပ်သာရှေ့အရောက်တွင် ညာဘက်ပလက်ဖောင်းပေါ်သို့ ကျော်တက်၍ ပက်လက်အနေအထားဖြင့် တိမ်းမှောက်သွားသည်ကို တွေ့ရစဉ်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဒေါ်နွဲ့နွဲ့ဦးအား ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ဦးမောင်မောင်တင့်	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ)	ဦးမောင်မောင်	ညွှန်ကြားရေးမှူးချုပ် ငွေရေးကြေးရေး ကြပ်မတ်ကွပ်ကဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(ဂ)	ဦးရဲမြင့်	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့်ငွေကြေးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(ဃ)	ဒေါက်တာဒေါ်စန္ဒာဦး	ညွှန်ကြားရေးမှူးချုပ် ငွေကြေးစီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမျိုးသားလွှတ်တော်မှ

ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ရည်မှန်းထားသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ဥပဒေတစ်ခုတည်းအောက်တွင် မိမိတို့အားလုံး တန်းတူညီမျှ နေထိုင်သွားကြခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အဟန့်အတားဖြစ်စေသည့် နိုင်ငံရေးအင်အားစုများ အချင်းချင်းအကြား ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကိုရှောင်ရှားပြီး ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြိုးပမ်းလုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအားလုံးသည် အမိမြန်မာနိုင်ငံတော်အတွင်းတွင် မိမိပြည်နယ်၊ တိုင်းဒေသကြီးအလိုက် လူမျိုးတိုင်း တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ် ပြည်ထောင်စုစနစ်ဖြင့် အနာဂတ်ကို ပုံဖော်သွားကြရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုနှင့် သယံဇာတခွဲဝေမှုများကို ပီပြင်အောင် ညှိနှိုင်းကြပြီး ဖက်ဒရယ်ပြည်ထောင်စု စနစ်နှင့်သွားနိုင်ကြမည်ဆိုပါက ပြည်တွင်းစစ်မီး ငြိမ်းအေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်ခဲ့ကြပါကြောင်း၊ သို့သော် အတိုင်းအတာတစ်ခုအထိသာ အောင်မြင်မှုရရှိခဲ့ကြပြီး ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ဆက်ဖြစ်နေမည်ဆိုပါက နိုင်ငံတော်က ပြန်လည်တည်ဆောက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကြီးကိုလည်း များစွာအနှောင့်အယှက်ဖြစ်စေမည် ဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ယုံကြည်မှုတည်ဆောက်ရာတွင်လည်း များစွာထိခိုက်စေမည် ဖြစ်ပါကြောင်း၊ နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိနိုင်ငံတော်နှင့် နိုင်ငံသားများကို အလေးထားချစ်မြတ်နိုးသူများဖြစ်သည်နှင့်အညီ ဖြစ်ပျက်နေသည့် လက်နက်ကိုင် ပဋိပက္ခများကို အမြန်ဆုံးရပ်တန့်ပေးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး၍ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း မတူသည်များကို ဘေးဖယ်ထားပြီး တူသည်များကို လက်တွဲပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ၂၀ ရက်တွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် ၂၀ ရက်စောင့်ဆိုင်းပြီးမှ အဆိုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြပါရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသတင်းတွင်ဖော်ပြပါရှိသည့် ကျောက်စိမ်းအတွဲအမှတ် ၆၀၀၁ မှ ၇၂၀၀ ထိ (အစား) ကျောက်စိမ်းအတွဲ ၆၀၀၁ မှ ၇၁၆၀ ထိဟုလည်းကောင်း၊ သတင်းပါ ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ အစား ၁၁၆၀ ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။

ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအခမ်းအနားကို ကျင်းပရာ ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမွန်နှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ နာယက ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသီဂီ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်များဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံသည် အာဆီယံ အမျိုးသမီးရေးရာ ကော်မတီနှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် မဲခေါင်ဒေသအတွင်း နိုင်ငံများအနက် လူကုန်ကူးမှုတားဆီးရေးဥပဒေကိုပထမဆုံး ရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံဖြစ်ပါကြောင်း။

မြန်မာအမျိုးသမီးများအနေဖြင့် အခြားနိုင်ငံ၊ အခြားဒေသများက အမျိုးသမီးများကဲ့သို့ မဟုတ်ဘဲ သင့်လျော်သည့်အခွင့်အရေးများကို ရရှိခံစားနေရပါကြောင်း၊ သို့သော်လည်း အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသားအမျိုးသမီးတန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ၂၀၁၀ ပြည့်နှစ်မှ စတင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ ကော်မတီအနေဖြင့် အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ်စီမံချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်စဉ်လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆက်လက်ရေးဆွဲရေး၊ အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသားအမျိုးသမီး တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှု အစီအစဉ်များကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိစေရန် ဆောင်ရွက်နိုင်ရေး၊ အစိုးရဝန်ကြီးဌာနများတွင် Gender Focal Point များဖွဲ့စည်းထားရှိရေး၊ တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသမီးရေးရာကော်မတီ အစည်းအဝေးများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပဆောင်ရွက်နိုင်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် အမျိုးသမီးအခွင့်အရေးများ၊ ဥပဒေများကို အသိပညာပေးရေးနှင့် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ၏ ဘဝလုံခြုံမှုရှိစေရေးနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပေကျင်းကြေညာစာတမ်းတွင် ပါဝင်သည့်လုပ်ငန်းစဉ်၊ ထောင်စုနှစ် ရည်မှန်းချက်များနှင့် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကွန်ဗင်းရှင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် ကျောင်းနေအရွယ် ကလေးများကို ကျောင်းနေနိုင်ရေး၊ ဘုန်းတော်ကြီးကျောင်းများနှင့် စေတနာညကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ တက္ကသိုလ်ပညာ ဆက်လက်မသင်ကြားနိုင်သော ချို့တဲ့ကျောင်းသူများကို ပညာသင်စရိတ် ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလိုအပ်သည့် သက်ကြီးရွယ်အိုများကို အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ခြင်း၊ အမျိုးသမီးများနှင့် မိဘမဲ့ကလေးများကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်ခြင်းနှင့်ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း။

မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတန်ဖိုးများ ထိန်းသိမ်းစောင့်ရှောက်ရေးသည် လိုအပ်လျက်ရှိပြီး မြို့ပြနှင့် ကျေးလက်ရှိ မြန်မာအမျိုးသမီးများ အတုယူမှားစေရန်နှင့် ထိန်းသိမ်းမှုရှိစေရန်အတွက် အမျိုးသမီးများ၏ စုပေါင်းအင်အားဖြင့် ကာကွယ် စောင့်ရှောက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင် နာယက ဒေါ်နန်းရွှေမွန်က ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေဆုများ ရရှိခဲ့သည့် ဒေါ်ခင်မြဇင်၊ ဒေါက်တာခင်လက်ျာနှင့် ဒေါ်ရွှေမြိုင်ပြုံးလွဲ့မော်တို့အား ဆုပေးအပ်ချီမြှင့်သည်။

ထို့နောက် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်အေးမြင့်က ၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုရ ဒေါက်တာ ခင်စန်းမော်၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံးရရှိသူ မယမင်းသူနှင့် ၂၀၁၃ ခုနှစ် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် တပ်ကြပ်နွယ်နီဦးတို့အား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၂၀၁၃ ခုနှစ် ထူးချွန်အမျိုးသမီးကြက်ခြေနီတပ်ဖွဲ့ဝင် ဒုတိယတပ်ရင်းမှူး ဒေါ်မြင့်မြင့်ဦး၊ (၁၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မအေးအေးစိုးနှင့်၂၀၁၃ ခုနှစ် ထူးချွန်အားကစားမယ် မမေသင်းသင်းအောင်တို့အား လည်းကောင်း၊ နာယက ဒေါ်နီနီဝင်းက ၂၀၁၃ ခုနှစ် မသန်စွမ်းအားကစားမယ် မနော်ဟဲဖောထူးထွေးအား လည်းကောင်း၊ နာယကဒေါ်ကျင်ခိုင်က ယဉ်ကျေးလှပမြန်မာအမျိုးသမီးများ ဘဝ ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် မဟယ်လင်နှင့် ဒုတိယဆုရရှိသည့် ချိုချိုမြင့် (စီးပွားရေးတက္ကသိုလ်-ရန်ကုန်)တို့အား လည်းကောင်း၊ နာယက ဒေါ်မြသီဂီက တတိယဆုရ ဆင်ဖြူကျွန်း ဇော်ဇော်ဝေနှင့် အထူးဆု ရရှိသူများအားလည်းကောင်း၊ နာယက ဒေါ်ခင်မိမိက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ပထမဆုရ မမေစိမ်းဝင်း၊ ဒုတိယဆုရ ဒေါ်နုနုသိန်းတို့အားလည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက တတိယဆုရ ဦးဇော်လွင်ဦး (ဟင်္သာတ)နှင့် အထူးဆုရရှိသူများအား လည်းကောင်း ဆုများပေးအပ်ခဲ့ကြသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက လှူဒါန်းရရှိထားသော လူနာတင်ယာဉ်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်ထံ ထပ်ဆင့်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ၂၀၁၄ ခုနှစ် ဧပြီလအထိ အဖွဲ့ဝင်အင်အား ၅ ဒသမ ၆ သန်းကျော်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမွန် ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေ(ဝတ္ထုတိုပေါင်းချုပ်)ဆုရ စာရေးဆရာမ ဒေါ်ခင်မြဇင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်အေးမြင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံးရရှိသူ မယမင်းသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဟောပြော

နေပြည်တော် ဇူလိုင် ၃

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မွန်းလွဲ ၂ နာရီက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူးဒေါ်ဝင်းရွှေနှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဆုရရှိသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်မူမူအောင်က အမျိုးသမီးများအား နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ ဒေါ်ခင်ငြိမ်းအေးက မြန်မာအမျိုးသမီးများ၏ ရိုးရာထိန်းသိမ်းခြင်းအကြောင်းကို လည်းကောင်း၊ ဒေါ်သက်သက်နွယ်က မြန်မာအမျိုးသမီးများ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းကိုလည်းကောင်းဟောပြောပြီး ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အဆိုပြုလွှာပေးအပ်ခဲ့သည်။

သတင်း-တင်မောင်လွင်
ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)

ပြည်တွင်းသတင်း

မီဒီယာများအနေဖြင့်သတင်းအမှန်များ ထုတ်ပြန်ပေး၊ တည်ငြိမ်အေးချမ်းရေးအတွက်ဦးတည်ဆောင်ရွက်

မန္တလေး ဇူလိုင် ၃

မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ယခုဖြစ်ပေါ်လျက်ရှိသောဖြစ်စဉ်များဆက်လက် ပြန့်ပွားလာမှု မဖြစ်စေရေးအတွက် လုံခြုံရေးအင်အားများ၊ ရပ်ကွက်၊ မြို့နယ် အထောက်အကူပြုအဖွဲ့များနှင့် ရပ်မိရပ်ဖများပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် ပထမဦးစားပေးအနေဖြင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းတွင် ဖြစ်စဉ်များ၌ပါဝင်ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးမည်ဖြစ်ကြောင်း၊ တတိယအဆင့်တွင် ကျူးလွန်သူများအား ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုအခါ ဆူပူမှုဖြစ်ပွားစေရန် လှုံ့ဆော်သည်ဟု သံသယရှိသူလေးဦးကို ဖမ်းဆီးရမိထားကြောင်း၊ ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်ပြီး ပြည်သူလူထုအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် သတင်းများထုတ်ပြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့်လည်း သတင်းအမှန်များကို ထုတ်ပြန်ပေးပါရန်နှင့် သတင်းအရင်းအမြစ် မခိုင်မာပါက မေးမြန်းအတည်ပြုနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ တစ်ဆင့်ခံသိရှိရသောသတင်းများ လွဲမှားမှုရှိနိုင်သဖြင့် မီဒီယာများမှ တည်ငြိမ်အေးချမ်းရေးကိုဦးတည်ပြီး ဆောင်ရွက်ပေးရန် မန္တလေးမြို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့ဘဝလုံခြုံရေးကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့က သက်ဆိုင်ရာဘာသာအလိုက် တာဝန်ရှိသူများက ၎င်းတို့အနေဖြင့် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီကလည်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က ပြည်တွင်း ပြည်ပသတင်းမီဒီယာသမားများကို ဖြစ်စဉ်နှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့၌ ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၃

မန္တလေးမြို့၌ ဇူလိုင် ၃ ရက် ည ၉ နာရီမှစတင်၍ ပုဒ်မ ၁၄၄ အမိန့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါအမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မန္တလေးမြို့

တားမြစ်အမိန့်အမှတ် (၁/၂၀၁၄)

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်

၁။ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်တွင် ဇူလိုင် ၁ ရက်နှင့် ဇူလိုင် ၂ ရက် ညများတွင် လူစုလူဝေးများသည် တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ ရုန်းရင်းဆန်ခတ်မှုဖြစ်ပေါ်ခဲ့သဖြင့် အများပြည်သူ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံမှုအတွက်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကို ရှေးရှု၍လည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်ဖြစ်သော အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များတွင် ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးလိုက်နာရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကိုကျင့်သုံး၍ အောက်ပါအတိုင်း တားမြစ်အမိန့်ကို ထုတ်ပြန်လိုက်သည်-

(က) မည်သူမဆို အမိန့်တစ်စုံတစ်ရာမရှိဘဲ ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း လမ်းများပေါ်သို့ ဆူပူလှုံ့ဆော်လိုသောရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူ ငါးဦးနှင့် လူငါးဦးထက်ပို၍ဖြစ်စေ စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရုန်းရင်းဆန်ခတ်မှုပြုခြင်း၊ တုတ်၊ ဓား၊ လက်နက်နှင့် မီးလောင်စေသောအရာများကိုင်ဆောင်ခြင်း မပြုလုပ်ရ၊

(ခ) လမ်းများပေါ်တွင် အတားအဆီးပြုလုပ်ပိတ်ဆို့ခြင်း၊ လူစုလူဝေးဖြင့် ပိတ်ဆို့ခြင်း မည်သူမျှမပြုလုပ်ရ၊

(ဂ) လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မည်သူမျှမပြုလုပ်ရ၊

၂။ ဤတားမြစ်အမိန့်ကို မလိုက်နာသူများအား လုံခြုံရေးတာဝန်ထမ်းဆောင်သူတို့က အင်အားသုံးဖမ်းဆီး၍ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းခံရမည်။

၃။ ဤအမိန့်သည် ၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ ည ၉ နာရီအချိန်မှစ၍ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အာဏာသက်ရောက်စေရမည်ဟုဆင့်ဆိုပြီး ရုံးတံဆိပ်ခတ်နှိပ်လျက် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

ဝင်းဇော်နိုင်

အုပ်ချုပ်ရေးမှူး

မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မန္တလေးမြို့တွင် ရုန်းရင်းဆန်ခတ်မှုများ ဆက်လက်ဖြစ်ပွားသဖြင့် တာဝန်ရှိသူများနှင့်လုံခြုံရေးအဖွဲ့က နယ်မြေထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃

ဇူလိုင် ၂ ရက် ညပိုင်းမှ ဇူလိုင် ၃ ရက် နံနက်ပိုင်းအထိ မန္တလေးမြို့တွင် ရုန်းရင်းဆန်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် တာဝန်ရှိသူများနှင့်လုံခြုံရေးအဖွဲ့က နယ်မြေထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းများအရ သိရှိရသည်။

ဇူလိုင် ၂ ရက် ည ၁၁ နာရီခန့်တွင် မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြားရှိ ကွမ်းယာဆိုင်တွင် ကွမ်းယာဝယ်ယူနေသူများအား လူအုပ်စုတစ်စုက ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသဖြင့် အမျိုးသားခုနစ်ဦးဒဏ်ရာရရှိခဲ့ပြီး မန္တလေးဆေးရုံကြီးပြင်ပလူနာဌာနသို့တင်ပို့ကုသပေးလျက်ရှိကာ လုံခြုံရေးတပ်ဖွဲ့က နယ်မြေထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်းနှင့် မဟာအောင်မြေမြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ည ၁၁ နာရီခွဲခန့်က ၂၆ လမ်း၊ ၈၉ လမ်းနှင့်လမ်း ၉၀ ကြားရှိ ချမ်းအေးသာစံမြို့နယ် နယ်မြေရဲစခန်းဝင်းအတွင်းသို့ လူအင်အား ၅၀ ခန့်က ခဲများဖြင့်ပစ်ပေါက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့က သွားရောက်ထိန်းသိမ်းခဲ့သဖြင့် လူအုပ်စုသည် ၅ မိနစ်ခန့်အကြာတွင် ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်မှ ခဲဖြင့်ပစ်ပေါက်သည်ဟု သံသယရှိသူလေးဦးကို အမှတ် (၆) နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ဆိုင်ကယ်စီး အမျိုးသားခြောက်ဦးက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြားရှိ ဘာသာရေးအဆောက်အအုံအတွင်း မီးချောင်းနှစ်ချောင်းကို လေသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၃ ရက် နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်တွင် ၈၃ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းအကြား၌ ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးအား လူအုပ်စုက ဓားဖြင့်ခုတ်သဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ လူအုပ်စုက ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးထံမှ လက်ကိုင်ဖုန်းသုံးလုံး၊ ဆိုင်ကယ်တစ်စီးနှင့်ပိုက်ဆံအိတ်တို့ကို ယူဆောင်သွားသဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍၃၄ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားတွင် ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာသူ ငါးဦးအား လူ ၅၀ ခန့်က ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား မန္တလေးဆေးရုံကြီး ပြင်ပလူနာဌာနသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် လူအင်အား ၅၀ ခန့်က ချမ်းအေးသာစံမြို့နယ် လမ်း ၉၀၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ သုံးခန်းတွဲဆိုင်ခန်းကို ဝင်ရောက်ဖျက်ဆီးပြီး မီးရှို့ခဲ့သဖြင့် တာဝန်ရှိသူတို့က မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

နံနက် ၄ နာရီ ၁၀ မိနစ်ခန့်တွင် ၂၉ လမ်းနှင့် ၈၃ လမ်းထောင့်တွင် လူတစ်ဦးအား လူအုပ်စုက ဝိုင်းဝန်းရိုက်နှက်ခဲ့မှုကြောင့် သေဆုံးသွားခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် ရဲစခန်းမှူးက တရားခံဖော်ထုတ်ဖမ်းဆီးရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

နံနက် ၄ နာရီ ၄၅ မိနစ်တွင်လည်း ၃၅ လမ်းနှင့် ၈၇ လမ်းထောင့်တွင် လက်ဖက်ရည်ဆိုင်ထိုင်နေသူတစ်ဦးအား လူငယ်သုံးဦးက ဓားနှင့်တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာရရှိပြီး မန္တလေးဆေးရုံကြီး အရေးပေါ်ဌာနတွင် ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ ရုန်းရင်းဆန်ခတ်မှုများ ထပ်မံ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးရုန်းရင်းဆန်ခတ်ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးဖော်ထုတ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃

ဇူလိုင် ၁ ရက်မှစတင်၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် လူစုလူဝေးဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လုံခြုံရေးပူးပေါင်းအဖွဲ့များဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သော်လည်း ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးမြို့ အချို့နေရာများတွင် ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်း ဇူလိုင် ၂ ရက် ည ၁၁ နာရီတွင် ၃၅ လမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြားတွင် လည်းကောင်း၊ ည ၁၁ နာရီခွဲတွင် ၂၆ လမ်း၊ ၈၉ လမ်းနှင့်လမ်း ၉၀ အကြားတွင် လည်းကောင်း၊ ည ၁၁ နာရီ ၄၅ မိနစ်တွင် ၂၆ လမ်းနှင့် ၂၇ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြားတွင်လည်းကောင်း သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ဇူလိုင် ၃ ရက် နံနက် ၀၀ နာရီ မိနစ် ၂၀ တွင် ၈၃ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားတွင် လည်းကောင်း၊ နံနက် ၀၀ နာရီ မိနစ် ၃၀ တွင် ၃၄ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားတွင်လည်းကောင်း၊ နံနက် ၁ နာရီ မိနစ် ၄၀ တွင် ဒေးဝန်းရပ်ကွက်ဆိုင်ခန်းများတွင် လည်းကောင်း၊ နံနက် ၄ နာရီ ၁၀ မိနစ်တွင် ၂၉ လမ်းနှင့်၈၃ လမ်းထောင့်တွင်လည်းကောင်း၊ ၄ နာရီ ၄၅ မိနစ်တွင် ၃၅ လမ်းနှင့် ၈၇ လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း ငါးကြိမ်ဖြစ်ပွားခဲ့သဖြင့် လူစုလူဝေးဖြင့် ရုန်းရင်းဆန်ခတ်မှု စုစုပေါင်း ရှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်များတွင် ဆူပူအကြမ်းဖက်လိုသူများက စတိုးဆိုင်၊ အထည်ဆိုင်၊ ကုန်စုံဆိုင်စသည်တို့၏ တံခါးများကို ရိုက်ချိုးဖျက်ဆီးခြင်း၊ ပလတ်စတစ်လုံးများလုံး၍ မီးရှို့ခြင်းတို့ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်။ ရုန်းရင်းဆန်ခတ်မှုများနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် နယ်မြေလုံခြုံရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကလုံခြုံရေးအဖွဲ့များဖြန့်ခွဲ၍ လုံခြုံရေးဆောင်ရွက်ပြီး ပူးပေါင်းအဖွဲ့များဖြင့် ထိန်းသိမ်းပေးလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်များကြောင့် သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရရှိသူ ၁၄ ဦး၊ ဖမ်းဆီးရမိသူ လေးဦးရှိကြောင်းနှင့် ပြဿနာများ ထပ်မံမဖြစ်ပွားစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့များက ထိန်းသိမ်းစောင့်ကြည့်လျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာမြို့မရဲစခန်းများတွင်အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လမ်းဘေးဈေးသည်များ ဈေးရောင်းချမှုနှင့် စည်းကမ်းမဲ့ကြော်ငြာများဖယ်ရှား

ရန်ကုန် ဇူလိုင် ၃

လမ်းမတော်မြို့နယ်အတွင်း လမ်းဘေးဈေးသည်များ ဈေးရောင်းမှုနှင့် လမ်းဘေးများတွင် ခွင့်ပြုချက်မဲ့ ချိတ်ဆွဲထားသော ကြော်ငြာများကို စစ်ဆေးအရေးယူဖယ်ရှားခြင်းများအား မဟာဗန္ဓုလလမ်းပေါ် ဇူလိုင် ၃ ရက် နံနက်ပိုင်းက မြင်တွေ့ရသည်ဟု လမ်းသွားလမ်းလာများက ဆိုသည်။

ဇူလိုင် ၂ ရက် နံနက်ပိုင်းကလည်း အနော်ရထာလမ်းတစ်လျှောက် စည်းကမ်းမဲ့ လမ်းဘေးရပ်ယာဉ်များကို အရေးယူဆောင်ရွက်နေမှုကို မြင်တွေ့ရကြောင်း၊ လမ်းမတော်မြို့နယ်တွင်း သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်မှုများကြောင့် လမ်းသွားလာရာတွင် လွယ်ကူသကဲ့သို့ လမ်းဘေးယာဉ်ရပ်နားရာတွင်လည်း နေရာလွတ်များရှိလာကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

လမ်းဘေးယာဉ်ရပ်နားရန် နေရာများတွင် ဈေးဆိုင်ခုံများ ချခင်းမှုကြောင့် အခပေးယာဉ်ရပ်နားခကောက်ခံသူများအနေဖြင့် ယာဉ်များ လမ်းဘေးရပ်ရာတွင် စနစ်တကျရှိရေး စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း လမ်းဘေးယာဉ်နားရန်နေရာများတွင် ဈေးတည်ခင်းရောင်းချခြင်းအတွက် ယာဉ်ရပ်နားခကောက်ခံသူများကို ငွေကြေးပေးဆောင်နေရမှုလည်းရှိရာ လမ်းဘေးယာဉ်ရပ်နားရန်နေရာတွင် ယာဉ်ရပ်နားမှုအတွက်သာ ကောက်ခံခြင်းဖြစ်သင့်ကြောင်း၊ သို့မှသာ လမ်းများပေါ်တွင် ယာဉ်ပိတ်ဆို့မှုလျော့ပါးစေမည်ဟု ဆိုသည်။

ခင်ဆိုင်

ရခိုင်ပြည်နယ် တရားသူကြီး အကျဉ်းထောင်စစ်ဆေး

စစ်တွေ ဇူလိုင် ၃

ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်စန်းစန်းရီသည် ဇွန် ၃၀ ရက် နံနက် ၉ နာရီက ပြည်နယ်တရားရေးဦးစီးမှူး ဦးခင်မောင်နှင့် စစ်တွေခရိုင် တရားသူကြီး ဒေါ်အေးသိန်းတို့ လိုက်ပါလျက် စစ်တွေ အကျဉ်းထောင်ကို သွားရောက်စစ်ဆေးရာ စစ်တွေအကျဉ်းထောင် ထောင်မှူးက အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများနှင့် အချုပ်သားများ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အကျဉ်းထောင်ရှိ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့် ဆေးရုံဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား၊ အကျဉ်းသူနှင့် အချုပ်တရားခံများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ဥပဒေပါအခွင့်အရေးများ ရရှိမှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မင်းတပ်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက်က မြန်မာ့စီးပွားရေးဘဏ်ရုံးဝင်းအတွင်း၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ရပ်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက ယူကလစ်၊ မဲဇလီ၊ ခါတော်မီသစ်မျိုး စုစုပေါင်း ၄၈၀ ကို စိုက်ပျိုးကြစဉ်။ (ဝ၂၁)

ကရင်ချောင်းရေထိန်းဆည် ရေသိုလှောင်ရေးကောင်းမွန်ရန်ဆောင်ရွက်

တောင်ငူ ဇူလိုင် ၃

တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာနှင့် ခရိုင်ချင်းဆက် လမ်းအကြားရှိ ကရင်ချောင်းရေထိန်းဆည် အထက်ပိုင်းနုန်းမြေများ ပိုမိုများပြားလာမှုကို ရေစုပ်စက်များအသုံးပြုကာ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

စစ်တောင်းမြစ် အရှေ့တောင်ပေါ်မှ စီးဆင်းလာသော ကရင်ချောင်းသည် ကရင်ချောင်းကျေးရွာအုပ်စု ကရင်ချောင်းကျေးရွာ၊ တောင်သာကျေးရွာ၊ ကျီးအင်းကျေးရွာများအပြင် စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းရှိ တောင်သူများအတွက် နွေစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေလျက်ရှိပြီး နှစ်ကာလ ကြာလာသည်နှင့်အမျှ ရေထိန်းဆည်၏ အထက်ပိုင်းတွင် နုန်းမြေများ များပြားလာ၍ ရေဝပ်ဧရိယာမှာ ကျဉ်းမြောင်းလာခဲ့သည်ကို တွေ့ရသည်။

အဆိုပါ နုန်းမြေများကို ရှင်းလင်းဖယ်ရှားနိုင်ရန် ဆည်မြောင်းဦးစီးဌာနက ရေစုပ်စက်များကို အသုံးပြု၍ ဆောင်ရွက်ဖယ်ရှားပေးလျက်ရှိပြီး လုပ်ငန်းပြီးစီးပါက ရေပေးဝေမှုကောင်းမွန်ကာ နွေစပါးစိုက်တောင်သူများအတွက် များစွာအဆင်ပြေနိုင်မည်ဖြစ်သည်။

ကိုလွင်(ဆွာ)

ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

ဗန်းမော် ဇူလိုင် ၃

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက် ညနေ ၄ နာရီက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများကို ပေးအပ်ရာ ထူးချွန်ဆုရရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်မြင့်က သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူများက လက်ခံရယူပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအသင်းအဖွဲ့ဝင် ဒေါ်မိမိငယ်က ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဒေါ်အေးအေးတင်က လက်ခံယူခဲ့ကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

အမည်ပြောင်း

ဦးကျော်ဝင်း ၁၀/မဒန(နိုင်)ဝ၂၈ဝ၁၆၏ သမီး မုဒုံမြို့ အထက(၁) Grade 8(E) မှ မဇင်မီမီသော်အား မဇင်မီမီလွင်ဟု ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခိုင်မျိုးဟိန်း ၁၂/ဗဟန(နိုင်)ဝ၇၅၆၁၇ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-ဝ၉-၃၃ဝ၅၅၈၉၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် (၆၇ ဘီ)၊ ရတနာ(၁)အိမ်ရာ၊ မြေကွက်အမှတ် ၃၂၊ ဧရိယာ ဝ ဒသမ ၂၃၄ ပေရှိ နှစ် ၆ဝ ဂရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးဇေယျာလင်း ၁၀/မလမ(နိုင်)၁၇၃၆၆၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄ဝ၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ဝ၉-၅ဝ၁၇ဝ၄၄၊ ဝ၉-၇၃၁ဝ၇ဝ၉၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၇၄၈၈ WCM popular pu 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြိုင် ၇/သဝတ(နိုင်)ဝဝဝဝ၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ဇူလိုင် ၁၁ရက် (ဝါဆိုလပြည့်နေ့) နှင့် ၂၀၁၄ခုနှစ် ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

တစ်ချက်တည်းကျင်းဝင်

ဦးတင်ထွဋ်ဦး Co. 420 သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာ၌ ၂၆-၆-၂၀၁၄ရက် ၁၆း၃ဝနာရီတွင် ကစားဖော်များဖြစ်ကြသော ဦးဝင်းသော်၊ ဦးသိန်းတိုးအောင်၊ ဦးထွန်းနေဝင်း၊ ဦးစိုင်းရဲရှန်ရွက်တို့နှင့် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၂)၊ ကိုက် ၁၅ဝအကွာအား srixon soft feel NO.1 ဘောလုံးကို Taylor made RBZ Iron 8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။

ငွေသော်တာဂေါက်ကွင်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လူနေရပ်ကွက်အမှတ် နံ့သာကုန်း၊ မြေတိုင်းရပ်ကွက်အမှတ်(7/H)၊ မြေကွက်အမှတ်(၂/ဃ၁၀/၁)၊ ဧရိယာ ဝ ဒသမ ဝ၁၈၆ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့က အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးခင်မောင်ဝင်း ၁၁/တကန(နိုင်)ဝဝ၁၅၇၃ နှင့် ဒေါ်စိုးမိုးသူ ၁၂/ပဘတ(နိုင်)ဝဝ၈၁၈၆ တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်း)ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML	**ဒေါ်ရတနာနွေး LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၉၈၇၇)	**(စဉ်-၃၈၄၉၇)**

အာရှမြေအိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆ဝ၊ ဝ၉-၇၃၁၅ဝ၆၄ဝ



လူပျောက်ကြော်ငြာ

ဦးကျော်ကျော်မျိုး၏သား မောင်ကျော်နိုင်ဦးသည် အိမ်မှထွက်သွားပါ၍ မိဘ၊ ဆွေမျိုးများ စိတ်ပူနေပါသည်။ ရောက်ရာ အရပ်မှ အမြန်ဆုံး ဆက်သွယ်ပေးပါရန်။ တွေ့ရှိက ဆက်သွယ် အကြောင်း ကြားပေး ပါရန်။

ဦးကျော်ကျော်မျိုး
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
ဖုန်း-ဝ၉-၃၆၂၅၁၁၃၄
ဝ၉-၂၅၆၅၅၂၂၄၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လအနည်းငယ်တည်ငြိမ်နေသောဆန်ဈေး တက်ရိပ်ပြ

မြန်အောင် ဇူလိုင် ၃

မေလနှင့်ဇွန်လများတွင် တည်ငြိမ်နေသော ဆန်ဈေးမှာ ယခုဇူလိုင်လဆန်းပိုင်းတွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည်ဟု မြန်အောင်မြို့ရှိ ဆန်စပါးရောင်းဝယ်သူတစ်ဦးက ပြောသည်။

ဆန်စက်လုပ်ငန်းရှင် တစ်ဦးက "လယ်သမားများလက်ထဲတွင် နွေစပါးကုန်သလောက် ဖြစ်သွားခြင်းကြောင့် တစ်ကြောင်း၊ မိုးစပါးကလည်း တစ်ရွာလျှင် လေးငါးအိမ်ခန့်သာ ရောင်းရန်ကျန်ခြင်းကြောင့် တစ်ကြောင်း စပါးဈေးမြင့်ပြီး ဆန်ဈေးအနည်းငယ် တက်သွားခြင်းဖြစ်သည်"ဟု ပြောပြသည်။

"ခုရက်ပိုင်း စိုက်ပျိုးစရိတ်ချေးငွေကလည်း ထုတ်ပေးထားတယ်။ ငွေကရှိနေတော့ အသုံးမလိုသေးတာကြောင့် စပါးဈေးများ ဆက်တက်လာဦးမလားလို့ စောင့်နေတာပါ"ဟု စပါး လက်ကျန်ရှိနေသော တောင်သူတစ်ဦးကလည်း အခြေအနေကို ပြောပြသည်။

နေဝင်းဇော်(မြန်အောင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၉၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၀
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၇၆၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၆၅၀
ကြက်သွန်ဖြူ(ကြိုကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ရေတာရှည်မြို့နယ်မှ လယ်စိုက်တောင်သူများ မိုးမရွာ၍ အခက်တွေ့

ရေတာရှည် ဇူလိုင် ၃

မိုးသာရွာ ရေမပါသည့်အတွက် ရေတာရှည်မြို့နယ်အတွင်းရှိ ဒေသအနှံ့အပြားတွင် မိုးစပါးစိုက်ပျိုးနိုင်ခြင်းမရှိ သေးကြောင်း တွေ့ရသည်။ ရာသီဥတုကိုအမှီပြုကာ လုပ်ကိုင်ကြရသည့် တောင်သူများအနေဖြင့် ယခုလိုရာသီတွင် မိုးရေကိုသာ အားထားကြရသည်။ "မနှစ်ကဆို ဒီအချိန်မှာ စိုက်လို့တောင်ပြီးခါနီးဖြစ်နေပြီ။ ဒီနှစ်က မိုးခေါင်သလိုဖြစ်နေတာ၊ ရွာတော့ရွာတယ်၊ ရေကမပါတော့ တောင်သူတွေက ထွန်ယက်နေတာလောက်ပဲရှိသေးတယ်။ စပါးကြဲလို့မရသေးဘူး"ဟု မှန်စီကျေးရွာမှ ဒေသခံတစ်ဦးကပြောပြသည်။

မိုးစပါးစိုက်ဧကရှစ်သောင်းကျော်ရှိပြီး ယခုလက်ရှိ အနိမ့်ပိုင်းရေရှိသောဒေသများတွင် စပါးများစိုက်ပျိုးပြီးသော်လည်း ကျန်ဒေသများတွင် တောင်သူများ မိုးကိုမျှော်နေကြရကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ဘားအံ ဇူလိုင် ၃

ကရင်ပြည်နယ်အတွင်းရှိ တရားရေး မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ ပေးအပ်ခြင်းအခမ်းအနားကို ကရင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇွန် ၃၀ ရက် နံနက် ၈ နာရီခွဲကကျင်းပရာ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူနှစ်ဦးနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများရှိ တရားရေးမိသားစုဝင် ၄၇ ဦးအား ပညာသင်စရိတ် ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ဧပြီ ၂၈ ရက်မှ မေ ၂၅ ရက်အထိ ပြည်နယ်တရားလွှတ်တော်တွင် ဖွင့်လှစ်ခဲ့သည့် တရားရုံးဝန်ထမ်းများ၊ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် ၁/၂၀၁၄တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော သင်တန်းသားများအား ဆုများချီးမြှင့်ခဲ့သည်။

ကရင်ပြည်နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မိတ္ထီလာမြို့နယ်တရားရုံး

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

ဒေါ်ချောကလျာ နှင့် တပ်ကြပ်ကျော်စွာစိုး

တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းကွက်သစ်ရပ်၊ အမှတ် ၇၉၊ ခြေလျင်တပ်ရင်းနေ တပ်ကြပ်ကျော်စွာစိုး(ကပ-၇၅၆၆၃၃) (ဘ)ဦးကျော်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ယမင်းသန့်

ဒုတိယမြို့နယ်တရားသူကြီး

မိတ္ထီလာမြို့နယ်တရားရုံး

မသက်ဆိုင်တော့ပါကြောင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ နယ်မြေ(၈)နေ ကျွန်မ ဒေါ်တင်တင်မြ၏ခင်ပွန်း ဦးညီညီအောင် ၉/ပမန(နိုင်)၀၄၅၇၇၁သည် ကျွန်မ ဒေါ်တင်တင်မြမှ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုမူဆောင်ရွက်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်တင်တင်မြ ၁၃/တကန(နိုင်)၀၁၅၇၁၁

ပျောက်ဆုံးကြောင်း

အရှင်နန္ဒမာလာ ၁၂/ရကန(သ)၀၀၁၈၀၉ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၂၀၈၄၀၃

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ၅ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် ၂၈၆၊ အလျား $\frac{၄၈' ၆"}{၅၁'}$ × အနံ ၅၄'ရှိ A ရှာ အမျိုးအစားမြေကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ဥမ္မာနိုင် ၁၂/မဘန(နိုင်)၀၀၀၇၀၄ ထံမှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ပိုင်းပေးချေထား ပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ ငါးရက်အတွင်း အထောက်အထားအပြည့်အစုံနှင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဟန် B.A (Law), LL.B

တရားလွှတ်တော်ရှေ့နေ (၂၀၈၆/၈၁)

အမှတ် ၉/၁၁၊ အခန်း ၃၀၆၊ လေးလွှာ

၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L_{16}-၅၉၊ မြေကွက်အမှတ် ၂၂၈၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဦးကျော်ဟိုး MAG -၁၃၆၉၂၉ ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းမင်းထွန်း ၁၂/သဃက(နိုင်)၀၀၄၈၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) (အထက်တန်းရှေ့နေ)

အမှတ် ၃၃၁၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၄၂၀၀၄၇၁၉၇





ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ မြေကွက်တည်နေရာအမှတ် ၃၉၇ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ပေ၄၀× အနံပေ၆၀)ရှိ ပါမစ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးညိုဝင်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ယခုလက်ဝယ်ပိုင်ဆိုင် ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးမျိုးတင့်အောင် ၁၁/ဂတန(နိုင်)၀၄၀၆၆၄ ထံမှ တစ်ဆင့်ရောင်းချသူ ကိုဇော်မင်း ၁၂/သဃက(နိုင်)၁၂၂၆၃၁ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအေးအေးခိုင် ၁၄/ဘကလ(နိုင်)၀၀၀၂၄၉

ဖုန်း-၀၉-၇၃၁၅၈၆၂၇

မူဆယ်မြို့တွင် လက်ထောက်ဆရာဝန်အမျိုးသမီးတစ်ဦး ဓားထိုးခံရပြီး သေဆုံး

မူဆယ် ဇူလိုင် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့ ဈေးရပ်ကွက်တွင် ဇွန် ၂၉ ရက် ည ၈နာရီဝန်းကျင်က ဓားထိုးမှုဖြစ်ပွားရာ ဓားဖြင့်အထိုးခံရသူမှာ မူဆယ်မြို့ ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသူ လက်ထောက်ဆရာဝန် မနန်းအိအိခိုင် (၂၆ နှစ်) ဖြစ်ပြီး ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာ သုံးချက်၊ ရင်ဘတ်ထိုးသွင်းဒဏ်ရာ ရှစ်ချက်ဖြင့် နေအိမ်၌ ဒဏ်ရာများဖြင့် လဲကျနေ၍ ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်က သေဆုံးသွားကြောင်း သိရသည်။

မနန်းအိအိခိုင်ကို ဓားဖြင့်ထိုးသွားသူမှာ စိုင်းထွန်းရွှေ (၃၀ နှစ်) ဖြစ်ကြောင်း သက်သေများ၏ ပြောပြချက်အရ အစ်မဖြစ်သူ ဒေါ်နန်းသီတာဦးက ဥပဒေအရ အရေးယူပေးပါရန်တိုင်ကြားခဲ့ရာ မူဆယ်မြို့မရဲစခန်းက အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူကို ညတွင်းချင်းဖမ်းဆီးပြီး ဒုရဲမှူးခင်ညိုက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

ရေစကြိုမြို့နယ်တွင် ရောဝတီမြစ်ကမ်းပါးနှင့် နီးစပ်လျက်ရှိသော လူနေအိမ်အချို့ပြောင်းရွှေ့

ရေစကြို ဇူလိုင် ၃

ရေစကြိုမြို့နယ် ငါးမြွားကြီးကျေးရွာတွင် ဇူလိုင် ၁ ရက် နံနက် ၆ နာရီက ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းပါးနှင့် နီးစပ်လျက်ရှိသည့် လူနေအိမ် ခုနစ်လုံးမှ အိမ်ထောင်စု ခုနစ်စု အမျိုးသားအမျိုးသမီး စုစုပေါင်း ၃၇ ဦးတို့ကို ငါးမြွားကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ငါးမြွားကြီးကျေးရွာ၏ အနောက်ဘက်မြေကွက်လပ်သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ကောက်စိုက်သမ ငါးဦး မိုးကြိုးပစ်ခံရ၍ နှစ်ဦးသေဆုံး

သာယာဝတီ ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သဲဖြူကျေးရွာနေသူ မမိခိုင်(ခ)ခိုင်ခင်ဦး (၃၀နှစ်)နှင့် တစ်ရွာတည်းနေ ဒေါ်သန်းသန်းစိန် သပြေကုန်းကျေးရွာ မင်းလှမြို့နယ်နေသူတို့ပါ ငါးဦးသည် ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က လယ်ကွင်းအတွင်း ကောက်စိုက်နေစဉ် မိုးကြိုးပစ်ချသဖြင့် မမိခိုင် (ခ)ခိုင်ခင်ဦးနှင့် မသန်းသန်းစိန်တို့သည် နေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ကာ မသင်းသင်းခိုင်တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိပြီး ကျန်နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

လေဆင်နှာမောင်းတိုက်ခတ်သဖြင့် အိမ်နှင့်ကျောင်းများပြိုကျ

ပဲခူး ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အရှေ့ဘက်ခြမ်း သရက်ကုန်းကျေးရွာတွင် ဇူလိုင် ၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် အခြေခံပညာအထက်တန်းကျောင်း ပြိုလဲခြင်း၊ အမိုးအကာများ လွင့်စဉ်ခြင်းကို တွေ့ရသည်။ လေတိုက်မှုဖြစ်ပွားချိန်မှာ ဇွန်လအတွက်စာမေးပွဲဖြေဆိုပြီးချိန်ဖြစ်၍ ကျောင်းအုပ်ဆရာကြီးနှင့်အတူ အတန်းပိုင်ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာရေးခုံအောက်သို့ ဝင်ရောက်ခိုလှုံကြရန် သတိပေးချက်အရ ထိခိုက်ဒဏ်ရာရခြင်း လုံးဝမရှိခဲ့ပေ။ အဆိုပါ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် တက္ကသိုလ်ဝင်တန်း (A)၊ (B)၊ (C) စာသင်ခန်းများနှင့် ကံ့ကော်ဆောင်၊ အင်ကြင်းဆောင်၊ ကိုယ့်အားကိုယ်ကိုး လေးခန်းတွဲ အိမ်သာအမိုးအကာများ လွင့်စဉ်သွားသည်။ ထို့အပြင် ရွာတစ်လျှောက် အိမ်အချို့ ခေါင်မိုးလန်ခြင်း၊ လဲပြိုခြင်း၊ ယိမ်းယိုင်ခြင်းတို့ ရှိခဲ့သည်။ အဆိုပါ ပျက်စီးခဲ့မှုကြောင့် စာသင်ချိန်ကို နံနက် ၆ နာရီခွဲမှ ၁၂ နာရီအထိ သူငယ်တန်းမှ အဋ္ဌမတန်းအထိတစ်ချိန်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ သတ္တမတန်းမှ ဒသမတန်းအထိ တစ်ချိန် သင်ကြားပို့ချနေရကြောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်က ပြောကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးက လေဆင်နှာမောင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် နေအိမ်များမှ မိသားစုဝင်များကို ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

သုလင်း(ဟံသာမြေ)

ရေကန်တွင် အမျိုးသားတစ်ဦး သေဆုံး

နတ်တလင်း ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မြို့မရဲစခန်း တာဝန်မှူး ဒုရဲအုပ်ရန်နိုင်ဦး တာဝန်ထမ်းဆောင်နေစဉ် ဇူလိုင် ၁ ရက် ညနေ ၃ နာရီက တံခွန်တိုင်ကျေးရွာတွင် လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ တံခွန်တိုင်အုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသန်းဦးနှင့်အတူ သွားရောက်စစ်ဆေးရာ တံခွန်တိုင်အုပ်စု တံခွန်တိုင်ရွာသစ်နှင့် တံခွန်တိုင် ရွာမကြားရေကန်၌ မောင်ဇော်လွင်ဦး (၃၇ နှစ်)သည် ဒဏ်ရာများဖြင့်သေဆုံးနေကြောင်းတွေ့ရှိရ၍ နတ်တလင်းမြို့ ပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့သည်။ ဒုရဲအုပ်ရန်နိုင်ဦး၏ တိုင်တန်းချက်အရ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

ရိုဒရီဂွက်ဇ်ရဲ့ အကောင်းဆုံးစံချိန်ကို ရပ်တန့်ဖို့ နေမာမျှော်လင့်

ကိုလံဘီယာအသင်းရဲ့ အဓိက ကစားသမားတစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတစ်ဦးပါ။ သူ့ရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့အတူ ကိုလံဘီယာအသင်းဟာလည်း ဒီနှစ်ကမ္ဘာ့ဖလားမှာ ကွာတားဖိုင်နယ်ကို တက်လာခဲ့ပါပြီ။

ဘရာဇီးပြည်သူများရဲ့ အချစ်တော် နေမာကတော့ ရိုဒရီဂွက်ဇ်ရဲ့ အောင်မြင်မှု ခြေလှမ်းတွေကို သောကြာနေ့ ဘရာဇီးနဲ့ကစားရာမှာ ရပ်တန့်ပစ်မယ်လို့ ဆိုပါတယ်။ ဇူလိုင် ၅ရက် နံနက်မှာအိမ်ရှင်ဘရာဇီးနဲ့ ကိုလံ ဘီယာအသင်းတို့ ကွာတားဖိုင်နယ်ပွဲအဖြစ် ကစားရမှာ ဖြစ်ပါတယ်။ ပရိသတ်များ အကြိုက်ဆုံးဖြစ်မယ့် ပြိုင်ပွဲတစ်ပွဲပါပဲ။

ရိုဒရီဂွက်ဇ်ဟာ ကိုလံဘီယာအသင်းရဲ့ အကောင်းဆုံးကစားသမားဖြစ်ပြီး ယခု ကမ္ဘာ့ဖလားမှာ ငါးဂိုးသွင်းယူထားသူဖြစ်ပါတယ်။ သူဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံး သမားဆု ဆွတ်ခူးဖို့ ရေပန်းစားနေတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ သူဟာ ဘရာဇီးအသင်း ဆီမီးဖိုင်နယ်တက်မယ့်လမ်းကြောင်းမှာ အဓိက ခြိမ်းခြောက်သူဖြစ်လာနိုင်တယ်လို့လည်း နေမာက ဝန်ခံပြောကြားလိုက်ပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ မိုနာကို ကစားသမား ရိုဒရီဂွက်ဇ်ဟာ ဘရာဇီးကစားသမားတွေ အထူးအာရုံစိုက်ရမယ့်သူ ဖြစ်ပါတယ်။

"ကျွန်တော်သူ့ကို အောင်မြင်တဲ့ ကစားသမားတစ်ယောက်လို့ သိထားပါတယ်။ ကမ္ဘာ့ဖလားမှာလည်း အောင်မြင်မှုရနေတဲ့သူပါ" လို့လည်း နေမာက ပြောပါတယ်။"

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ငယ်ရွယ်ပေမယ့် အောင်မြင်တဲ့ကစားသမားပါ။ ကျွန်တော်နဲ့ အသက်အတူတူပါပဲ။ ဒါပေမယ့် ဒီပွဲမှာတော့ သူ့ရဲ့ အောင်မြင်နေတဲ့ ခြေစွမ်းတွေကို ကျွန်တော် ရပ်တန့်ပစ်ရပါမယ်။ ကျွန်တော်တို့ ဘရာဇီး ဒီပွဲမှာ အနိုင်ကစားမှာပါ"လို့ နေမာက ဆိုပါတယ်။

သို့သော်လည်း တိုက်စစ်မှူး နေမာဟာ ပြီးခဲ့တဲ့ ရှုံးထွက်အဆင့် ပြိုင်ပွဲမှာ အမှားအယွင်းအနည်းအပါး ရှိခဲ့တယ်လို့ နည်းပြ စကိုလာရီက ဝန်ခံပြောကြားလိုက်ပါတယ်။

"ကျွန်တော်တို့မှာ အကောင်းဆုံး နည်းပြလည်းရှိတယ်။ ကစားသမားတွေကလည်း အကောင်းတွေ များပါတယ်။ ဒါကြောင့် ဒီပွဲမှာ ကျွန်တော်တို့ အနိုင်ကစားမှာပါ" လို့ နေမာက ဆိုပါတယ်။

အာကာကျော်

ကွာတားတွေ့ဆုံမှုပွဲစဉ်များ

ကွာတားဖိုင်နယ်ပထမပွဲစဉ်အဖြစ် ပြင်သစ်နှင့် ဂျာမနီ ဇွန်၄ ရက် ည ၁၀း၃၀ တွင် ယှဉ်ပြိုင်မှာဖြစ်ပြီး နှစ်သင်းတွေ့ဆုံမှု ခြေစမ်းပွဲနောက်ဆုံးလေးပွဲ ကစားခဲ့ရာ ပြင်သစ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့ ကစားထားနိုင်ပါတယ်။ နှစ်သင်းစလုံးက ခြေရည်ညီပြီးနည်းပြနှစ်ဦးရဲ့ လူထုတ်ပုံ ကစားကွက်တွေကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဒုတိယပွဲစဉ်ဖြစ်တဲ့ ဘရာဇီးနှင့် ကိုလံဘီယာအသင်းတို့က ဇွန်၅ နံနက် ၂း၃၀တွင် ကစားမှာဖြစ်ပြီး နှစ်သင်းတွေ့ဆုံမှု နှစ်ပွဲမှာ ဘရာဇီးက တစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားထားပါတယ်။ ဘရာဇီးအသင်းက အိမ်ရှင်ဖြစ်ပြီး ပရိသတ်အားနှင့် အင်အားတောင့်တင်းတဲ့အသင်း ဖြစ်သော်လည်း ကိုလံဘီယာအသင်းကို လျှော့တွက်လို့ မရပါဘူး။ ကိုလံဘီယာအသင်းမှာ ဥရောပကစားသမားအများအပြားရှိပြီး နာမည်ကြီးလိဂ်တွေမှ ကစားသမားတွေကို ပေါင်းစည်းထားတဲ့အသင်းဖြစ်ပါတယ်။ ကွာတားဖိုင်နယ်တွေ့ဆုံမှုတွေက ညီမျှပြီး ပရိသတ်အကြိုက်ကြည့်ကောင်းမယ့် ပွဲစဉ်တွေဖြစ်ပါတယ်။

ရဂိုးပေးဂိုး ရပ်တည်မှု

ပြင်သစ်	Vs	ဂျာမနီ
စုစုပေါင်းရဂိုး-၁၀ဂိုး		စုစုပေါင်းရဂိုး-၈ဂိုး
ပေးဂိုး-၂ဂိုး		ပေးဂိုး-၃ဂိုး
ဘင်ဇီမာ-၃ဂိုး		သောမက်စ်မူလာ-၄ဂိုး

ဘရာဇီး	Vs	ကိုလံဘီယာ
စုစုပေါင်းရဂိုး-၈		စုစုပေါင်းရဂိုး-၁၁ဂိုး
ပေးဂိုး-၃ဂိုး		ပေးဂိုး-၂ဂိုး
နေမာ-၄ဂိုး		ဂျိမ်းရိုဒရီဂွက်ဇ်-၅ဂိုး

ဂျိုကိုဗစ် ဆီမီးတက်ပြီ

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကြီးကို ဗြိတိန်နိုင်ငံ၌ ကျင်းပလျက်ရှိရာ ရော်ဂျာဖက်ဒဲရားနှင့် ဂျိုကိုဗစ်တို့ ဆီမီးတက်လာသည်။ ဖက်ဒဲရားက တစ်နိုင်ငံတည်းသား ဝါရင်ကာကိုနိုင်ပြီး ဆီမီးတက်လာသည်။ ထို့အတူ ဂျိုကိုဗစ်က ခရိုအေးရှားမှ မာရင်စီလစ်ကိုနိုင်ပြီး ဆီမီးတက်လာသည်။ သို့ရာတွင် လက်ရှိချန်ပီယံ အင်ဒီမာရေးသည် ဂရီဂေါဒီမီထရော့ဗ်ကိုရှုံးပြီး ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရသည်။ ဂျိုကိုဗစ်သည် ဆီမီးတွင် ဒီမီထရော့ဗ်နှင့်ကစားရမည်ဖြစ်သည်။

ယမန်နေ့က ကမ္ဘာ့နံပါတ်(၁) ရာဖေးလ်နာဒယ်သည် ဩစတြေးလျမှ ဆယ်ကျော်သက်ကစားသမား ကိုင်ဂျီယို့စ်ကိုရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ဝင်ဘယ်ဒန်တွင် အဓိကကစားသမားများအဖြစ် ဂျိုကိုဗစ်တို့ နှစ်ဦးသာ ကျန်တော့သည်။

အမျိုးသမီးပြိုင်ပွဲတွင် ဆီမိုနာဟယ်လက်နှင့် ဘိုချတ်တို့ အကြိုဗိုလ်လုပွဲ ကစားကြမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဆွာရက်ဇ်ကိုခေါ်ယူရန် ဘာစီလိုနာနှင့် ဆွေးနွေး

တိုက်စစ်မှူး ဆွာရက်ဇ်အား ရောင်းချနိုင်ရန်အတွက် လီဗာပူးနှင့် ဘာစီလိုနာတို့ စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း၊ သို့ရာတွင် စာချုပ်နိုင်သည့် သဘောတူညီချက်မရသေးကြောင်း လီဗာပူးတာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့နဲ့ ဘာစီလိုနာတာဝန်ရှိသူတွေနဲ့ လန်ဒန်မြို့မှာ ဗုဒ္ဓဟူးနေ့က ဆွေးနွေးခဲ့ပါတယ်"ဟု လီဗာပူးအမှုဆောင်အရာရှိချုပ် လန်အာရေးက ပြောသည်။ အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး ဆွာရက်ဇ်ကို စာချုပ်သက်တမ်းမကုန်မီ ရောင်းချလိမ့်မည်မဟုတ်ဟုဆိုသော်လည်း ပေါင်သန်း ၇၀ နှင့် ၈၀ ကြားပေးလျှင် ရောင်းချဖွယ်ရှိသည်။ ယင်းသို့ ဆွေးနွေးမှုသည် အပြုသဘောဆောင်ပြီး တိုးတက်မှုရရှိနိုင်ကြောင်းလည်း လီဗာပူးတာဝန်ရှိသူများက ဆိုသည်။ ဆွာရက်ဇ်သည် ၂၀၁၃ ခုနှစ်က အိုင်းယက်စ်မှ ပေါင် ၂၂ ဒသမ ၇ သန်းဖြင့် လီဗာပူးသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ လီဗာပူးနှင့် လက်ရှိစာချုပ်မှာ လေးနှစ်ရှိနေပြီး အီတလီနောက်ခံလူကို ကိုက်ခဲ့မိသည့်အတွက် လေးလအပိတ်ခံထားရသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၉၁၁၆၊ Niesel Diesel Truck ယာဉ်လက်ဝယ်ရှိသူ ဦးစန်းကို ၃/ဘအန(နိုင်)၁၀၈၈၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးတင်အုန်း ၁၂/ဗဟန(နိုင်)၀၀၇၈၁၂ အစား ၁၂/မရက(နိုင်)၀၉၅၉၁၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၉) GRADE-8 (D)မှ မအိအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းစိန် ၁၀/ရမန(နိုင်)၀၈၁၇၃၃ ဖြစ်ပါကြောင်း။

ဦးထွန်းစိန်

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမက(၂၁)၊ စတုတ္ထတန်းကျောင်းသား မောင်ညီညီဟန်အား မောင်စွမ်းတည်ကြည်ဦးဟု ပြောင်းလဲခေါ်ပါရန်။



ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မန္တလေးတိုင်းဒေသကြီး တိုင်းလက်ရွေးစင်ရွေးချယ်ရေး ဝူရှူးပြိုင်ပွဲ ဆုပေး

မန္တလေး ဇူလိုင် ၃

မန္တလေးတိုင်းဒေသကြီး တိုင်းလက်ရွေးစင်ရွေးချယ်ရေး ဝူရှူးပြိုင်ပွဲ ဆုပေးပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးခင်မောင်တင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ မန္တလေးမြို့ အခြေစိုက် တရုတ်ကောင်စစ်ဝန်ရုံး ဒုတိယကောင်စစ်ဝန်ချုပ် Ms. Ji Yi Ling၊ ကောင်စစ်ဝန် Mr .Wo Yi ၊ တရုတ်-မြန်မာချစ်ကြည်ရေး ဆက်သွယ်ရေးမှူး Mr. Li Yum၊ ဝူရှူးဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်အေးနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ နည်းပြများ၊ ဝူရှူးအားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က အမှာစကား ပြောကြားပြီး ဝူရှူးအားကစားသမားများ၏ သရုပ်ဖော်ကစားနေမှု၊ ယှဉ်ပြိုင်မှု **(အပေါ်ပုံ)**တို့ကို တက်ရောက်လာသော ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုများချီးမြှင့်ပွဲကို ကျင်းပရာ ရွှေတံဆိပ်ဆု ၃၀၊ ငွေတံဆိပ် ၃၀နှင့် ကြေးတံဆိပ်ဆုရှင် ၃၀တို့အား ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။ အဆိုပါ ဝူရှူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၄၀ တို့က ချမ်းချွမ်၊ ကျန့်ဓားမောက်၊ နန်းချွမ်၊ တုတ်၊ နန်းထောင်း၊ လှံ၊ ထောက်လု၊ ဆန်းဆို ပြိုင်ပွဲတို့တွင် ၄၈၊ ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၈၀ ကီလိုတန်းအလိုက် ပြိုင်ပွဲဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

တင်မောင် (မန္တလေး)

မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုး

မြောင်းမြ ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၃၀ရက် နံနက် ၈ နာရီက မြောင်းမြကြိုးတံတားအရင်း လမ်းဘေးဝဲ/ယာတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးပေးခြင်းသည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကောင်းရရှိစေရေး ရည်ရွယ်ချက်များဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ စီမံဆောင်ရွက်ထားသော ပျိုးပင်များကို မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်က တက်ရောက်လာသူများအား ပျိုးပင်ပေါက်များဖြန့်ဝေပေးသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစန်းတို့က ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာမများ၊ မြောင်းမြစိုက်ပျိုးရေး သိပ္ပံကျောင်းမှ ပထမနှစ်၊ ဒုတိယနှစ်ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ အော်ရီးရှားနှင့် အရိပ်ရပင် စုစုပေါင်း အပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အောင်မင်း(iprd)

ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ပူးပေါင်းကာ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၃၀ ရက်က ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း မြက်ခင်းပြင်၌ သစ်ပင်စိုက်ပျိုးရာ ရေတမာ၊ စိမ်ပန်း၊ မယ်ဇလီ၊ အော်ရီးရှား၊ ယူကလစ် စသည့် ပျိုးပင်ပေါင်း ၅၀၀ ကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုစုပေါင်း ၃၀၀ တို့က စိုက်ပျိုးကြစဉ်။ (ခရိုင်ပြန်/ဆက်)

တွေ့ဆုံဆွေးနွေး

ဗန်းမော် ဇူလိုင် ၃

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်တိုင်း ပြည်ပစိုက်ပျိုးရေးအဖွဲ့နှင့် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်ဖက်အဖွဲ့အစည်းများက တစ်ဦးချင်း မိတ်ဆက်ပေး၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်တိုင်း ပြည်ပစိုက်ပျိုးရေးအဖွဲ့ခေါင်းဆောင် မစ္စတာလီဟုန်တိုင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မံစီမြို့နယ် မံဝိန်းကြီးကျေးရွာ၌ ရွှေလီမြို့ ဟုန်ဖာသစ်ကုမ္ပဏီနှင့် မြန်မာ-ကချင်-ရွှေလီကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် စိုက်ပျိုးရေးကဏ္ဍများကို နှစ်ဖက်အဖွဲ့များက ဆွေးနွေးကြသည်။ **ဆီမီးခုံ -နန်းရီ**

ပေါက်မြို့၌ မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးပေးအပ်

ပေါက် ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လက်ပံတိုရေနံမြေ မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးပေးအပ်ပွဲ အခမ်းအနား ကျင်းပကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲသို့ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးလက်ခံရယူမည့် တောင်သူလယ်သမားများ၊ အခြားဖိတ်ကြားထားသူများတက်ရောက်ကြပြီး ရေနံမြေအုပ်ချုပ်မှု တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မောင်မောင်က မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေး ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေါက်မြို့နယ် သမားတော်၊ ကျောက်တိုင်ခင်၊ ဖလံကိုင်း၊ အိုင့်မကျေးရွာများမှ တောင်သူ ၂၇ ဦးတို့၏ ဆုံးရှုံးယာမြေဧက ၄၉ ဒသမ ၀၇ ဧကအတွက် တာဝန်ခံ ဦးဇော်မောင်မောင်နှင့်အဖွဲ့က လျော်ကြေးနှင့် နစ်နာကြေး စုစုပေါင်း ငွေကျပ် ၃၃၆၁၆၃၀၈၅၄၀ ကို ပေးအပ်ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲ၌ ယာမြေနှင့် သီးနှံနစ်နာကြေးအပြင် သနပ်ခါးပင်၊ မန်ကျည်းပင်၊ ထန်းပင်၊ သရက်ပင်စသော နှစ်ရှည်ပင်များ အပါအဝင် အမျိုးအမည်နှင့် အရွယ်အစားအလိုက် တန်ဖိုးနှုန်းသတ်မှတ်၍ စုစုပေါင်းလျော်ကြေး ပေးအပ်သည်။

ဝမ်းမြောက်

"ကျွန်တော်တို့ တောင်သူများအနေဖြင့် အစိုးရရေနံမြေအတွင်း ပါရှိသော မြေယာတန်ဖိုးကို ရရှိရန် မမျှော်မှန်းခဲ့သော်လည်း ယခုလို ငွေကြေးအမြောက်အမြား အကုန်အကျခံပြီးလျော်ကြေးနှင့် နစ်နာကြေးအဖြစ် ပေးအပ်ပါသဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်ပါတယ်" ဟု လျော်ကြေးငွေလက်ခံသည့် ကျောက်တိုင်ခင်ရွာမှ တောင်သူဦးငွေအေးကလျော်ကြေးရတောင်သူများကိုယ်စားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးကွန်ပျူတာတက္ကသိုလ်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Table(8'×4'×2.6')	4 Nos
၂။	Armed Chair	24 Nos
၃။	Counter Table(7'×2.6'×2.6')	2 Nos
၄။	Table(6 People)(6'×2.5'×2.5')	2 Nos
၅။	Armless Chair(3'×19"×21")	12 Nos
၆။	Swivel Chair	4 Nos
၇။	Audio system for Lecture room	8 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၉-၇-၂၀၁၄ရက် ၄ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံတွင် စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၂၁၁၅ သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မန္တလေးကွန်ပျူတာတက္ကသိုလ်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်စိုးမိုး ၁၀/ပမန(နိုင်)၁၀၁၀၇၆၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၈၀၃၉၆**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
အမှတ်စဉ်(၁/၂၀၁၄)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)၊ မန္တလေးမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင် လမ်းပေါ်ရှိဒုဋ္ဌဝတီတံတား(ရဲရွာ-ကဗျူး)၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ မိတ္ထီလာကန်ကူးတံတားနှင့် ကျောက်ဆည်-တံတားဦးလမ်းပေါ်ရှိ ကြောင်ပန်းကုန်းတံတားများအတွက် လိုအပ်သည့်သံချောင်းလုံး(ရွယ်စုံ)၊ $\frac{3}{4}$"-$\frac{3}{4}$" ခွဲကျောက်၊ မြစ်သဲ၊ သစ်အခြားသားနှင့် (.7m&1.9m Stand Pipe)များကို မြန်မာကျပ်ငွေဖြင့် တံတားလုပ်ငန်းခွင်အရောက် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၁-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်/အချိန်	-	၁၄-၇-၂၀၁၄ရက် မွန်းတည့် ၁၂၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန်	-	၁၄-၇-၂၀၁၄ရက် မွန်းလွဲ ၁း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ	-	ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၄)၊ မန္တလေးမြို့

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို တံတားဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့(၁၄)၊ ဒုတိယအင်ဂျင်နီယာမှူးကြီးရုံးတွင် ၁-၇-၂၀၁၄ရက်မှစ၍ လျှောက်လွှာပုံစံတစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ဖုန်း-၀၂-၃၉၁၁၇ သို့ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၁၅၆၆ Hi-Bird M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးမြတ်ကို ၉/မသန(နိုင်)၀၈၀၇၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၂၂၆၄ Honda C 90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/အမဇ(နိုင်)၀၂၈၂၁၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၆၆၈၃၀ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီမြင့် ၈/ပခက(နိုင်)၁၄၉၄၈၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ အထက ကူမဲတက္ကသိုလ်ဝင်တန်း(စ)မှ မမေဇင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ၉/သစန(နိုင်)၀၁၂၀၀၀ ဖြစ်ပါကြောင်း။

ဦးစန်းဝင်း

ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ အထက ကူမဲတက္ကသိုလ်ဝင်တန်း(ခ)မှ မအိလဲ့လဲ့မျိုး၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်ဝင်း ၉/မသန(နိုင်)၀၇၉၈၉၄ ဖြစ်ပါကြောင်း။

ဦးတင်နိုင်ဝင်း

ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ အထက ကူမဲတက္ကသိုလ်ဝင်တန်း(ဃ)မှ မအေးဝင်းကြည်၏ ဖခင်အမည်မှန်မှာ ဦးကြည်ရွှေ ၉/မသန(နိုင်)၁၀၀၃၄၇ ဖြစ်ပါကြောင်း။

ဦးကြည်ရွှေ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

မြစ်ကြီးနား ဇူလိုင် ၃

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ထက်မြက်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးမြင့်ဇော်က ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်၏အောင်မြင်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ထက်မြက်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်များကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ငါးဘာသာဂုဏ်ထူးရှင်များကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်က လေးဘာသာဂုဏ်ထူးရှင်များကို လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ပြည်နယ်ပညာရေးမှူးတို့က သုံးဘာသာဂုဏ်ထူးရှင်များကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ယင်းနောက် ခရိုင်ပညာရေးမှူး ဦးကြည်လွင်က တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်အောင်မြင်စေရန် ဘာသာရပ်အလိုက် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးကျောင်း၊ အောင်ချက်အကောင်းဆုံး မြို့နယ်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် မှတ်တမ်းလွှာများပေးအပ်သည်။

ကချင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ စာဖြေဌာန ၅၁ ခုဖြင့် ကျင်းပခဲ့ကာ စာရင်းရှိ ၂၄၉၇၁ ဦး၊ ဖြေဆိုသူ ၂၃၀၁၀ အနက် အောင်မြင်သူ ၆၅၇၇ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်း ၂၈ ဒသမ ၅၈ ရှိကာ အထက်မြန်မာပြည် တိုင်းဒေသကြီး/ပြည်နယ် ကိုးခုအနက် ဒုတိယဆုရရှိခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၈၀၊ သုံးဘာသာဂုဏ်ထူးရှင် ၁၈၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၄၈ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၉၄၀ တို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကာ ယခင်နှစ်ကထက် ဂုဏ်ထူးရှင် ၄၇၂ ဦး ပိုမိုရရှိခဲ့ပြီး ပြည်နယ်အတွင်း အောင်ချက်အကောင်းဆုံး မြို့နယ်အဖြစ် မိုးညှင်းမြို့နယ်က ပထမရရှိခဲ့ပြီး မိုးကောင်းမြို့နယ်က ဒုတိယနှင့် ရွှေကူမြို့နယ်က တတိယရရှိကာ အောင်ချက်အကောင်းဆုံး ကျောင်းမှာ မိုးညှင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရွှေကူမြို့နယ် ဘိုကုန်း အထက်တန်းကျောင်းနှင့် မိုးညှင်းမြို့နယ်အထက မြသီတာတို့မှ ပ/ဒု/ တများ ရရှိခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရာသီဥတု ပြောင်းလဲမှုကြောင့် မိုးစပါးမျိုး ပြောင်းလဲစိုက်ပျိုး

နတ်မောက် ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ခုနှစ် မိုးဦးအစောသီးနှံများ စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မိုးစပါးအထွက်ကောင်းမျိုးသန့်များ ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။ ဒေသနှင့်အဝန်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ သီးထပ်သီးညှပ်စိုက်ဧရိယာများအချိန်ရာသီအမီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးပြီးသီးနှံများ မိုးဦးကာလအတွင်း ဖြစ်ထွန်းအောင်မြင်နိုင်ရန်အတွက် ဒေသနှင့်သင့်တော်သည့် အထူးအထွက်တိုး သက်တမ်းတိုမျိုးများ ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။ မိုးစပါးကို သက်တမ်းအားဖြင့် ၁၀၅/၁၁၀ ရက်သာရှိသည့် ဈေးကွက်ဝင်အထွက်ကောင်း (ပုလဲသွယ်၊ရွှေပြည်ဌေး၊ ရတနာတိုး) စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးမှုအားဖြင့် ယခုနှစ်အတွင်း ယခင်နှစ်များထက် ၁၁ ဒသမ ၆၁ ရာခိုင်နှုန်းကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍ သီးနှံအလိုက် မျိုးစေ့လိုအပ်ချက်များအား စုဆောင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။ အဆိုပါ ရာသီဥတုပြောင်းလဲမှုအပေါ် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီက အစဉ်တစိုက်အလေးထားဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးဆက်စပ်ဌာနများကလည်း ကျေးရွာအုပ်စုများအလိုက် အသိပညာပေးဆွေးနွေးပွဲများ ပိုမိုဆောင်ရွက်လာနိုင်ခဲ့သလို ဒေသနေသီးနှံစိုက်တောင်သူများဘက်မှလည်း ရာသီဥတု၏ ပြောင်းလဲမှုဖြစ်စဉ်များအပေါ် သိရှိလက်ခံလာပြီး စိုက်ချိန်ရာသီ သီးနှံပုံစံစိုက်နည်းစနစ် ရာသီနှင့်သင့်တော်သည့် မျိုးကောင်းမျိုးသန့်များအား ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် စိတ်ဝင်တစားဆွေးနွေးမှုများနှင့် ပူးပေါင်းပါဝင်မှုများ ပိုမိုစိုက်ပျိုးလာပြီဖြစ်ကြောင်း သိရသည်။ **လှဝင်း(iprd)**

တရားမဝင်သစ်များ ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၃

သစ်တောဦးစီးရုံးချုပ် စစ်ဆေးရေးဌာနမှ ဦးစီးအရာရှိနှင့် ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက်က စိုင်းရကြိုးဝိုင်းအကွက်အမှတ်(၆၇) အတွင်းမှ တရားမဝင်အခြားသစ်လုံး ၂၆ လုံး ၆ ဒသမ ၃၅၄ တန်၊ လုံးပတ် သုံးပေအောက် သစ်ခုနစ်လုံး ၀ ဒသမ ၉၇၂ တန်နှင့် အခြားခွဲသားငါးချောင်း ၀ ဒသမ ၅၈၈ တန် စုစုပေါင်း ၇ ဒသမ ၉၁၄ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဆောင်သော သစ်တောဝန်ထမ်းအဖွဲ့သည် ရိုးမကြိုးပြင်ကာကွယ်တောအကွက် (VIII)အတွင်းမှ ဇွန် ၂၅ ရက်က တရားမဝင်လုံးပတ်သုံးပေအောက် ကျွန်းသစ်ခုနစ်လုံး၊ ၁ ဒသမ ၂၀၀ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ရေဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ တနသ်ာရီ သဘာဝကြိုးဝိုင်းစီမံကိန်းမှ ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက်က သတင်းအရ ထားဝယ်မြစ်အတွင်းရှာဖွေခြင်း ဆောင်ရွက်ခဲ့ရာ ဟိန္ဒဲ ကလိန်အောင်ကြိုးဝိုင်းအကွက်အမှတ်(၁၉)အတွင်းမှ တရားမဝင်သစ်ခွဲသားဆိုက်စုံ ၅၇ ချောင်း ၁ ဒသမ ၃၇၂ တန် တင်ဆောင်ထားသော ဖောင်တစ်ဖောင်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ မြဝတီခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဇွန် ၂၅ ရက်တွင် မြဝတီမြို့နယ် ထီးမယ်ဝါးခီးကျေးရွာ မြောက်ဘက် တစ်မိုင်ခန့်အကွာနေရာမှ တရားမဝင် အခြားသစ် ၂၇ လုံး ၀ ဒသမ ၇၁၃ တန်ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကောက်ခွန်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းမိ

ပခုက္ကူ ဇူလိုင် ၃

ပခုက္ကူမြို့ အမှတ်(၄)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(မကွေး) အမှတ် (၁၁) တပ်ဖွဲ့စု ယာဉ်ထိန်းတပ်ဖွဲ့စိတ် (ပခုက္ကူ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်စိုးမြင့်ထွေး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် ပခုက္ကူမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဇင်ဦးနှင့်အဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၂၉ ရက် ညနေ ၆ နာရီခွဲက ပေါက်လမ်းနှင့် မြို့ရှောင်လမ်းဆုံအနီးတွင် မော်တော်ယာဉ်များကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ဝေလင်းမောင် ပခုက္ကူမြို့နယ်နေသူမောင်းနှင်လာသည့် (Toyota v-s)အဖြူရောင်ယာဉ်ကို စစ်ဆေးခဲ့ရာ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပေးထားသည့် စာရွက်စာတမ်းများတင်ပြနိုင်မှုမရှိသည့်အပြင် ၄င်းကိုယ်တိုင်လွှန်ခဲ့သော သုံးလခန့်က ငွေကျပ် ၂၈ သိန်းဖြင့် ဝယ်ယူထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အကောက်ခွန်မဲ့ မော်တော်ယာဉ်လက်ဝယ်ထားရှိသူ ဝေလင်းမောင်အား ပခုက္ကူမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချ-စာသင် သံဃာတော်အရှင်မြတ် ၂၈၀ တို့အား ပရိယတ္တိသာသနပါလအသင်းမှ ကြီးမှူး၍ (၃၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက် (တနင်္ဂနွေနေ့) ၁၃-၇-၂၀၁၄ရက် နံနက် ၈း၃၀နာရီ အဘိဓဇဆွမ်းစားကျောင်းတော်ကြီးတွင် ဆက်ကပ်လှူဒါန်းပါမည်။ နံနက် ၉နာရီတွင် ရေစက်ချ အနုမောဒနာတရားနာကြားပါမည်။ သင်္ကန်းဒွိစုံတစ်စုံ ၅၀၀၀ (မိမိနှစ်သက်ရာသင်္ကန်းဖြစ်စေ) သံဃာတစ်ပါးအတွက် ဆွမ်းစရိတ် ၂၀၀၀ စသည့် လှူဖွယ်ပစ္စည်းများကို ဖုန်း-၀၉-၄၃၀၂၀၄၂၁၊ ၀၉-၄၂၀၁၉၂၅၂၅ သို့ ဆက်သွယ်လျက် စေတနာသုံးတန်ပြဋ္ဌာန်းပြီး နိဗ္ဗာန်ရည်မှန်း လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။
အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနပါလအသင်းပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)
စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) စုံညီစွာတက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၉-၅၀၄၆၁၆၇၊ ဒုဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊ အတွင်းရေးမှူး ဦးစိန်တင် ဖုန်း-၀၉-၈၅၃၀၁၅၄၊ တွဲမှူး ဦးထွန်းကြည် ဖုန်း-၀၁-၇၀၀၅၉၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၀၁-၂၄၂၂၄၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
အမှုဆောင်အဖွဲ့

ကမ္ဘာအေးစွန်းလွန်းဝါဆိုသင်္ကန်းကပ်ပွဲ

၁၃၇၆ခုနှစ် ဝါဆိုလပြည့်နေ့၊ ၁၁-၇-၂၀၁၄ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကမ္ဘာအေးစွန်းလွန်း ဆရာတော်ဦးဝရ အမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။
ကမ္ဘာအေးစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့

အမည်ပြောင်း

လားရှိုးမြို့၊ **နေခြည်** ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်း(က)မှ မကြာရီးအား နန်းအွမ်ဆိုင်ဟု လည်းကောင်း၊ သူငယ်တန်း(က)မှ စိုင်းကွယ်လျှန်အား စိုင်းစွမ်ခေးဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း ၁၊ မြေကွက်/ဦးပိုင်အမှတ် ၅၂၃၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးသိန်းဇော်အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးသိန်းဇော် ၁၂/လကန(နိုင်) ၀၁၅၃၂၅ (ဘ) ဦးမောင်သောင်းမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4G/3469၊ Hino Profia FW/KED Truck(8×4) T/S R ယာဉ်လက်ဝယ်ရှိသူ ဦးကြီးမြင့် ၁၂/သခန(နိုင်) ၀၇၂၁၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

အများသိစေရန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၃၀)၊ မင်းရဲကျော်စွာရပ်၊ ဦးပိုင်အမှတ် ၁၉(က) မြေကွက်၊ (ယခင်သစ်ဆိုင်မြေကွက်အဟောင်း)မှ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်နေ အစ်မဖြစ်သူ ကျွန်မ ဒေါ်ကျင်မွေး(ခ)ဒေါ်မွေးမွေး(ခ)သင်းသန္တာဆွေ(တပ်ကုန်း) ၉/တကန(နိုင်)၀၀၄၄၄၀ (ဘ-ဦးပု OZ-၀၅၅၅၀၈)၏ အမွေပိုင်ဆိုင်ရပိုင်ခွင့် မြေအတိုင်းအတာအား မောင်ဖြစ်သူ ဦးလှဦး ၉/တကန(နိုင်)၀၁၇၀၂၃ (ဘ-ဦးပု OZ-၀၅၅၅၀၈)အား ယနေ့ကြော်ငြာသည့်ရက်မှစ၍ အပြီးအပိုင် မေတ္တာဖြင့် လွှဲအပ်ပေးလိုက်ကြောင်း ကြေညာအပ်ပါသည်။
ဒေါ်ကျင်မွေး(ခ)ဒေါ်မွေးမွေး(ခ)သင်းသန္တာဆွေ(တပ်ကုန်း)
နေပြည်တော်၊ တပ်ကုန်းမြို့

အလုပ်ရမည်ပြောပြီး ဖြားယောင်းသွေးဆောင်လာသူဖမ်းဆီး

လားရှိုး ဇူလိုင် ၃

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်အမျိုးသားနှင့် လက်ထပ်ထိမ်းမြားပေးရန်ရည်ရွယ်ချက်ဖြင့် ဖြားယောင်းသွေးဆောင်ပြီး ခေါ်ဆောင်လာသူ လေးဦးတို့အား လားရှိုးမြို့ရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုနေစဉ် ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ချင်းတွင်းလမ်း (၁၄) ရပ်ကွက်နေ မဇင်မာဝင်း(၂၄နှစ်) သည် ခင်ပွန်းဖြစ်သူနှင့်စကားများရန်ဖြစ်ပြီး အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက်နေ သူငယ်ချင်း မသဇင်ဦး၏ နေအိမ်သို့ရောက်ရှိကာ ငါးရက်ခန့်တည်းခိုနေထိုင်ခဲ့သည်။ နေထိုင်စဉ်အတွင်း မသဇင်ဦးနှင့် ၎င်း၏မိခင်ဒေါ်တင်တင်လှတို့က လားရှိုးမြို့ရှိ KTVဆိုင်တွင် အလုပ်လုပ်လိုပါက တစ်လလျှင်လစာငွေ နှစ်သိန်းရမည်ဖြစ်ကြောင်း၊ ခြောက်လပြည့်ပါက စားစရိတ်များနုတ်ပြီး အသားတင်ငွေ ခုနစ်သိန်းရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် အလုပ်လုပ်ရန်သဘောတူညီခဲ့ပြီး မသဇင်ဦး၏မိခင် ဒေါ်တင်တင်လှ၊ ဒေါ်သန္တာစိုး၊ ဇော်ဖြိုးမင်းဆိုသူတို့နှင့်အတူ ဇွန် ၂၈ ရက်က ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ လားရှိုးမြို့သို့ ဇွန် ၂၉ ရက်နေ့တွင် ရောက်ရှိကာ ရပ်ကွက်(၂)ရှိ နယူးအာရှ တည်းခိုခန်းတွင် တည်းခိုခဲ့သည်။ ဇွန် ၃၀ ရက်တွင် ခေါ်ဆောင်လာသူများကအလုပ်လုပ်ရမည့်နေရာမှာ လားရှိုး KTV ဆိုင်တွင်မဟုတ်ဘဲ တရုတ်နိုင်ငံ မိန်းတိန်မြို့ရှိ တရုတ် ယောကျာ်းတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ရမည်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုသည့်အတွက် မဇင်မာဝင်းက ရန်ကုန်မြို့ရှိ ခင်ပွန်းဖြစ်သူထံ ၎င်းတို့မသိအောင် ဖုန်းဆက်အကြောင်းကြားခဲ့သည်။

မဇင်မာဝင်း၏ခင်ပွန်းက အင်းစိန်မြို့မရဲစခန်းသို့ သွားရောက် သတင်းပေး တိုင်ကြားခဲ့ရာ အင်းစိန်မြို့မရဲစခန်းက လားရှိုးမြို့မရဲစခန်းမှူးထံသို့ ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ လားရှိုးလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၁၆) မှ တပ်ဖွဲ့ဝင်များက နယူးအာရှ တည်းခိုခန်းသို့သွားရောက်၍ မဇင်မာဝင်းကို ကယ်တင်ကာ ၎င်းကိုခေါ်ဆောင်လာသူလေးဦးအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်အမျိုးသားနှင့် ထိမ်းမြားစေခြင်းဖြင့် အကျိုးအမြတ်ရယူရန်ကြံရွယ်ဆောင်ရွက်ခဲ့ကြသော မသဇင်ဦး (၂၈နှစ်)၊ ဒေါ်တင်တင်လှ(၅၁နှစ်)၊ ဒေါ်သန္တာစိုး(၆၃နှစ်) ဇော်ဖြိုးမင်း(၃၂နှစ်) အင်းစိန်မြို့နယ်နေသူတို့လေးဦးအား လားရှိုးမြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

နေမျိုးနွယ်

Miss Myawaddy အလှမယ်ပြိုင်ပွဲ ကျင်းပ

မြဝတီ ဇူလိုင် ၃

ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင် မြဝတီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် Miss Myawaddy အလှမယ်ပြိုင်ပွဲကို ဇွန် ၃၀ ရက်က မြဝတီ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ကျင်းပရာ အလှမယ် ၁၄ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အလှမယ်များက သတ်မှတ်ကိုယ်ဟန်လေးမျိုး၊ စိတ်ကြိုက်ပုံစံများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ဆန်ခါတင်ခြောက်ဦးရွေးချယ်ပြီး ပထမဆုရ မခြူးအိသွယ်၊ ဒုတိယဆုရ မချစ်စုငယ်၊ တတိယဆုရ မအေးမြတ်သူတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးထွန်းက ဆုများချီးမြှင့်ခဲ့ပြီး ကျန်ဆုများကို တာဝန်ရှိသူများက ဆက်လက်ချီးမြှင့်ကြောင်း သိရှိရသည်။

နဒီမြင့်မိုရ်(မြဝတီ)

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်

ဆင်ပေါင်ဝဲ ဇွန် ၃

မြို့နယ် တိုင်းရင်းဆေးကုဌာနက ကြီးမှူး၍ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲအခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၃၀ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆင်ပေါင်ဝဲမြို့နယ်ရှိ ကျေးရွာ ၁၀၃ ရွာသို့ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ရီရီလွင်က အရေးပေါ်သုံးတိုင်းရင်း ဆေးသေတ္တာကိုင်ဆောင်မည့်သူများအား သင်တန်းပို့ချခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး တစ်ရွာတစ်လုံးစီအရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ရရှိခြင်းကြောင့် ကျေးရွာနေပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

လှိုင်လင်မြို့နယ် ၂၀၁၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ ကျင်းပစဉ်။ မိုးလွင်ဦး(လှိုင်လင်)

အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းနှင့် တိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ

ဝန်းသို ဇူလိုင် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာတွင် ဒေသခံပြည်သူတို့၏ ကျန်းမာရေးအတွက်အကျိုးပြုမည့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်က ကျင်းပကြောင်း သိရသည်။

စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးတင်မောင်အေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးက တိုက်နယ်ဆေးရုံကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နမ်းခမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းသို့ အဆင့်တိုးမြှင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်နှင့်အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လှမျိုးထွန်း(iprd)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း၊ နေပြည်တော်တွင်အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ	၂၂ မျိုး
၂။	ပရိဘောဂ(စာသင်ခုံအရှည်နှင့် ထိုင်ခုံအရှည်၊ အရာရှိစားပွဲနှင့် ကုလားထိုင်၊ ဖိုင်တင်စင်၊ ခွေးခြေခုံ၊ သံမဏိဗီရို)	၁၁ မျိုး
၃။	ရေသိုလှောင်ကန်နှင့် ရေစင်တည်ဆောက်ခြင်း	(၁)ကန်၊ (၁)ခု
၄။	လျှပ်စစ်မီးလိုင်းများသွယ်တန်းတပ်ဆင်ခြင်း	၂၈၀၀ ပေ

၂။ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၃-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဌာနမှူး(စီမံ)ရုံးခန်းတွင်လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ Website ဖြစ်သော http://www.m/frd. gov.mm တွင်လည်းကောင်း၊ Facebook Page ဖြစ်သော "မွေးရေ/ကျေးလက်" တွင်လည်းကောင်း ရယူနိုင်ပြီး ၃-၈-၂၀၁၄ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၅၂၅၊ ၄၁၆၅၃၀၊ ၄၁၆၆၅၈

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ ဖောင်တော်သီကျေးရွာ အထကကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မစီစီခိုင်မင်း၏ဖခင်အမည်မှန်မှာ ဦးမျိုးတင့်ဆွေ ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ပင်မသုံးထပ်စာသင်ဆောင်တည်ဆောက်ခြင်းအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါတက္ကသိုလ်များတွင် ပင်မသုံးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)	နည်းပညာတက္ကသိုလ်(သန်လျင်)	ပင်မသုံးထပ်တိုးချဲ့စာသင်ဆောင် (သံကူကွန်ကရစ်) Basement အပါအဝင် (၉၄၂၀၆ စ/ပေ)
(ခ)	နည်းပညာတက္ကသိုလ်(မန္တလေး)	မူလပင်မသုံးထပ်စာသင်ဆောင်၏ ရှေ့မျက်နှာစာ ဘယ်/ညာနှစ်ဖက်တွင် တစ်ဖက်(၄၀၀၀ စ/ပေ) ဝန်းကျင်ခန့်ရှိ နှစ်ဖက်အတွက် စုစုပေါင်း(၈၀၀၀ စ/ပေ) သံကူကွန်ကရစ်ပင်မသုံးထပ်စာသင်ဆောင် တည်ဆောက်ခြင်း(မူလပင်မဆောင်နှင့် လိုက်ဖက်ညီသော ဗိသုကာဒီဇိုင်းပုံစံရေးဆွဲတင်ပြရမည်)
(ဂ)	မန္တလေးနည်းပညာတက္ကသိုလ်	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၁၈၀၀၀၀ စ/ပေ)
(ဃ)	ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၁၈၀၀၀၀ စ/ပေ)
(င)	ကွန်ပျူတာတက္ကသိုလ်(မုံရွာ)	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၁၃၀၀၀၀ စ/ပေ)
(စ)	ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၈၀၉၆၉ စ/ပေ)
(ဆ)	ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၈၀၉၆၉ စ/ပေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ရုံးအမှတ်(၂၁)၊နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၅-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကယားပြည်နယ်တရားလွှတ်တော်
ဝန်ထမ်းအိမ်ရာ၊ အစည်းအဝေးခန်းမနှင့် အရာရှိရုံးခန်းတိုးချဲ့ဆောက်လုပ်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်တရားလွှတ်တော်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ
(က)	ကယားပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမနှင့်အရာရှိ ရုံးခန်းတိုးချဲ့ဆောက်လုပ်ရန်	တစ်ထပ်အာရ်စီ (၁၇၀၀ စတုရန်းပေ)
(ခ)	လွိုင်ကော်မြို့နယ်တရားရုံး အရာရှိဝန်ထမ်းအိမ်ရာ	(ပေ၆၀×၃၅ပေ)နှစ်ခန်းတွဲတစ်ထပ်အုတ်ညှပ် အဆောက်အအုံ (ရေနှင့်မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၇-၂၀၁၄ရက်မှ ၁၇-၇-၂၀၁၄ရက်အထိ ကယားပြည်နယ်တရားလွှတ်တော်၊ လွိုင်ကော်မြို့တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၇-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ လုပ်ငန်းတစ်ခုထက်ပို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအတွက် သတ်မှတ်အိတ်ဖွင့်တင်ဒါတစ်ခုချင်း တင်သွင်းရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး ဖုန်း-၀၈၃-၂၂၉၈၄၊ ၂၁၀၆၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D-6164 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၄၁၆၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တပ်ကုန်းမြို့နယ်တွင် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအား ဆင်းကတ်များ မဲစနစ်ဖြင့် ချထား

တပ်ကုန်း ဇူလိုင် ၃

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြို့နယ်ခန်းမ အသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အဖြစ် ခေါင်းရွက်ဗျပ်ထိုးဈေးသည် များအား တန်ဖိုးနည်းဖုန်းဆင်းကတ် များကို အောင်ဆန်းခန်းမအသစ်တွင် ဇူလိုင် ၂ ရက်က ချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တန်ဖိုးနည်းဖုန်းဆင်း ကတ်များကို ချထားပေးရာတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင် ထွန်း၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းတင့် နှင့် အဖွဲ့ဝင်များသည် မြို့ပေါ်(၆)ရပ် ကွက်နှင့် သပြေချောင်းကျေးရွာ အုပ်စု၊ ညောင်လွန့်ကျေးရွာအုပ်စုများမှ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအတွက် ဆင်းကတ် ၅၀ ကို မဲစနစ်ဖြင့် ချထားပေးခဲ့ကြောင်း သိရသည်။

တင်ထွန်းတာ

ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်

မော်လမြိုင် ဇူလိုင် ၃

မွန်ပြည်နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ကြီးကြပ်မှုအောက်ရှိ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မွန်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးများကို ကျောင်းသားကျောင်းသူတစ်ဦးလျှင် မူလတန်းအဆင့် ငွေကျပ် ၂၀၀၀၀၊ အလယ်တန်းအဆင့် ငွေကျပ် ၃၀၀၀၀၊ အထက်တန်းအဆင့် ငွေကျပ် ၄၀၀၀၀၊ တက္ကသိုလ်အဆင့် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဇွန်လပထမပတ်မှစတင်၍ မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ရာ ယနေ့ထိ စုစုပေါင်း ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၂၈၀၀၀၀ ဖြစ်ကြောင်း သိရသည်။

မော်လမြိုင်(ကျော်သန်း)

ညှော်လမ်းညွှန်(အခြေခံ) သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များလည်း စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများကိုစဉ်ဆက် မပြတ်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်း အမှတ်စဉ်(၄၆) ကို စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်လျှောက်လွှာများကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁ ရက်အထိ အမှတ် ၄၀/၄၂ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်သင်တန်းဝင်ခွင့်စာမေးပွဲကို ဩဂုတ် ၉ ရက် (စနေနေ့)တွင် ဗိုလ်တထောင်ဘုရားလမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၌ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်လိုက်ခံနေရသူကို တွန်းဖယ်ပေးခဲ့သူ ဓာတ်လိုက်ခံရသဖြင့် သေဆုံး

ရန်ကုန် ဇူလိုင် ၃

သဃ်န်းကျွန်းမြို့နယ်အတွင်း ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက ဓာတ်လိုက်ခံရသူကို တွန်းဖယ်ပေးခဲ့သူအမျိုးသားဓာတ်လိုက်ခံရသဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သင်္ဃန်းကျွန်းစံပြဆေးရုံတွင် အမျိုးသားတစ်ဦးဓာတ်လိုက်ခံရ၍ သေဆုံးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ သံချည်သံကွေးလုပ်သားဖြစ်သူ ကိုလမင်းထွန်း(၂၇ နှစ်)ဖြစ်ကြောင်း သိရပြီး ၄င်းတွင် ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ဖြစ်စဉ်အားစုံစမ်းရာသင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(က)ရပ်ကွက်ရှိ ဆောက်လက်စ ကန်ထရိုက်တိုက်တွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးနှင့် သံပိုက်ထောက်တိုင်တို့ထိမိပြီး သံပိုက်ထောက်တိုင်သို့ လျှပ်စစ်စီးဝင်နေကြောင်း၊ ၄င်းထောက်တိုင်ကို သံချည်သံကွေးအလုပ်လုပ်ကိုင်သူ ကိုနိုင်ဝင်း(၄၇ နှစ်)မှကိုင်မိပြီး ဓာတ်လိုက်ခံနေရစဉ် သေဆုံးသူမှတွန်းဖယ်ပေးခဲ့ရာ ၄င်းကိုပါဓာတ်လိုက်ပြီး ဒဏ်ရာရရှိသေဆုံးခြင်းဖြစ်ကြောင်းနှင့် ကိုနိုင်ဝင်းမှာ ပြင်းစွာဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်းသိရသဖြင့် ၄င်းသေဆုံးမှုနှင့်ပတ်သက်၍ သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေးအစီအစဉ် မြို့နယ်အဆင့်လုပ်ငန်း ဆွေးနွေးပွဲကျင်းပ

မတူပီ ဇူလိုင် ၃

ပညာရေးဝန်ကြီးဌာန ကျောင်းထောက်ပံ့ရေးများ ထောက်ပံ့ရေးအစီအစဉ် မြို့နယ်အဆင့်လုပ်ငန်း ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီကအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးဦးကြည်သက်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယ မြို့နယ် ပညာရေးမှူး ဦးဟာရှန်းကီက သင်တန်းနှင့် ပတ်သက်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းမှာ သုံးရက်ကြာမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းဖြစ်စဉ်ပြဿနာဖြစ်ပွားမှုများသော ပီနန်မြို့ရှိဒေသတွင် ဖမ်းဆီးမှုများစတင်

ပီနန် ဇူလိုင် ၃

နိုင်ငံခြားသားများကြောင့် မှုခင်းဖြစ်ပွားရာအများဆုံးနေရာဖြစ်သော မလေးရှားနိုင်ငံ ပီနန်မြို့ရှိ ဒေသအချို့ကို ဇွန် ၂၇ ရက်ကစတင်ပြီး အော်ပရာစီဖမ်းဆီးမှုများပြုလုပ်နေကြောင်း မလေးရှားသတင်းဌာန အချို့က ဇွန် ၂၈ ရက်က ဖော်ပြသွားခဲ့သည်။

ပီနန်မြို့ ဘာတာဝေါ့ (BM) နေရာအချို့ကို အော်ပရာစီဖမ်းဆီးမှုများပြုလုပ်သွားခဲ့ပြီး တစ်ရက်တည်း မြန်မာနိုင်ငံသား တရားမဝင်နေထိုင်သူ ရက်စေ့ကလေးငယ် အပါအဝင် ၂၂ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားငါးဦး စုစုပေါင်း ၂၇ ဦးကို ဖမ်းဆီးပြီး ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ရက်ပိုင်းအတွင်း ပီနန်မြို့တွင် မြန်မာနိုင်ငံသား နှစ်ဦး သတ်ခံခဲ့ရပြီးနောက် တစ်ဦးအရေး ပေါ်ကုသနေရကြောင်းဖြင့် နေ့စဉ်ထုတ်သတင်းများက ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံမှ တာဝန်ရှိသူများ သွားရောက်စုံစမ်းသောအခါ အသတ်ခံရသူနှစ်ဦးစလုံးမှာ တရားမဝင်နေထိုင်သူများဖြစ်ကြောင်းသိရပြီး ထိုလူသတ်မှုများကြောင့် အနီးအနားရှိ တရားမဝင်မြန်မာအလုပ်သမားနှင့် အဆိုပါတရားမဝင်အလုပ်သမားများကိုခန့်အပ်သောအလုပ်ရှင်၊ မန်နေဂျာများကိုပါ ဖမ်းဆီးထားကြောင်းကိုလည်း သွားရောက်ခဲ့သူများထံမှ သိရကြောင်းမလေးရှားရောက်မြန်မာများက ဆိုသည်။

ယခု Kampung Bagan Lebai Tahir နေရာရှိ ဖမ်းဆီးမှုများအတွက် ထိုအရပ်မှနေထိုင်သူများ၏ တိုင်တန်းမှုများကြောင့် ဖမ်းဆီးရကြောင်းနှင့် တိုင်တန်းသူများက ၄င်းတို့ဒေသတွင် နိုင်ငံခြားသား အလုပ်သမားများနှင့် မျက်နှာစိမ်းများ များပြားလာသည်ကိုတွေ့ရှိ၍ တိုင်တန်းရခြင်းဖြစ်ကြောင်းကို ဖမ်းဆီးသူအရာရှိ Hasbullah က သတင်းဌာနများသို့ ရှင်းပြခဲ့သည်။

ထို့နောက် အဆိုပါ အရာရှိက သံသယရှိသူ ၁၁၁ ဦးဖမ်းဆီးမိကြောင်း၊ ထိုအထဲမှ ၂၇ ဦးကိုသာ ဖမ်းဆီးထားကြောင်း၊ ဖမ်းဆီးသူအင်အား ၁၄၉ ဦးဖြင့်ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ ဒေသစံတော်ချိန် နံနက် ၂ နာရီတွင် စတင်ဖမ်းဆီးခြင်းဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၏ဖော်ပြချက်အရ သိရသည်။

ထို့အပြင် ဖမ်းဆီးမှုများအတွင်း အချို့မှာ ပုန်းအောင်းရန်ကြိုးစားခဲ့ကြောင်းနှင့် ခုတင်အောက်အထိ ရှာဖွေဖမ်းဆီးခဲ့ရကြောင်းကိုလည်း ENFORCEMENT အရာရှိက သတင်းဌာနသို့ ပြောကြားခဲ့သည်။

စိုးဝင်း(SP)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး
ပုသိမ်မြို့
ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ လေးခန်းတွဲ၊ နှစ်ထပ်၊ RC ဝန်ထမ်းအိမ်ရာကို ရေသန့်နှင့်လျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအပါအဝင် ဗီသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်။

အဆောက်အအုံအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးဝန်ထမ်း အိမ်ရာ	အလျား ၁၀၂ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၉ ၁/၂ ပေ၊ လေးခန်းတွဲ၊ နှစ်ထပ် RC အဆောက်အအုံ(အတွင်းရေသန့်၊ အတွင်းလျှပ်စစ်လုပ်ငန်း၊ ပြင်ပရေရရှိရေး၊ ရေသန့်လုပ်ငန်း၊ ပြင်ပလျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း နှင့်အဆောက်အအုံပတ်လည်၊ ခြံစည်းရိုး ပတ်လည်ရေမြောင်း ပါဝင်သည်)	ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့၊ မြက်တိုရပ်၊ ပုသိမ်ခရိုင် ဥပဒေရုံးနှင့် ပုသိမ်မြို့နယ် ဥပဒေရုံးဝင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဗိသုကာပုံစံများကို တစ်စုံလျှင် ၂၀၀၀ဝိ/-(ကျပ်နှစ်သောင်းတိတိ)ကို မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ပုသိမ်မြို့၌ ဖွင့်လှစ်ထားသည့် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ငွေစာရင်းအမှတ် MD 021818 သို့ ပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် ၁-၇-၂၀၁၄ရက်မှ ၃၁-၇-၂၀၁၄ရက်အထိ ရုံးဖွင့်ရက်များတွင် ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ပုသိမ်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မြေညီထပ်အစည်းအဝေးခန်းမရှိ တင်ဒါပုံးထဲသို့ ထည့်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ဖုန်း-၀၄၂-၂၅၂၉၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁) နဝမတန်း(C)တွင် တက်ရောက်ပညာသင်ကြားနေသော စိုင်းပန်ဖ (မွေးရက်၊ ၂၉.၁၀.၁၉၉၈) ၁၃/မဆတ(နိုင်)၀၅၈၃၃၅၏ ဖခင်အမည်မှန်မှာ ဦးလှို့အန်းဖူ(ကွယ်လွန်)ဖြစ်ကြောင်း။ **ဦးလှို့အန်းဖူ**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေးသိပ္ပံပထမနှစ် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါမြို့များရှိ စိုက်ပျိုးရေးသိပ္ပံများတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ သင်တန်းတက်ရောက်လိုသူများ လျှောက်ထားနိုင်သည်-

စိုက်ပျိုးရေးသိပ္ပံ	နေပြည်တော်ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ

၂။ စိုက်ပျိုးရေးသိပ္ပံသို့ တက်ရောက်ခွင့်ရရှိသူသည် (၃)နှစ်သင်တန်း တက်ရောက်ရမည်ဖြစ်ပြီး ထူးချွန်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်ရန် ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်းကို ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်အတွဲဖြင့် အောင်မြင်သူ ဖြစ်ပြီး လျှောက်လွှာပိတ်ရက် ၃၁-၈-၂၀၁၄ ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) ဝန်ထမ်းဖြစ်ပါက စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အောင်မြင်သူ/အခြေခံပညာ အထက်တန်းကို ဓာတုဗေဒ၊ ရူပဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး(၁)နှစ်ရှိရမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်ဖြစ်သည်။ လျှောက်လွှာ ပိတ်ရက် ၃၁-၈-၂၀၁၄ ရက်တွင် အသက်(၃၅) နှစ်ထက်မကြီးရ။

၄။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာကျေးရွာ (သို့) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံချက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကိုယ်လက်ကျန်းမာသန်စွမ်းပြီး ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာဆရာဝန်၏ ထောက်ခံချက်၊ စာမေးပွဲအောင်မြင်ကြောင်းနှင့် မွေးသက္ကရာဇ်အတွက် နောက်ဆုံးပညာသင်ကြားခဲ့သောကျောင်းမှ ကျောင်းအုပ်ကြီး၏ထောက်ခံချက်၊ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်စာရင်းတို့၏ (မူရင်းများ)၊ မိဘနှစ်ပါးနှင့်လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ၊ အိမ်ထောင်စုဇယားမိတ္တူများကို ပူးတွဲလျက် ၃၁-၈-၂၀၁၄ ရက်ထက်နောက်မကျစေဘဲ နီးစပ်ရာစိုက်ပျိုးရေးသိပ္ပံများသို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာလုပ်ငန်းဌာနမှတစ်ဆင့် ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၃၊ နေပြည်တော်သို့ ၃၁-၈-၂၀၁၄ ရက်အရောက် နောက်ဆုံးထားပေးပို့ရမည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါ စိုက်ပျိုးရေးသိပ္ပံများတွင် ဝယ်ယူလျှောက်ထားနိုင်သည်။

၇။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၁၀၅၂၂၊ ၀၆၇-၄၁၀၀၁၆၊ ၀၆၇-၄၁၀၄၂၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သောအောက်ဖော်ပြပါ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

စဉ်	စက်ပစ္စည်းအမည်	အရေအတွက်	
(က)	Renovation of Over Head Crane (8) Tons	9 Items	ကစစ(၃၁)(သရက်)
(ခ)	Excavator(Mine Face Shovel)	1 NO	ကစစ(၃၆) (ကျောက်ဆည်)
(ဂ)	Hydraulic Crawler Drill	1 NO	

၂။ တင်ဒါပိတ်ရက်မှာ (၅-၈-၂၀၁၄)ရက် ၁၅း၀၀ နာရီ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက စီမံရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ဖုန်း ၀၆၇-၄၀၈၁၆၀ ၊ ၀၆၇-၄၀၈၂၀၈ တို့သို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

စာကြည့်တိုက်ဖောင်ဒေးရှင်း ထောက်ပံ့ငွေပေး

ရွှေဘို ဇူလိုင် ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် တောင်တင်းကျေးရွာရှိ ကြည်စိုးထွန်းစာကြည့်တိုက်သို့ စာကြည့်တိုက်တွင်လိုအပ်နေသော ပရိဘောဂများ ဖြည့်တင်းရန် ထောက်ပံ့ငွေ ကျပ်ငါးသိန်းကို မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ဇွန် ၂၉ ရက်က ပေးအပ်ခဲ့သည်။

ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က စာကြည့်တိုက်မှူးထံသို့ပေးအပ်ပြီး ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဦးစီးအရာရှိက စာကြည့်တိုက်တွင်အမှန်တကယ်လိုအပ်နေသော ပရိဘောဂများကို ဦးစားပေးဝယ်ယူရန်နှင့်စာကြည့်တိုက်ရေရှည်တည်တံ့စေရေးအတွက် စာအုပ်၊ စာစောင်ထိန်းသိမ်းနည်းများ၊ စာအုပ်တိုးပွားရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တောင်တင်းကျေးရွာ ကြည်စိုးထွန်းစာကြည့်တိုက် ကော်မတီဝင် ဦးတိုးက ယခုကဲ့သို့ ထောက်ပံ့သည့်အတွက် ကျေးရွာကိုယ်စား ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **စိုးသီဟ**(Iprd)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မတ္တရာ ဇူလိုင် ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ညောင်အုပ်ကျေးရွာအုပ်စု ပွဲစားကုန်းကျေးရွာ၌ စာကြည့်တိုက်ဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က စာကြည့်တိုက်နှင့်ဆေးပေးခန်းရှေ့၌ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုက်နယ်ဆရာဝန်ကြီးက ကျန်းမာရေးနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက စာအုပ်များပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီးညောင်အုပ်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်ပက ကျေးဇူးတင်စကားပြောကြားသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သည် ၂၄ ပေ ပတ်လည် ကျယ်ဝန်းပြီး သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ခင်းအမျိုးအစားဖြစ်သည်။ စာကြည့်တိုက်ကို ပွဲစားကုန်းကျေးရွာနေ ဦးကျော်လင်းမိသားစုက ငွေကျပ်သိန်း ၅၀ လှူဒါန်းပြီး ရွာမှအများထည့်ဝင်ငွေ ကျပ်သိန်း ၂၀ နှင့် စုစုပေါင်း ကျပ်သိန်း ၇၀ အကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်းသိရသည်။ **(၄၃၂)**

ငါးရစ်ငါးသန်ကာလ ငါးမဖမ်းရေး စစ်ဆေး

မင်းဘူး ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင်အတွင်း ငါးမျိုးပြုန်းတီးမှုကာကွယ်တားဆီးရန် ငါးရစ် ငါးသန်ကာလများတွင် ငါးမဖမ်းဆီးရေးအတွက် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများသည် ပွင့်ဖြူမြို့နယ်နှင့်စလင်းမြို့နယ်များအတွင်း မြစ်ကြောင်းတစ်လျှောက်ရှိ ရေလုပ်သားများအား ငါးမဖမ်းဆီးရေး ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပညာပေးစည်းရုံး ဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ **တင်ထွန်းဦး**

ကွန်ကရစ်ဓာတ်တိုင်အသစ်များ ကိုယ့်အားကိုယ်ကိုးလဲလှယ်နေ

ကျောက်ပန်းတောင်း ဇူလိုင် ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် မြို့နယ်ရပ်မိရပ်ဖများနှင့် အလှူရှင်ပြည်သူများ ပူးပေါင်းပါဝင်သော ပြည်သူ့ဗဟိုပြု လျှပ်စစ်လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်အလိုက်၊ လမ်းအလိုက် ရပ်မိရပ်ဖများက ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုးကွန်ကရစ်ဓာတ်တိုင် အသစ်များ လဲလှယ်လျက်ရှိကြောင်း သိရသည်။

ဓာတ်တိုင်အသစ်လဲလှယ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁ ရက်က ကျောက်ပန်းတောင်း ဘူတာလမ်းဆုံမှ ဘူတာရုံအထိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်သူနိုင်နှင့်ဝန်ထမ်းများက ရပ်မိရပ်ဖများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

"ကျွန်တော်တို့က ဒီဘူတာလမ်းတစ်လျှောက် လမ်းဆုံအဝိုင်းကနေ ဘူတာရုံအထိ ကွန်ကရစ်တိုင်အသစ် ၁၅ လုံး လဲလှယ်သွားမှာပါ။ ဒီလိုလဲလှယ်တဲ့နေရာမှာလည်း ဘယ်အိမ်ကတော့ဘယ်လောက် ပေးရမယ်၊ ဘယ်သူကဘာလုပ်ငန်းလုပ်လို့ ဘယ်လောက်ထည့်ပါလို့ လုံးဝမသတ်မှတ်ပါဘူး၊ ကိုယ်သင့်တော်မယ်ထင်သလောက်ပဲ ထည့်စေပါတယ်၊ သဒ္ဓါကြေးပါပဲ၊ ရှေ့မှာ လက်တွေ့လုပ်နေတာဆိုတော့လည်း အားလုံးလိုလိုက လှိုက်လှိုက်လှဲလှဲပဲ ပူးပေါင်းပါဝင်ကြပါတယ်၊ အခုဆို အလှူငွေ ၂၅ သိန်းကျော်ရနေပါပြီ"ဟုဘူတာလမ်းအဝိုင်းလုပ်ငန်းမှ ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ပွဲစားဦးကြည်ဝင်းက ပြောသည်။

ကျောက်ပန်းတောင်းမြို့တွင် အဆိုပါ ကွန်ကရစ်ဓာတ်တိုင်အသစ်များလဲလှယ်ခြင်းလုပ်ငန်းကို ရပ်ကွက်အလိုက် ရပ်မိရပ်ဖများ၏ ဦးဆောင်မှုဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိရာ ဘူတာ ရပ်ကွက်တွင် ကွန်ကရစ်တိုင် ၁၅ တိုင်၊ သာယာအေးရပ်ကွက်တွင် တိုင် ၂၀၊ သီရိမင်္ဂလာရပ်ကွက်တွင် တိုင် ၄၀ စုစုပေါင်း ကိုးဆယ်ကိုးမီတာ ကွန်ကရစ် ဓာတ်တိုင် အသစ် ၇၅ တိုင် စိုက်ထူ လဲလှယ်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး ကွန်တိန်နာများနှင့် ယန္တရား တင်ယာဉ်များလည်း လမ်းဖြတ်သွယ်တန်းကြိုးများလွတ်ကင်း၍ အန္တရာယ်ကင်းစွာ သွားလာနိုင်မည်ဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**

မိုးနဲမြို့နယ်၌ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

မိုးနဲ ဇူလိုင် ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု ဆိုက်ဖယ် (ရွာသစ်) ၌ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် နမ့်စလိုင် အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းနှင့် ဘုရားဖြူ အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်သတ်မှတ်ခြင်းနှင့် ကျောင်းဆိုင်းဘုတ်တင်ခြင်းအခမ်းအနားကို ဇူလိုင်လ ၁ ရက်က အဆိုပါကျောင်းခန်းမများ၌ ကျင်းပသည်။

ကျောင်း ဆိုင်းဘုတ်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မြို့နယ်လက်ထောက် ပညာရေးမှူး ဦးအောင်ဆန်းဇော်၊ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်စိန်၊ ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စေတနာရှင်အလှူရှင် ဦးစိုင်းအောင်ကျော်လေးက ကျောင်းရန်ပုံငွေအဖြစ် အသုံးပြုနိုင်ရန် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီခိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ (မိုးနဲ)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ရုပ်ရှင်အဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Wood Free)(Sticker) (၁.၅"×၁.၂") အရွယ်အစားဆင်ဆာလက်မှတ်(Sticker)ခုရေ(၁၈၀၀၀၀၀၀)(သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၇-၇-၂၀၁၄ ရက်မှ ၁-၈-၂၀၁၄ ရက်ထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) **တင်ဒါတင်သွင်းရန်နေရာ** - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၄-၈-၂၀၁၄ ရက် နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဖုန်း-၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၇၇ ^{ဈ/၁}၊ ဧရိယာ ၀ဒသမ၀၃၄ဧကရှိ ဒေါ်မြဝင်း အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်မြဝင်း ၉/ပမန(နိုင်) ၀၃၆၁၃၁ (ဘ) ဦးအပ္ပဒူဟတ်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေများအား သက်ဆိုင်ရာစီမံကိန်းအရောက်ဈေးနှုန်း (D.D.P-at Site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၄-၇-၂၀၁၄ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍တင်သွင်းရမည်။ တင်ဒါဝယ်ယူသည့်အခါ ဘိလပ်မြေအရည်အသွေးများအား ကြိုတင်စစ်ဆေးရန်အတွက် နမူနာ ၁၀ အိတ်ပေးသွင်းထားရမည်။

၃။ အရည်အသွေးနှင့် နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁)ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊
၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁

ကားရောင်းမည်

RANGE ROVER
(LAND ROVER) 2000
Model (အစိမ်းရောင်)
ရောင်းဈေး သိန်း ၂၅၀ ညှိနှိုင်း
ဖုန်း-၀၉-၃၂၁၈၈၉၅၀၊
၀၉-၂၅၀၂၉၇၄၇၃

ဥယျာဉ်ခြံမြေရောင်းမည်

ပြည်ကားလမ်းမ မေးတင်၊ မှော်ဘီ တိုက်ကြီးကြား၊ မြေ ၁၂ဧက၊ ပုံစံ(၇)ကျပြီး၊ ညှိနှိုင်းဈေး၊ ပိုင်ရှင်အမည်ပေါက်။

ဖုန်း-၀၉-၄၂၁၁၃၆၂၇၂

ဆေးဝါးကုန်ကြမ်းပစ္စည်း(၅)မျိုး ထုပ်ပိုးပစ္စည်း(၂)မျိုးနှင့် ပလတ်စတစ်အိတ်အဝယ်တင်ဒါ (မြန်မာကျပ်ငွေ)

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - ဆေးဝါးကုန်ကြမ်းပစ္စည်း (၅)မျိုး ထုပ်ပိုးပစ္စည်း(၂)မျိုးနှင့် ပလတ်စတစ်အိတ်

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၄ ရက် ညနေ ၄:၀၀ နာရီ

၃။ **ပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)၊
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၀၇၆၊ ၀၆၇-၄၀၈၃၅၄

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၃/ခ၊ မြေကွက်တည်နေရာအမှတ် ၂၃/ခ၊ မြင်သာ ၁ လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အုန်းမြ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းမြနှင့် ခင်ပွန်းဦးသန်းမောင်ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းမော် ၁၂/ဥကတ(နိုင်)၀၉၀၃၆၁၊ ဦးဝင်းတင် ၁၂/ဥကတ(နိုင်)၀၉၀၄၅၆က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၉၁၇ အမည်ပေါက် ဦးစရိတ်၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမြင့်ဋ္ဌေး ၁၂/ကတန(ဧည့်)၀၀၀၁၂၂က မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီးမြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တာချီလိတ်တွင် ခရီးသည်တင်အမြန်ယာဉ်များစစ်ဆေး

တာချီလိတ် ဇူလိုင် ၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး ပြေးဆွဲနေသော ခရီးသည်တင် မှန်လုံအမြန်ယာဉ်များ ကြံ့ခိုင်မှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းညီညွတ်မှုရှိ၊ မရှိ စစ်ဆေးခြင်းကို တာချီလိတ်မြို့အထွက် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး သွားလမ်းဆုံ၌ ဇူလိုင် ၁ ရက်က ယာဉ်များမထွက်မီ စစ်ဆေးခဲ့ကြောင်း သိရသည်။

ယာဉ်များစစ်ဆေးရာတွင် ယာဉ်၏ အစိတ်အပိုင်း ကောင်းမွန်စွာ သုံးစွဲနိုင်ခြင်းရှိ၊ မရှိ၊ နောက်မြင်ကွင်းများ လွယ်ကူစွာတွေ့မြင်နိုင်မှုရှိ၊ မရှိ၊ သတ်မှတ်ထားသည့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်း ရှိ၊ မရှိ၊ သတ်မှတ်ထားသည့် ယာဉ်မောင်းလိုင်စင် ရယူထားခြင်းရှိ၊ မရှိ၊ ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်းလိုက်နာမှုရှိ၊ မရှိ၊ အရေးပေါ် အခြေအနေတွင် အသုံးပြုရန် ထွက်ပေါက်နှင့် တူ၊ ပုဆိန်ပါ၊ မပါ၊ ရောင်ပြန်ပြားတပ်ဆင်ထားမှုနှင့် တာယာကောင်း မကောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အရက်သေစာ သောက်စားထားခြင်း ရှိ၊ မရှိတို့ကို တာချီလိတ်ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နှင်းဖြူဦးစီး၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ကွမ်းကျင်-၂ ဦးရဲမိုးစိုး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဇော်မျိုးသန့်၊ တာချီလိတ်ခရိုင် မီးသတ်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက စစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

စေတနာ့ဝန်ထမ်းမူးယစ်ဆေးဝါးကြီးကြပ်ရေးမှူး သင်တန်းဖွင့်လှစ်ပို့ချ

တာချီလိတ် ဇူလိုင် ၃

စေတနာ့ဝန်ထမ်း မူးယစ်ဆေးဝါးကြီးကြပ်ရေးမှူးသင်တန်းကိုရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဇူလိုင် ၁ ရက် နံနက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်းသိရသည်။

သင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူကြိုကျောင်းများမှ ဆရာ ဆရာမများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအပါအဝင် စုစုပေါင်း ၃၀ တို့အား ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ တွဲဖက်ပြည်နယ်မှူးဦးကျော်သူနိုင်၊ ကျိုင်းတုံမြို့ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မြင့်၊ တာချီလိတ်မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်းမှ စခန်းမန်နေဂျာ ဦးညွန့်မြိုင်တို့က ပြန်လည်ထူထောင်ရေးစခန်းများအကြောင်း၊ မူးယစ်ဆေးဝါးစွဲနေသူများအား ပြန်လည်ထူထောင်ခြင်းအဓိပ္ပာယ်နှင့် လုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါးနောက်ခံ သမိုင်းအကြောင်းအရာများအား သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်နေ့မှ ဇူလိုင် ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၁၅)

ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

စစ်တွေ ဇူလိုင် ၃

ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာမြတ်နန္ဒာခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်း အခြေခံပညာကျောင်းများသို့ ကျောင်းကျန်းမာရေးလုပ်ငန်းများကို သတ်မှတ်ရက်များအလိုက် လှည့်လည်ဆောင်ရွက်လျက်ရှိရာ ကျောင်းတက်လမ်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဇူလိုင် ၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာမြတ်နန္ဒာခိုင်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းနှင့် ရောဂါမဖြစ်ပွားစေရေးအတွက် ခြင်နှိမ်နင်းရေးလုပ်ငန်းများ HIV/AIDS ရောဂါနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ သံကောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများအကြောင်းကို စာသင်ခန်းများအလိုက် ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်အောင်နှင့် ဆရာမများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုဖြင့် သူငယ်တန်းမှ ဆဋ္ဌမတန်း အထိ ကျောင်းသား၊ ကျောင်းသူ ၅၉၀ တို့အား တစ်ကိုယ်ရေသန့်ရှင်းမှုကောင်း၊ မကောင်း၊ အသက်အရွယ်နှင့် ကိုယ်အလေးချိန် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊ အာဟာရချို့တဲ့မှု ရှိ၊ မရှိ၊ ကူးစက်ရောဂါ ရှိ၊ မရှိတို့ကို စစ်ဆေးပြီး ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု ရှိ၊ မရှိ၊ ရေကန်၊ ရေအိုးများတွင် ပိုးလောက်လမ်းများ ခိုအောင်းခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြို့သစ် ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သစ်တောဦးစီးဌာန ၂၀၁၄-ခုနှစ် လူထုလုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြေပြင်သာအုပ်စု အောင်ချမ်းသာကျေးရွာ အနီး၌ ဇူလိုင်လ ၁ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပျိုးပင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းအားလည်းကောင်း၊ မကွေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်းက ကြက်ခြေနီအသင်းတပ်ဖွဲ့မှူး ဦးကိုဦးအား လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူးအား လည်းကောင်း ပေးအပ်ခဲ့သည်။

ထို့နောက် အောင်ချမ်းသာ စိုက်ပျိုးကွင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ (NGO) အဖွဲ့ဝင်များက စိမ်းလန်းစိုပြည်မြန်မာပြည်တစ်ခွင်၊ သာယာလှပစိမ်းမြမြဟူသော ဆောင်ပုဒ်နှင့်အညီ ကျွန်း၊ မဲဇလီ၊ ယင်းမာ၊ ယူကလစ် ပျိုးပင်ပေါင်း ၁၂၀၀ ပင်ကို နေပြည်တော်- ကံပြား ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၃၈)တွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သူရထွန်း(မကွေး)

တစ်ဖက်နိုင်ငံဘက်မှ တရားမဝင် ခိုးသွင်းခဲ့သည့် ဇိမ်ခံကားမျိုးစုံ ၃၄ စီး ဖမ်းမိ အမျိုးသမီးတစ်ဦးနှင့်အမျိုးသား ၁၉ ဦးတို့အား ဥပဒေအရ ဖမ်းဆီးအရေးယူ

မော်လမြိုင် ဇူလိုင် ၃

မွန်ပြည်နယ် အစိုးရအဖွဲ့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် တစ်ဖက်နိုင်ငံဘက်မှ တိတ်တဆိတ် ခိုးသွင်းလျက်ရှိသော ဇိမ်ခံကားမျိုးစုံတို့အား ကရင်ပြည်နယ်ဘက်မှ နေ့စဉ်ဝင်ရောက်သည့် ဇိမ်ခံကားများကို မွန်ပြည်နယ်အတွင်း ဆက်တိုက် အရှိန်အဟုန်မြှင့်ပိတ်ဆို့မှုများပြုလုပ်ပြီး ဖမ်းဆီးအရေးယူလျက်ရှိသည်။

အဆိုပါ စီမံချက်အရ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး မျိုးဆွေဝင်း ဦးဆောင်သော တပ်ဖွဲ့များနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ၂၀၁၄ ခုနှစ် မေ ၂၇ ရက် မှ ဇူလိုင် ၂ ရက်နေ့အထိ မြို့၏လမ်းဆုံလမ်းခွများတွင် လည်းကောင်း၊ မော်လမြိုင်မှ ရန်ကုန်၊ နေပြည်တော် မန္တလေးအထွက် လမ်းဆုံလမ်းခွများတွင်လည်းကောင်း ဖမ်းဆီးစစ်ဆေးရန် တရားမဝင်ခိုးသွင်းလာသည့် ဇိမ်ခံကားမျိုးစုံ ၃၄စီးကိုဖမ်းဆီးရရှိခဲ့သည်။

ဇိမ်ခံကား ၃၄ စီး ဖမ်းဆီးရမိသည့်အနက် ပိုင်ရှင်အမျိုးသမီးတစ်ဦး၊ အမျိုးသား ၁၉ ဦးတို့ကို ဥပဒေအရ မော်လမြိုင်မြို့နယ်ရဲစခန်းမှ အရေးယူထားပြီး ဇိမ်ခံ ၁၄ စီးပိုင်ရှင်မဲ့အဖြစ် အရေးယူထားပြီး ပိုင်ရှင်ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဖမ်းဆီးရမိသည့် တရားမဝင် ဇိမ်ခံကားမျိုးစုံ တန်ဖိုးငွေကျပ်သိန်း ၅၁၀ ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် ဇိမ်ခံကားမျိုးစုံသည် ဖြတ်သန်းလာသည့် လမ်းကြောင်းများတွင် ယာဉ်၏ နံပါတ်နေ့တစ်မျိုး၊ ညတစ်မျိုး တပ်ဆင်ကာ မောင်းနှင်၍ မတော်တဆယာဉ်တိုက်မှုများ ဖြစ်ပွားပြီး တိမ်းရှောင်မှုအများ ဆုံးဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

(၁၀၇)

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၄) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကောင်းစည်သူအား ယနေ့မှစ၍ မောင်ကောင်းစည်သူမင်းဟုပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းစည်သူမင်း

အမည်မှန်

တောင်ကြီးမြို့၊ ညောင်ရွှေဟော် ကုန်းရပ်ကွက်၊ ဦးထွန်းလှ-ဒေါ်နန်းအေးလူတို့၏သား စိုင်းဆိုင်မိုင်း၏ အမည်မှန်မှာ စိုင်းဆိုင်မိန်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နတ်မောက်မြို့နယ် ရွာမွန် အထက အဋ္ဌမတန်းမှ မောင်ဇော်မင်းထွေး၏ ဖခင် ဦးကွက်ကြီး အမည်မှန်မှာ ဦးသန်းအောင် ၈/နမန(နိုင်)၀၃၄၆၅၉ ဖြစ်ပါသည်။

မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရုံးစည်ကြီးကျေးရွာအုပ်စု၊ ရုံစည်ကြီး အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(C) တွင် ပညာသင်ကြားနေသော မအေးချမ်းမေ၏ မွေးသက္ကရာဇ်မှန်မှာ ၄-၂-၁၉၉၆ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးစောမိုးမြင့်လွင်ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G-3469 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၁ယ/၇၆၄၄၂ ဝေဖ့် ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၁၃/တကန(နိုင်)၀၀၉၄၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၄၁၇၆၇ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ ဦးဇော်နိုင် ၁၄/ဖပန(နိုင်) ၀၉၃၄၃၃မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဘီးလင်းမြို့တရားမရုံး

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉

မမိုးမိုးအေး(ဘ)ဦးတင်ငွေ ရွှေလဝင်းလမ်း၊ ရွာလေးပိုင်း၊ ဇုတ်သုတ်ရွာ၊ ဘီးလင်းမြို့။	**နှင့်**	၁။	မငွေဝင်း(ဘ)ဦးစောလွင် ရွာလေးပိုင်း၊ ဇုတ်သုတ်၊
		၂။	ကိုကုလား(ခ)အောင်ကိုလတ်
		၃။	မဇင်မာထွေး(ဘ)ဦးဖိုးကီး ရွာလေးပိုင်း၊ ဇုတ်သုတ်၊ဘီးလင်းမြို့။
တရားလို			**တရားပြိုင်များ**

ဘီးလင်းမြို့၊ ရွှေကျွန်းသာရပ်ကွက်၊ ရွာလေးပိုင်း၊ ဇုတ်သုတ်ကျေးရွာနေသူ ကိုကုလား(ခ) အောင်ကိုလတ် (ဘ)ဦးရွှေဖံ၊ မဇင်မာထွေး (ဘ)ဦးဖိုးကီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်မှာ-

တရားလိုက ထုတ်ချေးထားသည့် ငွေကျပ် ၅၂ သိန်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၈ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဦးလှငွေ
မြို့နယ်တရားသူကြီး
ဘီးလင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၈၇၊ မြေကွက်တည်နေရာအမှတ် ၈၇၊ အနော်မာလမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အေးမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့်(မိခင်)၏ ပထမအိမ်ထောင် ဦးစရစ်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးလှမြင့် TKA-၀၀၁၄၉၁၊ (၂) ဒေါ်အမာကြည် ၁၂/ဗတထ(နိုင်)၀၂၉၁၁၄ နှင့် ဒေါ်အေးမြင့်(မိခင်)၏ ဒုတိယအိမ်ထောင် ဦးချစ်ပု(ခင်ပွန်း)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်စီစီမြင့် ၁၂/သကတ(နိုင်)၁၁၆၉၃၉ တို့မှပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်

အထက်ပါဓာတ်ပုံရှင် မမို့မို့မြင့်အေး ၈/ခမန(နိုင်)၁၃၅၇၅၀ သည် ၁၄-၅-၂၀၁၄ရက်တွင် နေအိမ်မှထွက်သွားပါသဖြင့် ခင်ပွန်းသည်နှင့်မိသားစု စိတ်ပူနေကြပါသည်။ အမြန်ပြန်လာပါ။ ကိစ္စအဝဝကို ခွင့်လွှတ်သည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ လက်ခံထားသူအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်သည်။ သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်

ဖုန်း-၀၉-၄၀၁၆၇၅၃၉၁၊
၀၉-၄၀၁၅၃၂၃၀၄

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ စံပယ်လမ်းနေ ကျွန်မမိလှမြင့်မွန် ၃/ကကရ(နိုင်)၀၈၃၁၀၆ နှင့် ဦးသန်းကို ၁၀/မလမ(နိုင်)၀၅၀၃၂၃ တို့သည် ၂၂-၄-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မိလှမြင့်မွန်

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

[illegible]

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊အမှတ်(၁)သီရိမဟာ(တိုးချဲ့) ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၅၀၉)၊ ဧရိယာ (၀.၀၉၆)ရှိ မြေဂရန်မြေကွက်အမည်ပေါက် ဒေါ်သီတာဝင်း ၉/ မလန(နိုင်)၀၀၀၅၈၃ ၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း
စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့
စိတ်ပါဝင်စားမှုဖော်ပြချက် Expression Of Interest (EOI)

အဆိုပြုလွှာ ပေးပို့တင်ပြရန်ဖိတ်ခေါ်ခြင်း

၁။ နေပြည်တော်၊ ရေဆင်းတက္ကသိုလ်များ နယ်မြေ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် အသစ်ဆောက်လုပ်ပြီးစီးသည့် ကျောင်းသား ကျောင်းသူများ အပန်းဖြေနားနေဆောင် Recreation Centre အဆောက်အအုံအသစ်၌ (Food/ Non-Food) ဆိုင်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များသို့ စိတ်ပါဝင်စားမှုဖော်ပြချက် Expression Of Interest (EOI) အဆိုပြုလွှာများကို ၂၅-၇-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြည်တွင်းလုပ်ငန်းရှင်များမှ ပေးပို့လာသည့် အဆိုပြုလွှာများအပေါ် အခြေခံ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ဒုတိယအဆင့် Open Tender ထပ်မံခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၄၀၈၀၅၁၊ ၀၆၇-၄၀၈၀၅၆၊ ၀၆၇-၄၀၈၀၄၉၊ ၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် ဝန်ကြီးဌာန၏ web-site၊ မွေးရေကျေးလက် facebook တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သမဝါယမဝန်ကြီးဌာန
(သမဝါယမတက္ကသိုလ်/ကောလိပ်များ ညွှန်ကြားမှုအဖွဲ့)
သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်၏ ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တွင် အောက်ပါသင်တန်းများ ဖွင့်လှစ်ပါမည်-

(က) သမဝါယမတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပေးအပ်မည့်ဘွဲ့များမှာ-

(၁) B.BSc (Regional Development)
(၂) B.BSc (Accounting & Finance)
(၃) B.BSc (Applied Statistics)
(၄) B.BSc (Marketing Management)
(၅) B.BSc (Social Enterprises Management)

(ခ) သမဝါယမကောလိပ်(ဖောင်ကြီး/မန္တလေး)တို့မှ ပေးအပ်မည့် ဒီပလိုမာများမှာ-

(၁) Diploma in Social Enterprises Management (Dip.S.E.M)
(၂) Diploma in Business Management (Dip. H.M)
(၃) Diploma in Banking, Finance and Insurance (Dip.B.FI)
(၄) Diploma in Regional Development (Dip.R.D)
(၅) Diploma in Financial Management (Dip.F.M)
(၆) Diploma in Business Accounting (Dip.B.Acct)
(၇) Diploma in Marketing Management (Dip.M.M)
(၈) Diploma in Applied Statistics (Dip.A.S)

(ဂ) ယွန်းပညာကောလိပ် (ပုဂံ)

Diploma in Lacquerware Technology (Dip.L.T)

၂။ ဘွဲ့အတွက် သင်တန်းကာလမှာ (၄)နှစ်စီဖြစ်ပြီး ဒီပလိုမာများအတွက် သင်တန်းကာလမှာ (၂)နှစ်စီ ဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းများသို့ တက်ရောက်ရန်အတွက် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်အပေါ်တွင်မူတည်၍ လိုအပ်ပါက လူတွေ့နှုတ်ဖြေစာမေးပွဲဖြင့် စိစစ်ရွေးချယ်လက်ခံသွားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ (ရွေးချယ်ခြင်းခံရပါက မူရင်းပေးအပ်ရမည်)
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်မူရင်း
(ဂ) ကျန်းမာကြောင်း မြို့နယ်/ဒေသန္တရကျန်းမာရေးဌာန၏ထောက်ခံချက်မူရင်း

၅။ လျှောက်လွှာနှင့်လမ်းညွှန်များကို သမဝါယမဦးစီးဌာန (ညွှန်ကြားရေးမှူးချုပ်ရုံး)၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန [ညွှန်ကြားရေးမှူးချုပ်ရုံး/ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)/အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်)]၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်သမဝါယမဦးစီးဌာနများ၊ သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တို့တွင် ဝယ်ယူလျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၉-၈-၂၀၁၄ရက် ဖြစ်ပါသည်။ အသေးစိတ်သိလိုသောအချက်အလက်များကို လျှောက်လွှာဝယ်ယူရာဌာနများနှင့် ဖုန်း-၀၆၇-၄၁၀၃၄၃ နှင့် ၀၆၇-၄၁၀၂၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမည်ပြောင်း

ဦးအောင်ညွှန့်၏သား ဗန်းမော်မြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးအောင်အား မောင်သန့်ဇင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သန့်ဇင်

(၃၉)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၌ ပုရိမဝါဆိုတော်မူကြမည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်ဆရာတော်ကြီး အမှူးရှိသော ပရိယတ်၊ ပဋိပတ် သာသနာပြု သံဃာတော်အပါး ၅၄၀ကျော်တို့အား စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲ အလှူတော်မင်္ဂလာကို ကျင်းပမည်ဖြစ်ကြောင်းနှင့် မိမိသဒ္ဓါတရားအလျောက် ဆရာတော်ကြီးအား အလှူရှင်များကိုယ်တိုင်လှူဒါန်းနိုင်ရန် သင်္ကန်း၊ ထီး၊ ဖိနပ်တို့ကို စီစဉ်ထားပါသည်။

ကျင်းပမည့်ရက် - **၁၃၇၆ခုနှစ် ဝါဆိုလပြည့်နေ့ (၁၁-၇-၂၀၁၄ရက်) သောကြာနေ့**
တရားနာရေစက်ချချိန် - **မွန်းတည့် ၁၂:၀၀နာရီ**

ဝေယျာဝစ္စအဖွဲ့
တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
ဖုန်း-၀၉-၂၅၀၃၆၅၁၁၅၊ ၀၉-၈၆၃၀၃၁၃

စေ့စပ်မင်္ဂလာကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ လမ်းသစ်လမ်းနေ ဦးသန်းမြင့် (မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ-ငြိမ်း)-ဒေါ်စန်းနွဲ့ကြည် (မြို့နယ်သမဝါယမဦးစီးမှူး-ငြိမ်း)တို့၏သားလုရတနာ၊ မန္တလေးမြို့နေ ဗိုလ်မှူးပြည့်ဖြိုးအောင်အောင်-ဒေါ်ရွှေစင်ဝင်းတို့၏ညီ

ဗိုလ်မှူး/ဗိုလ်ကြီးရဲဝင့်မောင်မောင်

B.C.Sc(DSA), M.C.Sc(MEPhi) Ph.D(Thesis)

လ/ထ ကထိက၊ ကွန်ပျူတာသိပ္ပံဌာနစစ်တက္ကသိုလ်၊ ပြင်ဦးလွင်မြို့

နှင့်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၅ လမ်း၊ ၃၄×၃၅ လမ်းကြား၊ တရားရေးရိပ်သာနေ ဦးကျော်မြ(ပဲ၊ စပါးရောင်းဝယ်ရေး)၊ ဒေါ်လေးလေးမွန် (မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး)တို့၏ သမီးလုရတနာ၊ မောင်ဟန်နိုင်အောင် B.C.Sc(Hons) (Q) ၏အစ်မ

မသင်းသီတာကျော်

B.A(Myanmar)

မန္တလေးမြို့၊ ၇၈လမ်း(ရိုးမဘဏ်)

တို့၏ ၂၉-၆-၂၀၁၄ ရက်က မန္တလေးမြို့၊ တရားရေးရိပ်သာနေ ဦးကျော်မြ-ဒေါ်လေးလေးမွန်တို့၏နေအိမ်၌ စေ့စပ်မင်္ဂလာ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးကြည်သိန်း၊ စေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်သောင်းစိုး၊ သတို့သားရှင်ဘက်မှ တောင်းရမ်းပေးပါသော တပ်မှူးဗိုလ်မှူးကျော်ကျော်အောင်နှင့်ဇနီး ဗိုလ်ကြီး သက်သက်စိုး၊ သတို့သမီးရှင်ဘက်မှလက်ခံပေးပါသော မန္တလေးတိုင်း ဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်သောင်းစိုး၊ အဘက်ဘက်မှကူညီပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ရပ်ဝေးရပ်နီးမှ ချီးမြှင့်ပေးပါသော မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူး/ဗိုလ်ကြီးရဲဝင့်မောင်မောင်-မသင်းသီတာကျော်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၆၆၆ Toyota Crown Saloon ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၆၀၈၁၈ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ ဦးသန်းဌေး ၁၄/ညတန(နိုင်)၁၂၅၃၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)
မအူပင်မြို့

နိုင်ငံ့တာဝန်ကျေပွန်အောင် ကျသင့်အခွန်မှန်မှန်ဆောင်

ရွှေရည်ပန်းစက်မှ အမြန်ရောင်းမည်

1. 90'x100'	2RC	ကျောက်ကုန်း-ရန်ကင်း	သိန်း ၁၇၀၀၀
2.120'x70'	1RC	ရန်ကင်း	သိန်း ၂၅၀၀၀/
3.70'x180'	2RC	ရန်ကင်း	သိန်း ၂၅၀၀၀/
4.75'x75'	2RC	ရန်ကင်း	သိန်း ၁၆၀၀၀/
5.100'x100'	2RC	ရန်ကင်း	ညှိနှိုင်း

ဖုန်း-၀၉-၄၃၀၁၇၀၀၀၊ ၀၉-၅၀၄၃၅၂၆၊ ၀၉-၅၀၈၉၇၆၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၅)၊ မြေကွက်အမှတ်(၇၄၃)၊ အလျားပေ(၄၀×၆၀)ပါမစ်မြေကွက် အမည်ပေါက် ဦးတင်ထွေး ၁၀/မလမ(နိုင်)၀၂၅၇၇၁ ထံမှ ဒေါ်သန်းသန်းရီ ၁၂/ဥကမ(နိုင်)၁၀၀၃၀၅ သည် ၉-၆-၂၀၁၁တွင် အရောင်းအဝယ်စာချုပ်ဖြင့် အပြီးပိုင်ငွေချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းရီ
၁၂/ဥကမ(နိုင်)၁၀၀၃၀၅
ဖုန်း-၀၉-၇၃၁၃၆၀၃၄

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၀

မန်နေဂျာ	**နှင့်**	ဒေါ်မြင့်မြင့်ဌေး
မြန်မာ့စီးပွားရေးဘဏ်		
ပဲခူးမြို့။		
တရားနိုင်		**တရားရှုံး**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ (၂၃)ရပ်ကွက်၊ အုန်းခြံလမ်းသစ်၊ အမှတ် ၉၈၆ နေ ၁။ ဒေါ်မြင့်မြင့်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၂၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၅ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆၂

မန်နေဂျာ	**နှင့်**	၁။ ဦးသန်းဌေး
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ခင်နှင်းရည်
ပဲခူးမြို့။		
တရားနိုင်		**တရားရှုံးများ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ အမှတ်(၃)ရပ်ကွက်၊ တပင်ရွှေထီးလမ်းသွယ်(၂)၊ အမှတ် ၃/၃၅၆နေ ၁။ဦးသန်းဌေး၊ ၂။ဒေါ်ခင်နှင်းရည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၂၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော/တောင်ရပ်ကွက်၊ သရက်တော ၃လမ်း၊ အမှတ် ၈၁၊ သုံးလွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂½×၅၀)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်ကြည်သာတင့် ၁၂/ကမတ(နိုင်)၀၃၉၂၆၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး LL.B, D.B.L, D.M.L,D.I.L — **ဦးမြတ်ထွန်း B.Sc, R.L**
အထက်တန်းရှေ့နေ(စဉ်-၂၇၁၂၈) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၉၀)**
အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅

အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သူ မောင်ချစ်ကိုကိုလှိုင် ၁၂/မရက(နိုင်)၁၄၈၁၃၂ နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ မယုဇနေ ၁၂/စခန(နိုင်)၀၆၉၈၇၆ တို့သည် ၄င်းတို့၏နှစ်ဦးသဘောဆန္ဒအရ ၉-၆-၂၀၁၄ ရက်တွင် လှိုင်မြို့နယ်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ထို့ကြောင့် ၉-၆-၂၀၁၄ ရက်မှစ၍ ကိုချစ်ကိုကိုလှိုင်နှင့် မယုဇနတို့မှာ မည်သို့မျှပတ်သက်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မယုဇန၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင် (စဉ်-၇၀၉၇) — **ဦးနိုင်ဝင်း (စဉ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ — **အထက်တန်းရှေ့နေ**
အမှတ်(၂၇/ဘီ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

အမှတ် ၁၄၀၊ ပထမထပ်ခေါင်းရင်းခန်း၊ သုခမြိုင် ၃လမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်နှင့်ပတ်သက်၍

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်သင်းသင်းယု ၁၂/လမန(နိုင်)၁၂၆၀၄၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၈)ရပ်ကွက်၊ သုခမြိုင် ၃လမ်း၊ အမှတ် ၁၄၀ ရှိ ၃½×၅ ထပ်တိုက်၏ ပထမထပ်ခေါင်းရင်းခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေသည် မူလပိုင်ရှင် ဒေါ်အေးအေးမြင့်ထံမှ ၂၀-၆-၂၀၁၂ ရက်ကတည်းက တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားခဲ့ပြီးဖြစ်ပြီး လက်ရှိတွင်လည်း ကျွန်ုပ်မိတ်ဆွေ၏အုပ်ထိန်းညွှန်ကြားမှုအောက်တွင်သာရှိပြီး အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်မိတ်ဆွေနှင့်သာသက်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ပတ်သက်ခြင်း မရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေသာလျှင် ဥပဒေနှင့်အညီ တရားဝင်ရောင်းချပေါင်နှံပေးကမ်းခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ နှောင့်ယှက်ဖျက်ဆီး၊ ဟန့်တားခွင့်မရှိကြောင်းနှင့်ပြုလုပ်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

စုပေါင်းရုံးဝင်းရှေ့နေများနားနေခန်း — **စည်သူအုံ့ဘွယ် LL.B**
အင်းစိန်မြို့နယ်၊ ရန်ကုန် — **တရားလွှတ်တော်ရှေ့နေ (Advocate)**
ဖုန်း-၀၉-၇၃၀၂၁၁၂၃၊ ၀၉-၄၂၈၀၂၂၄၉၀ — **စဉ်-၈၄၅၃**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၁)ရပ်ကွက်၊ မိုးဟိန်းလမ်း၊ မြေကွက်အမှတ် ၃၅/၂၃၄(က)၊ ဒေါ်ရီရီမြင့် AC-၀၄၄၂၉၇ အမည်ပေါက် ပေ(၂၀×၆၀) မြေကွက်ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်သင်းသင်းမော် ၁၂/ဆကခ(နိုင်)၀၀၀၆၇၂ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်သန်း ၁၄/မမက(နိုင်)၀၅၀၁၄၂ က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ပြုခြင်းအား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

ဦးမင်းကိုလွင်
အထက်တန်းရှေ့နေ (စဉ်-၄၁၄၂၈)
၁/၁၀/၃၀ မြို့ပတ်လမ်း၊ လှိုင်သာယာ၊ ဖုန်း-၀၉-၄၂၅၃၀၄၉၃၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၈၉/၁၉၅၊ ပဉ္စမထပ်၊ ၅၀၂ အခန်းကို ရောင်းချသူ ဦးမြင့်ဇော် ၁၂/ပဘတ(နိုင်)၀၁၈၃၃၃ ကိုင်ဆောင်သူ အပိုင်ဖြစ်သော တိုက်ခန်းကို အပြီးအပြတ်ဝယ်ယူရန်အတွက် အရပ်ကတိစာချုပ်ဖြင့် စရန်ငွေတချို့အား ကျွန်ုပ်မှ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်နှင့် ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မေ
၅/စကန(နိုင်)၀၄၈၈၈၁
ဖုန်း-၀၉-၅၃၆၀၇၁၇

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ၆၆၈½(ဘီ)နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကိုဝင်းထွန်း ၁၄/ဟသတ(နိုင်)၁၉၅၆၄၉ ထံမှ ကျွန်ုပ်က နှစ်ဦးသဘောတူ အပြီးအပိုင်ဝယ်ယူရန် နှုတ်ကတိထားရှိကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်၏ ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်တာဓိဓိညိုထိုက်
အမှတ် ၆၊ အရာရှိအိမ်ထောင်သည်ရိပ်သာ
သန်လျက်စွန်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၈၅၅၅၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၃၇၂၊ ဧရိယာပေ(၄၀×၆၀)အကျယ်ရှိ ဦးခင်လှိုင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၇၂၊ အောင်ရိပ်သာ ၄ လမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် တစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထိုက်ထိုက်အောင် ၁၂/သဃက(နိုင်)၁၀၂၁၇၂ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံတွင် စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင်(စဉ်-၇၀၉၇) — **ဦးနိုင်ဝင်း(စဉ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ — **အထက်တန်းရှေ့နေ**
အမှတ် (၂၇/ဘီ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အလုံလမ်း၊ အမှတ်(၁၆၃/အေ)၊ ခုနစ်လွှာ ခေါင်းရင်းခန်း၊ ၁၈ပေ×ပေ၆၀ အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိနေသူများဖြစ်သော ဒေါ်သန့်သန့်စင် ၁၂/စခန(နိုင်)၀၁၄၅၆၇ နှင့် ဒေါ်ရွှေဖြူအောင် ၁၂/စခန(နိုင်)၀၆၂၀၈၉ တို့ထံမှ ကျွန်ုပ်မိတ်ဆွေသည် တစ်ဆင့်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုပါက ကျွန်ုပ်ထံကြော်ငြာပါ ခုနစ်ရက်အတွင်း ခိုင်လုံသော သက်သေခံမူရင်းစာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက အပြီးအပိုင်ငွေပေးချေလျက် အရောင်းအဝယ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇) (တရားလွှတ်တော်ရှေ့နေ)
အမှတ် ၇၁၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်၊ ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးမြင့် ၁၂/လမန(နိုင်)၁၂၆၀၄၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်မင်းဦးတို့သည် ဦးဇော်ဝင်း (GAC ဆောက်လုပ်ရေး)ကုမ္ပဏီနှင့် ၈-၇-၂၀၁၁ရက်တွင် အမှတ် ၁၄၀၊ သုခမြိုင် ၃ လမ်း၊ မြေတိုင်း ၁၄၊ ၅/C(၄၁)ကို နှစ်ဦးသဘောတူတိုက်ခန်းစာချုပ်ချုပ်ဆိုပြီး ရရှိခဲ့သောအခန်း ငါးခန်းအနက် မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်ကို ဒေါ်အေးအေးမြင့်မှလည်းကောင်း၊ ဦးကျော်မင်းဦးမှ တတိယထပ်နှင့် ခေါင်မိုးထပ်(ဒါဘာ)အခန်းအားလည်းကောင်း၊ နှစ်ဦးသဘောတူခွဲဝေရယူခဲ့ပြီး ဦးကျော်မင်းဦးမှ ခေါင်းမိုးခန်းတွင် ကိုယ်တိုင်နေထိုင်ပြီး တတိယထပ်ကိုမူ ၁၄-၈-၂၀၁၂ ရက်တွင် ရောင်းချပြီး အကျိုးခံစားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်ရှိသောအခန်း သုံးခန်းနှင့်ပတ်သက်၍ ဒေါ်အေးအေးမြင့်နှင့်သက်ဆိုင်ပြီး ကျွန်ုပ်မိတ်ဆွေသာလျှင် တရားဝင်ရောင်းချပေါင်နှံပေးကမ်းလွှဲပြောင်းခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

စုပေါင်းရုံးဝင်းရှေ့နေများနားနေခန်း — **စည်သူအုံ့ဘွယ် LL.B**
အင်းစိန်မြို့နယ်၊ ရန်ကုန်၊ — **တရားလွှတ်တော်ရှေ့နေ (Advocate)**
ဖုန်း-၀၉-၇၃၀၂၁၁၂၃၊ ၀၉-၄၂၈၀၂၂၄၉၀ — **စဉ်-၈၄၅၃**

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလျှောက်ထားလာခြင်းကို ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၀၀၉၈၀၁ (မှ)	ဦးခင်မောင်လွင် ၉/ပမန(နိုင်)၁၀၆၃၄၃	အခန်းအမှတ် ၅၀၅၊ ရန်ကင်းစင်တာအိမ်ရာ၊ ရန်ကင်းမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)



ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ် ၅၈၁၊ မြေကွက်တည်နေရာအမှတ် ၅၈၁၊ နှယ်နီ ၉ လမ်း၊ (င)ရပ်ကွက်၊ ဦးမောင်မောင် စီအက်ဖ်-၀၁၇၉၄၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် ဦးမောင်မောင်၊ မိခင်ဒေါ်သန်းမြ ကွယ်လွန်သဖြင့် ဦးချစ်မောင် ၅/မရန(နိုင်)၀၁၂၂၃၂၊ ဒေါ်ခင်မြင့်ဝေ ၁၂/တမန(နိုင်)၀၆၇၅၁၉၊ ဒေါ်ခင်စန်းဝေ ၁၂/ဥကမ(နိုင်)၀၈၇၅၃၃ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၁၁၅၊ မြေအမည်ပေါက် ဦးကျော်ကျော်လွင် WKA-၀၇၄၆၁၂ ထံမှ မြေကွက်ဝယ်ယူထားသူ ဦးစိုးမောင်မောင် ၁၂/ဥကတ(နိုင်)၁၆၄၇၂၂ က မြေချပါမစ်ဓာတ်ပုံမူရင်းပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်ဓာတ်ပုံမိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ဓာတ်ပုံမိတ္တူမှန်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၃၀၃၊ မြေကွက်တည်နေရာအမှတ် ၂၉၊ ၇ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးငွေအောင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးငွေအောင်၊ မိခင်ဒေါ်တင်မေနှင့် သားတစ်ဦးဖြစ်သူ ဦးဇေယျာအောင် လူပျိုဘဝဖြင့် ကွယ်လွန်သဖြင့် (၁)ဦးဝင်းမြင့်အောင် ၁၂/မဂတ(နိုင်)၀၅၃၉၆၆၊ (၂)ဒေါ်မာလာအောင် ၁၂/မဂတ(နိုင်)၀၅၃၉၄၇ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်စိန်(ခ)ဒေါ်ကြည်စိန်
အသက် (၇၈)နှစ်

ချောက်မြို့နေ(ဦးဘရှိန်၊ BOC ရေနံတွင်းတူးဗိုလ်-ဒေါ်သန်းတင်)တို့၏သမီး၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၃၆ လမ်း၊ (၇၀×၇၁)လမ်း၊ အောင်ချမ်းအေးရပ်ကွက်နေ ဦးသာအောင်(မြန်မာ့ကုန်တိုက်၊ ငြိမ်း)၏ဇနီး၊ ဒေါ်ကြည်ကြည်စိန်သည် ၂၄-၆-၂၀၁၄ ရက် (အင်္ဂါနေ့)ည ၇း၂၀ နာရီတွင် ကွယ်လွန်ခဲ့ပါ၍ နာရေးကိစ္စအ၀၀ဝိုင်းဝန်းကူညီပေးခဲ့သော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ တော်ဝင်အထူးကုဆေးရုံတက်ချိန် မေတ္တာဖြင့်ကုသပေးခဲ့သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်သမားတော်ကြီး ဒေါက်တာဦးဝင်းမင်းထက်နှင့် အထူးကုဆရာဝန်ကြီးများ၊ သားသမီးရင်းများသဖွယ် နှစ်ပေါင်းများစွာ အနီးကပ်ကုသစောင့်ရှောက်ပေးသော ဒေါက်တာကျော်စည်သူနှင့်ဇနီး၊ အလှည့်ကျဆရာမများ၊ တယ်လီဖုန်း၊ Email, internet တို့မှတစ်ဆင့် နှစ်သိမ့်အားပေးသောမိတ်ဆွေများ၊ အောင်ချမ်းအေးရပ်ကွက်လူမှုရေးအသင်း၊ ရပ်ကွက်သူရပ်ကွက်သားများ၊ ၂၅-၆-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် တောင်အင်းသုသာန်သို့ လိုက်ပါပို့ဆောင်ပေးသော ဆွေမျိုးမိတ်သင်္ဂဟတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ဦးသာအောင်(မြန်မာကုန်တိုက်၊ ငြိမ်း) ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

သိက္ခာတော်ရဆရာတော် စောဇက္ကဲ
သင်းအုပ်ဆရာ၊ ဗေသနီနှစ်ခြင်းခရစ်ယာန်အသင်းတော်
အသက် (၇၂)နှစ်

၂၅-၆-၂၀၁၄ ရက် နံနက် ၇း၅၅ နာရီတွင် အမှတ် (၅၇)၊ ချယ်ရီလမ်း၊ ပြင်ဦးလွင်မြို့နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်သော ဖခင်ကြီးသိက္ခာတော်ရဆရာတော်စောဇက္ကဲ နာမကျန်းစဉ် အထူးကြပ်မတ်ကုသပေးခဲ့သော ဆေးရုံအသီးသီးမှ ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ လိုအပ်သလို ပါဝင်ကူညီကြသော မိတ်ဆွေသင်္ဂဟများအားလုံးကိုလည်းကောင်း၊ ၂၈-၆-၂၀၁၄ ရက် ပြင်ဦးလွင်မြို့တွင်ပြုလုပ်ခဲ့သော ဖခင်၏ဈာပနဝတ်တွင် ပါဝင်ခဲ့ကြသော ဓမ္မအမှုတော်ဆောင်များ၊ သင်းအုပ်ဆရာတော်များနှင့် အသင်းတော်များ၊ အဖွဲ့အစည်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် အဘက်ဘက်မှ လိုအပ်သလို လာရောက်ပါဝင်မေတ္တာပြကူညီပေးကြသော ဓမ္မမိတ်ဆွေများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်အောင် မန်နေဂျာ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း၏ဇနီး ဒေါ်လှမြင့် အသက် (၆၆)နှစ်သည် ၁၆-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၄၊ လက်ထောက်မန်နေဂျာ(ရောင်း/စက်)
မြန်မာ့သစ်လုပ်ငန်း
သူငယ်ချင်းများ

ခရစ်တော်၌အိပ်ပျော်ခဲ့သော
ဒေါက်တာစောဝမ်းဒါဖိုး(လ်)ဖော
Dr.Saw Wonderful Paw, (B.V.S) 1972
အသက် (၆၄)နှစ်
၏ ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်လွှာ

၂၁-၆-၂၀၁၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်ခဲ့သော ချစ်ဖခင် ဒေါက်တာစောဝမ်းဒါဖိုး(လ်)ဖော Dr.Saw Wonderful Paw နာမကျန်းစဉ် ဂရုတစိုက်ကုသပေးခဲ့သော တောင်ငူပြည်သူ့ဆေးရုံကြီး(ဖျားနာဆောင်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး Ward-11-12 (ICU Ward) တို့မှ တာဝန်ကျဆရာဝန်ကြီးများ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကွယ်လွန်ချိန်မှစ၍ နာရေးကိစ္စတွင် အဘက်ဘက်မှလိုအပ်သလိုပါဝင်ကူညီခဲ့ကြသော မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ တောင်ငူခရိုင်ငါးမွေးမြူရေးလုပ်ငန်းအသင်း၊ Y.M.C.A များ၊ Gideon Bible အဖွဲ့၊ UCF များ၊ ရပ်နီးရပ်ဝေးဆွေမျိုး၊ မိတ်သင်္ဂဟများ၊ အထူးသဖြင့် တောင်ငူကန်(၁၀၀) ငါးနှင့်ကြက်မွေးမြူရေးကုန်ထုတ်သမဝါယမအသင်းမိသားစု၊ ဈာပနဝတ်တွင်ပါဝင်ဆောင်ရွက်ပေးကြသော ဓမ္မအမှုတော်ဆောင်များ၊ တောင်ငူပကူးကရင်နှစ်ခြင်းအသင်းတော်နှင့် လာရောက်မေတ္တာပြကြသော ဓမ္မမိတ်ဆွေအားလုံးကို ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်အပ်ပါသည်။

မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယကာကြီး
ဦးညွန့်ဝေ
Finance Associate UNDP Retired
အသက် (၆၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အမှတ်(၈၈)၊ ၄(အေ)နေ ဒေါ်ခင်လှညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာရဲဝင်း-မဝတ်ရည်ဖြိုးတို့၏ ချစ်လှစွာသောဖခင် ဦးညွန့်ဝေသည် ၂၉-၆-၂၀၁၄ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ကောင်းမွန်ရာဘုံဘဝကို ရောက်ရှိခံစား၊ စံစားနိုင်ပါစေ။

CDRT မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးဝေဖြိုးအောင်
(ကြည်း-၄၆၂၅၀)

လာချိန်ရှိသလို ပြန်ချိန်ရှိတယ်ဆိုပေမယ့် အစောကြီးထွက်သွားတဲ့ သူငယ်ချင်းကို နှမြောတယ်ကွာ၊ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ၁၀-၆-၂၀၁၄ ရက်မှာ ကွယ်လွန်သွားတဲ့သူငယ်ချင်းတွေက ငါတို့ရင်ထဲက အမြဲတမ်းအမှတ်ရနေမှာပါ။ ဗိုလ်ကြီးဝေဖြိုးအောင် ကောင်းရာသုဂတိလားပါစေ…

စစ်တက္ကသိုလ်အမှတ်စဉ်(၄၄) ကျောင်းဆင်းအရာရှိများ

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းရီ

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ ၁လမ်း၊ အမှတ် ၁၅၆နေ (ဦးသာဒင်-ဒေါ်လှအေး)တို့၏သမီးကြီး၊ (ဦးပု-ဒေါ်အုန်းမြ)တို့၏ချွေးမ၊ ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသန်းထွန်း-ဒေါ်ခင်ဆွေဝင်း၊ ဦးသန်းအောင်-ဒေါ်စုစုကြည်၊ ဦးချစ်လွင်-ဒေါက်တာခင်နွယ်သန်းတို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးသက်နိုင်-ဒုတိယဗိုလ်မှူးကြီးဝင်းမာအေး၊ ဦးရဲဝင်းနိုင်-ဒေါ်စန်းစန်းငွေ၊ ဗိုလ်မှူးသန့်စင်အောင်-ဒေါ်ဝင်းလဲ့အေး၊ ဦးအောင်ခိုင်ထွေး-ဒေါ်အေးမိုးမိုးကြည်တို့၏ကျေးဇူးရှင်မွေးမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းရီ

အသက်(၇၆)နှစ်

ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)၏ ချစ်လှစွာသောဇနီး (မမကြီး) ဒေါ်စန်းရီ အသက်(၇၆)နှစ်သည် ၂-၇-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်ခင်စိုးကြည်

(၉)မိုင် မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းရီ

အသက်(၇၆)နှစ်

ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)၏ ချစ်လှစွာသောဇနီး (မမကြီး) ဒေါ်စန်းရီ အသက်(၇၆)နှစ်သည် ၂-၇-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၈)

ကကယာမှ အရာရှိ မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းရီ

အသက်(၇၆)နှစ်

အဘ၊ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)၏ဇနီး၊ ဦးရဲဝင်းနိုင်-ဒေါ်စန်းစန်းငွေ၊ ဦးအောင်ခိုင်ထွေး-ဒေါ်အေးမို့မို့ကြည်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်စန်းရီသည် ၂-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ကျော်မင်း-ဒေါက်တာအေးမြတ်ဦး

Rain Dragon Co.,Ltd. မိသားစု

ဒေါ်အေးအေးသန့်(ခ)ဒေါ်ရုတ်ဘီ(ခ)လျှန်ရီမေ(ပုသိမ်)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေဂုဏ်သူအိမ်ရာ၊ တိုက် A1၊ အခန်းအမှတ် ၁၀၀၃နေ (ဦးကျင်တင်-ဒေါ်ကျင်အေး)တို့၏သမီး၊ (ဒေါ်စုတ်တင်း)၊ ဦးအောင်ခင်-ဒေါ်သန်းရင်တို့၏ညီမ၊ ကိုထွန်းကိုကို၊ ကိုသက်ကိုကို-ISABEL FOK၊ ကိုအောင်ကိုကိုထက်-မမြမြဝင်းတို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည်၂-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးချစ်ကိုကို (ပုသိမ်မြို့)

အသက်(၆၄)နှစ်

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်)၏ နာယကအဖွဲ့ဝင်(အငြိမ်းစား)၊ အရိုးနှင့်ထိခိုက်ဒဏ်ရာအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးချစ်ကိုကိုသည် ၁-၇-၂၀၁၄ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်မြို့)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းရင် (ကံမ-ညောင်တန်း)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကျောင်းလမ်း၊ အမှတ် ၆၅နေ (ဦးအောင်-ဒေါ်မယ်င)တို့၏သမီး၊ (ဦးထွန်းနွဲ့၊ ကျောင်းအုပ်ဆရာကြီး)၏ဇနီး၊ ဦးဝင်းနိုင်ဦး (တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ လမ်းမတော်မြို့နယ်)-ဒေါ်မျိုးမျိုး၊ ဦးအေးကျော် (စန်းသီရိ အခွေဆိုင်)-ဒေါ်ခင်နွဲ့၊ ဦးမြင့်လှိုင် (Nine Eleven Company အုပ်ချုပ်မှုဒါရိုက်တာ)-ဒေါ်သူဇာအေး၊ ဦးစိုးမြင့်ဦး (ကျားမင်းကမ္ဘာကုန်စည်ပို့ဆောင်ရေး)-ဒေါ်စန်းစန်းညို(လ-၁၂၊ လှိုင်သာယာ)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၀၄နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှထွန်း(ခ)ဦးလှထွန်းအောင် (ဥက္ကံ)

ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊အမှတ်(၂)စက်မှုဝန်ကြီးဌာန(ကစလ)

မြန်မာ့အကြီးစား စက်မှုလုပ်ငန်းကော်ပိုရေးရှင်း

အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ ၃လမ်း၊ အမှတ် ၅နေ (ဦးသာလင်း-ဒေါ်နှင်းရွှေ)တို့၏သား၊ (ဦးကျော်ဝင်း-ဒေါ်မိမိလေး)တို့၏သားသမက်၊ ဒေါ်လဲ့လဲ့ဝင်း၏ခင်ပွန်း၊ ဦးသန်းငွေ-(ဒေါ်ကြူကြူဝင်း)တို့၏အစ်ကို၊ ဦးအောင်ကိုကိုထွန်း (Multi-Gate)-ဒေါ်မြမြမော်၊ ဦးအောင်မောင်မောင်ထွန်း(SRS Shipping)၊ဦးအောင်ညီညီထွန်း(Selly's ART Shipping)-ဒေါ်စုစုလှိုင်(ရေကြောင်းဦးစီး)၊ ဗိုလ်ကြီးဇေယျာထွန်း(ကွမ်းလုံ)-ဒေါ်ယွန်းမီမီထွန်းတို့၏ဖခင်၊ ဒေါ်သင်းသင်းဦး၊ ဦးမင်းမင်းထွန်းတို့၏ဘကြီး၊ မအေးဇာခြည်ကျော်(အထက၊ သုဝဏ္ဏ)၊ မောင်ဖွဲ့လင်းထွန်း(အထက၊ သုဝဏ္ဏ)၊ မမြသဥ္ဇာကို(အလက-၂)၊ မောင်ကောင်းဇေခန့်တို့၏အဘိုးသည် ၃-၇-၂၀၁၄ ရက်(ကြာသပတေးနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသ၍ ၅-၇-၂၀၁၄ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းလှိုင်(လီခင်ဟုန်) (ဟင်္သာတမြို့)

အသက်(၆၃)နှစ်

ဟင်္သာတမြို့နေ ဒေါက်တာခင်သန်းဝင်း(ကျောက်ကပ်သွေးသန့်စင်ဌာန၊ အာရှတော်ဝင်ဆေးရုံ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ထွဋ်လှိုင်-ဒေါ်အိအိမာ၊ ဒေါက်တာဝင်းထွဋ်လှိုင်-ဒေါ်ခိုင်နွယ်၊ ဦးဇော်ဝင်းလှိုင်(ရွှေကိန္နရီ ကုန်စည်ပို့ဆောင်ရေးနှင့် စက်သုံးဆီရောင်းဝယ်ရေး)၊ မောင်ကျော်ဝင်းလှိုင်တို့၏ဖခင်သည် ၂၇-၆-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ
၁၉၇၁-၇၉ ဆေးတက္ကသိုလ်(၂)
မင်္ဂလာဒုံ

ဦးဇော်ဝင်းမောင်

ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

အသက်(၅၈)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ အခန်း ၁၂၊ တိုက် ၄၁၁၁နေ (ဦးဟန်စိန်-ဒေါ်ခင်)တို့၏သား၊ ဦးဝင်းထိန်(တာမွေမြို့နယ် လ/ထ မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ကျင်သန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးထွန်းအောင်မြင့်)၊ ဒေါ်ခင်အေး၊ တာမွေမြို့နယ်နေ ဒေါ်နီလာလွင်(လ/ထ ကထိကမြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏အစ်ကို၊ ဒေါ်အေးသီတာလွင် (ဒုတိယမန်နေဂျာ၊ ယူနိုက်တက် အမရာဘဏ်ရုံးချုပ်)၏ခင်ပွန်း၊ မောင်ဟန်ထူးဇော်(Grade-9၊ အထက-၅၊ တာမွေ)၏ဖခင်၊ မအေးယုယုထွန်း၊ မသူသူအောင်တို့၏ဘကြီးသည် ၃၀-၆-၂၀၁၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် ညနေ ၃နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ဈာပနကိစ္စအဝဝအား အစမှအဆုံးတိုင် ကူညီဆောင်ရွက်ပေးခဲ့သော စီမံ/စီးပွားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် လူမှုရေးအသင်းမှတာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးသက်မောင်မောင်(ခ)ကိုဖား

အသက်(၅၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ် ၂၉၀၊ မင်းကြီးလမ်းနေ (ဦးဂျိမ်းဒီကတ်စရို-ဒေါ်သန်းသန်းအေး)တို့၏သားကြီး၊ ဦးဝင်းကြည်-ဒေါ်ခရစ္စတီးတို့၏မောင်၊ ဦးသက်မောင်ထွေး-ဒေါ်ခင်ထွေး၊ ဒေါ်သန္တာအေးတို့၏အစ်ကို၊ မရတနာဦး(X ၊ အထက-၁၊ အင်းစိန်)၏ဖခင်၊ မောင်မင်းမော်အေး (VI၊ အလက-၂၊ အင်းစိန်)၏ဘကြီးသည် ၂-၇-၂၀၁၄ရက် နံနက် ၈း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၇-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရွာမနှစ်ခြင်းအသင်းတော် မင်းကြီးလမ်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မင်းကြီးလမ်း ဘုရားကျောင်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုဝင်းမင်းအေး(ခ)ထော်ကြီး (A/B)

MV.ETERNAL RESOURCE

LIZSTAR SHIPPING Co.,Ltd.

အသက်(၃၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ်၆၅၈နေ ဦးခင်မောင်အေး-ဒေါ်ကျင်အေးတို့၏သားငယ်၊ ဦးအောင်မျိုးလွင်-ဒေါ်တင်တင်ဦး၊ ဦးမင်းသိန်းအေး (Myanmar Aroa Co.,Ltd.)-(ဒေါ်အေးအေးမော်)၊ဦးမြင့်သိန်း-ဒေါ်တင်ချိုအေး(Land Mark အကျိုးဆောင်)၊ ဦးအောင်ကျော်စိုး-ဒေါ်တင်မာအေး(ရွှေအင်ကြင်းဖိနပ်)၊ဦးသိန်းနိုင်(3/E Lizstar Shipping Co.,Ltd.)-ဒေါ်တင်စန်းအေးတို့၏မောင်၊မခိုင်ဇင်ဝင်းမင်း(ခ)ချစ်စုမ (Grade-11, S_2 ၊ အထက-၁၊ မြောက်ဥက္ကလာပ)၏ဖခင်သည် ၂-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တရုတ်နိုင်ငံ Yuhuan ဆိပ်ကမ်း၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး

ဒေါ်ခင်အေး (ညောင်ရွှေ)

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊အမှတ်၃၄၊မမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ညောင်ရွှေမြို့နေ (ဥပဒေအမတ်ကြီး ဦးလှကြီး-ဒေါ်ခင်နှောင်း)တို့၏သမီးထွေး၊ (ပွဲစားကြီး ဦးကြွယ် - ဒေါ်ဒေါ်စာ)တို့၏ သမီးချွေးမ၊ ကျွန်းနံ့သာ အရှင်နန္ဒသိရီ (ပြင်သစ်ဆရာတော်)၏ ဒုတိယရဟန်းမယ်တော်၊ (ဦးထွန်းအောင်၊ ညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာန)၏ဇနီး၊ တောင်ကြီးမြို့နေ (ဦးမောင်မောင်လတ်-ဒေါ်ခင်မေ)၊ (ဒေါ်ခင်အုံး)တို့၏ ညီမ၊ ရန်ကုန်မြို့နေ ဦးသိန်းနိုင်-ဒေါ်မြင့်မော်၊ ဒေါ်နုနုအောင်၊ ဦးမိုးကျော်-ဒေါ်မိမိခိုင်၊ ဦးမောင်မောင်မြင့် (ဒုလ/ထညွှန်မှူး၊ အမှတ်-၃၊ အကြီးစား စက်မှုလုပ်ငန်း၊ နေပြည်တော်)တို့၏ မိခင်၊ မောင်ထက်အောင် (ခေတ္တ-စင်ကာပူ)၏အဘွားသည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၄ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

မန်းဟန်တင့်

(မအူပင်မြို့၊ တလုပ်လပ်ကျေးရွာ)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ဦးကျော်ဒွန်းဖုံလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးအားမောင်-ဒေါ်စောမျှင်)တို့၏ သားထွေး၊ (ဒေါ်မတူ)၏ခင်ပွန်း၊ ဆရာစောပါပလု-မမီးတို့၏ဖခင်၊ ဟေရမုန်၏အဘိုး၊ (ဒေါ်တင်မြင့် - ဦးစိန်လွင်)၊ မန်းစံတင့်-ဒေါ်ငြိမ်းသေး၊ ဒေါ်ခင်ရင့်တို့၏မောင်၊ဒေါ်အေးအေးဝင်း-ဦးဆန်းလှတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၃-၇-၂၀၁၄ရက် နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အင်းမအသင်း(ရန်ကုန်)

ဦးသိန်းဆောင်

(တွဲဖက်အတွင်းရေးမှူး)

အသက်(၆၇)နှစ်

ရွှေပေါက်ကံမြို့နေ ဒေါ်ခင်လှမြင့်၏ခင်ပွန်း၊ ကိုနေမျိုးသိန်း၊ကိုနေဝင်းသိန်း၊ မအိအိဇွန်တို့၏ဖခင်သည် ၂-၇-၂၀၁၄ ရက် နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ အသင်းသူ အသင်းသားများနှင့်ဆွေမျိုးမိတ်သင်္ဂဟတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
အင်းမအသင်း(ရန်ကုန်)

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်နီနီတင်

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ် ၆၀၊ အခန်းအမှတ် ၃၀၃နေ ဦးအောင်တင်-ဒေါ်သန်းရင်တို့၏သမီး၊ ရာသက်ပန်အသင်းဝင်(ရာ-၁၉၄၇)သည် ၃၀-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

မောင်ကိုကိုနိုင်သူ

(L.LB, D.B.L)

OKKAR MYINT MO ကုမ္ပဏီ

အသက်(၃၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အောာလောက် ၃လမ်း၊ တိုက် ၁၆၊ အခန်း ၂၀၁နေ ဦးခင်မောင်မြင့်(ခ) ဆရာ ခိုင်ကျော် - ဒေါ်ဆန်းစုမာတို့၏သား၊ ဦးကျော်စိုးဦး-ဒေါ်မေစုမောင်တို့၏မောင်၊ကိုသော်ထွန်းအောင်-မနိုင်စုမောင်တို့၏အစ်ကို၊ မောင်ဆက်ပိုင်လင်းထွန်း၏ဦးလေးသည်၃-၇-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးကုန္ဒလ(ခ)ဦးခင်မောင်စိုး

(ရေ-၇၂၆၉) တပ်မတော်ရေတပ်ထိန်း(ငြိမ်း)

သက်တော်(၈၀)၊ သိက္ခာတော်(၁၂)ဝါ

ရွှေပြည်သာမြို့နယ်၊ အမှတ် ၅၃၇(က)၊ မြဝတီရည်(၁)လမ်း၊ (၁၀)ရပ်ကွက်နေ(ဒေါ်ငွေကြည်)၏ခင်ပွန်း၊ သားသမီး ၁၃ယောက်၊ မြေး ၃၀၊ မြစ် ၁၆ယောက်တို့၏အဘိုးသည် ၂-၇-၂၀၁၄ရက် ည ၁၀း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၄-၇-၂၀၁၄ရက် နံနက် ၁၀း၀၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောရစ်ချဒ် (Daddy) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၅၁၇နေ (ဦးထွန်းဦး-နော်စံမယ်)တို့၏သားကြီး၊(နော်မြူးရီယယ်ကူး)၏ခင်ပွန်း၊ နော်အက်စတာ-ဦးသိန်းဇော်၊ ဦးစောမာဗီ (Asia Wing OPS)-နော်ဘဲညွှန့်၊ နော်အယ်ဒီးနာ-Capt.စောရစ်ချတ်(Lizstar Co.,Ltd. S'pore)၊ ဦးစောဂျိုးဇက်(Lizstar Co.,Ltd.)-နော်စီရင်းလူနီတို့၏ဖခင်၊ (စောဘိုဘိုဇော်)၊နော်ထက်ထက်ဇော်၊ နော်သဉ္ဇာဇော်၊ စောဇစ်တာ၊ နော်ဗီနိုဗီ၊ နော်ပစောထီး-ကိုကြည်ဇင်ဘို၊ စောကော်မူထော်၊ နော်ဆဲနူထီး၊ နော်ကွယ်ကပေါဖော၊ စောဘွယ်လူကွီတို့၏အဘိုး၊ နော် Sharon Zinbo ၏ဘိုးဘိုးကြီးသည် ၂-၇-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့)နံနက် ၁၀နာရီတွင် ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ကျော်

(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊
မန်နေဂျာ မေဖလားဝါးဘဏ်၊ ငြိမ်း)

အသက်(၈၁)နှစ်

ပလက်ဝမြို့နေ (ဗိုလ်ဘဦး-ဒေါ်မနု)တို့၏သား၊ မောင်းတောမြို့နေ (ဦးကောင်းလှဖြူ-ဒေါ်စိန်လှဦး)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား ၁လမ်း၊ အမှတ် ၃၁၀နေ ဒေါ်စံသိန်း၏ခင်ပွန်း၊ ဦးလှဇော်ဦး(လှည်းကူးဆေးရုံ၊ ငြိမ်း)၊ ဒေါ်အေးကြည်၊ (ဦးထွန်းလှအောင်)၊ ဒေါ်မြရီ၊ ဦးကျော်မြသိန်း(ဒု-ပါချုပ်၊ ငြိမ်း၊ ကွန်ပျူတာတက္ကသိုလ်)၊ ဒေါ်စန်းစန်းမြင့်၊ (ဦးကျော်မြသန်း၊ လ/ထအထွေထွေမန်နေဂျာ၊ ငြိမ်း၊ အာရှနေဘဏ်)၊ ဒေါ်သွင်သွင်၊ (ဗိုလ်မှူးလှုသန့်၊ ငြိမ်း)၊ ဒေါ်ခင်မိမိ(ထပြ ဒဂုံ-၁၊ ငြိမ်း)၊ ဦးလှအောင်(လေတပ်၊ ငြိမ်း)၊ ဒေါ်အေးဟန်တို့၏ညီ/အစ်ကို၊ (ဦးဝင်းကျော်၊ လ/ထမန်နေဂျာ၊ မေဖလားဝါးဘဏ်)၊ ဦးဝင်းငွေ(မန်နေဂျာ၊ Khin Su Htay & Associates)-ဒေါ်သင်းသင်းမြတ်၊ ဦးမောင်မောင်သာ (Secon Officer)-ဒေါ်အေးအေးသိန်းတို့၏ပါပါ၊ မြေးသုံးယောက်တို့၏အဘိုးရှင်သည် ၃-၇-၂၀၁၄ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြည်အောင် (ကျိုက်လတ်မြို့)

(ရွှေပန်းထိမ်ဆရာ)

အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘိုးသက်-ဒေါ်ရွှေ)တို့၏သား၊ အမှတ် ၅၈၊ နီလာလမ်းသွယ်(၁)၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးဟန်မြင့်-ဒေါ်ညွန့်ညွန့်ကြည်တို့၏အစ်ကို၊ ဦးလှထွန်း-ဒေါ်ခင်မာဝေ၊ ဦးသန်းစိုး၊ ဦးမောင်မောင်ကြည်-ဒေါ်ဆွေဆွေမြင့်၊ ဦးကျော်စိုး၊ ဦးသန်းဦး-ဒေါ်တင်နှင်းအေး၊ မောင်မိုးကျော်အောင်၊ မအေးမာစိုး၊ မအေးအေးနိုင်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာကျော်ဝင်းဖေ (သာယာဝတီ)

(မျက်စိအထူးကုဆရာဝန်ကြီး)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၃၊ သိမ်ဖြူလမ်းနေ (ဦးပုစိန်-ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊ (ဦးအီဟန်)-ဒေါ်ကြည်တို့၏သားသမက်၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရွှေထွန်း-ဒေါ်ကျင်ကီတို့၏တူ၊ ဒေါ်ခင်စန်းရင်၏ခင်ပွန်း၊ စွမ်းပေါ်မင်း-မမေဝင်းခိုင်၊ မောင်ကျော်မင်းဟန်၊ မထက်ထက်ဝင်းတို့၏ဖခင်၊ ဦးစံလင်း-ဒေါ်ကြူကြူငွေ၊ ဦးစံမင်း-ဒေါ်ဆွေဆွေရှမ်း၊ ဒေါက်တာဦးသိန်းဝင်း-ဒေါ်ခင်ယုလွင် (နှင်းစန္ဒာ သွားခံတွင်းဆေးခန်း၊ လသာ)၊ (ဦးစံဝင်း)-ဒေါ်ဂျူလိုင်သန်း၊ ဦးလှသန်း-ဒေါ်သန်းသန်းစိန်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီးသည် ၂-၇-၂၀၁၄ရက် မွန်းလွဲ ၁၂း၁၈နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မကေသွယ်စိုး (ရွှေဘို)

အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၇၆(A)နေ ဦးစိုးအောင်-ဒေါ်မာဂရက်တို့၏သမီး၊ ကိုကျော်ဇေယျ-မကေသီစိုးတို့၏ညီမ၊ ကိုကျော်သူစိုး၊ ကိုရဲရင့်အောင်တို့၏အစ်မသည် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၇း၅၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မကေသွယ်စိုး (ရွှေဘို)

အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၇၆(A)နေ ဦးစိုးအောင်-ဒေါ်မာဂရက်တို့၏ ချစ်လှစွာသောသမီးငယ် မကေသွယ်စိုး (ရွှေဘို) အသက်(၂၆)နှစ်သည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၆ခုနှစ် သစ်တောတက္ကသိုလ်
ကျောင်းဆင်းသူငယ်ချင်းများ

နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပရေးဦးစီးကော်မတီစည်းဝေး

နေပြည်တော် ဇူလိုင် ၃

နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက သာသနာရေးဝန်ကြီးဌာန စုံညီခန်းမ၌ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတရုံး၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ် သာသနာ့မဟာဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်မှာ လေးကြိမ်တိုင်ရှိပြီဖြစ်ပါကြောင်း၊ ယခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီး ၄၅ ပါးအပါအဝင် ပင့်သံဃာ ၆၃ ပါးပင့်ဆောင်မည်ဟု သိရပါကြောင်း။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အားလျော်စွာ လစ်ဟင်းမှုမရှိစေရန် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြရန်နှင့် လိုအပ်သည့်အကြံဉာဏ်ကောင်းများကိုလည်း ပေးနိုင်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ယနေ့ မာတိကာ

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘောလုံးကစား — စာ » ၄

အားလုံးအတွက် သမဝါယမ ဆောင်းပါး — စာ » ၆

လမ်းဘေးဈေးသည်များ ဈေးရောင်းချမှုနှင့် စည်းကမ်းမဲ့ ကြော်ငြာများဖယ်ရှား — စာ » ၁၁

ဆွာရက်ဇ်ကိုခေါ်ယူရန် ဘာစီလိုနာနှင့် ဆွေးနွေး — စာ » ၁၄

မန္တလေးမြို့၌ ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်

စာ » ၁၀

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

သီလဝါအထူးစီးပွားရေးဇုန်

သီလဝါအထူးစီးပွားရေးဇုန် ဧရိယာအတွင်း ပါဝင်နေသည့် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် စက်ရုံ၊ တက္ကသိုလ် နေရာ ၁၆ ခု ချန်လှပ်ထားရှိမည်

ရန်ကုန် ဇူလိုင် ၃

သီလဝါအထူးစီးပွားရေးဇုန်၏ ဒုတိယအဆင့်ဖြစ်သော မြေဧရိယာ ဟက်တာ ၂၀၀၀ခန့်ကို ကနဦးလေ့လာ ဆန်းစစ်ချက်များနှင့် ထုတ်ဖော်ချက်များအရ အဆိုပါဇုန်အတွင်း ကျရောက်လျက်ရှိသည့် ရေကြောင်းတက္ကသိုလ်နှင့် သာသနိကအဆောက်အအုံများ၊ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ယခင်အတိုင်း မပြောင်းလဲဘဲ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အလွန်စိတ်ပူနေခဲ့ပါတယ်။ ကျောင်းသားတွေ အားလုံးလည်း စိုးရိမ်မှုတွေရှိတယ်။ အဲဒါကြောင့် ပတ်ဝန်းကျင် အစီရင်ခံစာ လူထုကိုရှင်းပြတဲ့အခါ ကျွန်တော်တို့ကိုယ်တိုင် တက်ရောက်လေ့လာဖြစ်ခဲ့ပါတယ်။ တာဝန်ရှိသူတွေက အခုလို တိတိကျကျ ထုတ်ပြန်ပေးလို့ စိတ်အေးရပါပြီ။ ကျောင်းသားတွေလည်း ဝမ်းသာကြမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှု၊ ဒေသခံတွေရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံ အခြေခံအဆောက်အအုံတွေ ဖြစ်ထွန်းလာမှာမို့ ကြိုဆိုပါတယ်။ ဒါပေမယ့် တိုးတက်ပြောင်းလဲမှုနဲ့အပြိုင် ဒေသခံတွေရဲ့ ခံစားချက်၊ အသိအမြင်တွေနဲ့ အကျိုးရလဒ်တွေအပေါ်မှာ ထည့်သွင်းစဉ်းစားပြီး ထိခိုက်မှုအနည်းဆုံးဆန်းစစ်ချက်တွေကို ထုတ်ပြန်အသိပေးသင့်ပါတယ်။ ဒါ့အပြင် အရေးကြီးဆုံးကတော့ အမှန်တကယ် ဆောင်ရွက်ပေးနိုင်မှု ဖြစ်ပါတယ်"ဟု သီလဝါရှိ ရေကြောင်းတက္ကသိုလ်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-သွန်းဝသန်

စာမျက်နှာ ၈ ကော်လံ ၁ ❖

အပြည်ပြည်ဆိုင်ရာနယ်မြေအဖြစ် သတ်မှတ်ရန် မြန်မာ-အိန္ဒိယနယ်စပ်မြေယာမှ မြေဧက ၃၀၀၀ ကျော် လျာထား

မြန်မာ-အိန္ဒိယနယ်စပ် မဏိပူရပြည်နယ် မိုရေးမြို့ အရှေ့မြောက်ဘက်ဒေသတချို့ကို အပြည်ပြည်ဆိုင်ရာနယ်မြေဒေသအဖြစ် သတ်မှတ်ရန် အိန္ဒိယအစိုးရကစီစဉ်နေပြီး ယင်းအတွက် မြေနေရာဧကပေါင်း ၃၀၀၀ ကျော်လျာထားကြောင်း မဏိပူရပြည်နယ်အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

အပြည်ပြည်ဆိုင်ရာ နယ်မြေအဖြစ် သတ်မှတ်မည့် နေရာသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် အငြင်းပွားခဲ့သော မိုရေးမြို့ အရှေ့မြောက်ဘက် မြန်မာ-အိန္ဒိယနယ်စပ် ဟောင်လင်းဖိုင်ကျေးရွာနှင့် အနီးတစ်ဝိုက် ဒေသများဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းတည်နေရာ

သတင်း-CL ထန်းငါ
ဓာတ်ပုံ-E-Pao သတင်းဌာန

တစ်ခုဖြစ်သော ဟောင်လင်းဖိုင်ကျေးရွာသည် နှစ်နိုင်ငံနယ်စပ်မျဉ်း စိုက်ထူခြင်းမပြုရသေးသော နယ်ခြားမှတ်တိုင် ၇၆ နှင့် စိုက်ထူပြီးသော မှတ်တိုင် ၇၇ ကြားတွင် တည်ရှိသည်ဟု

စာမျက်နှာ ၈ ကော်လံ ၁ ✺

မြန်မာ-အိန္ဒိယနယ်စပ်တစ်နေရာကို တွေ့ရစဉ်။

mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

☎ 01-512443, 09-73017656

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMENT

(က) Certificate in Financial Services (CFS)

(ခ) Certificate in Business Management (CBM)

... The Open University of Hong Kong ... Bachelor of Business Administration/ Finance and Banking (BBA) ...

(STI Education)

Software Engineer ကောင်းတစ်ယောက် ဖြစ်လိုသူများအတွက်
Gusto
Programming Fundamental

Programming Language ... Techniques ... (array, control structure (if, while, do......while, for) ... method) ... real-world examples ...

Problem Solving Skills နှင့် Logical Thinking Skills ... Case-Study ... Flow Chart, Pseudo Code ...

... HND, IDCS, IADI ...

#289 (A), Pyay Road, Sanchaung Township, Yangon. Ph: 09- 730 313 02, 01-504632.

Business English
Intensive Course

IELTS Intensive Program

General English

Academic English

Art & Design Portfolio

Preparation Course

Intermediate

Drawing

CROWN EDUCATION Learning Center

01 527 836 - 09 732 56 965

ကမ္ဘာ့အမိုးတန်းသစ်မွေး

09-5117226

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅ CG၊ မြေကွက်အမှတ် ၁၄၈၊ မြေကွက်တည်နေရာအမှတ် ၁၆၊ နိဗ္ဗာန် ကျောင်းလမ်း၊ ဗဟန်းမြို့နယ် (ဦးခင်မောင်) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဦးခင်မောင် ကွယ်လွန်သဖြင့် ဒေါ်ငွေငွေရီ ၁၂/ဗဟန(နိုင်)၀၅၂၈၈၂က တရားဝင်(ဇနီး) တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၂၅ရှိ နှစ်ခန်းတွဲ (၃½)ထပ်တိုက် အဆောက်အအုံ၏ သုံးလွှာ၊ ခြေရင်းခန်း၊ ပေ(၁၂½×၅၀) တိုက်ခန်းအားဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်

အထက်ပါ တိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်နေထိုင်ပိုင်ဆိုင်သူ ဦးလျှန်ခမ်းခိုင် ၁၂/လမန(နိုင်)၀၆၀၄၈၈ထံမှ အပြောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)

တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)၊

Japan Tokyo 4 years, Legal Consultant

အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်

ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁

Email: hponemyint 007@ gmail.com

The YANGON DIRECTORY ရန်ကုန်လမ်းညွှန်

ဇူလိုင်လအတွက် ပထမအပတ်ကံထူးရှင်

၂၀၁၄ခုနှစ် ရန်ကုန်လမ်းညွှန် Lucky Draw အစီအစဉ်၏

ဘာလီရွှေဆိုင်မှ ကျပ်(၁၀)သိန်းဖိုး ဝယ်ယူခွင့် (Gift Card)

ကံထူးရှင် ဖေါက်မဲနံပါတ်

028996

SONY Xperia Z2

HOT LINE 01-8619 277

Register လုပ်ရန်နှင့် ... Ph : 01- 9000 712, 9000 713

www.yangon-directory.com, www.facebook.com/TheYangonDirectory

ရုံးခန်းလိပ်စာသစ်ပြောင်းရွှေ့ခြင်း

Eiksietan Co.,Ltd.၏ရုံးခန်းကို အမှတ်(29/B)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်မှ အမှတ် 34.D/8၊ စမ်းရေတွင်းလမ်း၊ ဗဟန်းမြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်း အသိပေးအပ်ပါသည်။

Eiksietan Co., Ltd.

ဖုန်း-၀၁-၅၅၁၃၂၈၊ ၀၉-၇၃၁၅၇၀၇၅၊

၀၉-၇၃၀၅၆၉၁၃

Min Min Car Rental Service

ရန်ကုန်မြို့တွင်း/နယ်ဝေးခရီးစဉ်မျိုးစုံငှား ရမ်းနိုင်ပါသည်။

ဖုန်း-၀၉-၄၅၀၂၂၃၃၃၊

၀၉-၃၃၈၂၇၇၇၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဇမ္ဗူသီရိမြို့နယ်၊ အလျှင်လို့ရွာနေ ဦးအုန်းမောင် - ဒေါ်ခင်မာတင် တို့၏သားမောင်ရှင်း(ခ)မောင်ဆန်းမြင့်သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ ၁၇-၄-၂၀၁၄ရက်တွင်နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးအုန်းမောင်-ဒေါ်ခင်မာတင်

ကြော်ငြာကဏ္ဍ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဆေးရုံဖြည့်စွက်လုပ်ငန်းများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၄ ရက်

တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန် - ၂၈-၇-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့၊ ဖုန်း ၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

Oil & Gas Field**တွင် အတွေ့အကြုံရှိသူဖြစ်ရမည်။**

1. B.E(Petroleum & Gas Engineering) ကျား(၁)
   အသက်(၃၀)အထက်
   လုပ်ငန်းအတွေ့အကြုံ(၅)နှစ်နှင့် အထက်
2. B.E(Petroleum & Gas Engineering) ကျား(၁)
   အသက်(၄၀)အထက်
   လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်

Construction Field တွင် အတွေ့အကြုံရှိသူဖြစ်ရမည်။

1. Engineer(BE-Civil) ကျား(၂)
   လုပ်ငန်းအတွေ့အကြုံ(၅)နှစ်နှင့်အထက်
2. Engineer(BE-Civil) ကျား(၂)
   လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်

လျှောက်ထားလိုသူများသည်အလုပ်နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့်အတူ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

Yangon Engineering Group Co.,Ltd.
No.(3,5,6,7,74),Pyay Road,Corner of
Pyi Htaung Su Yeik Thar
Street,Dagon Township,Yangon.
Contact Ph: 01-2302100,2302151,2302146

ကြော်ငြာကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁။	1(Q)Office Equipments/Local Purchase/IRR/2014-2015	Office Equipments (4)Items
၂။	2(Q)Survey Equipments/Local Purchase/IRR/2014-2015	Survey Equipments (3)Items

၂။ အဆိုပါအိတ်ဖွင့်တင်ဒါကို ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့) ၁၆:၀၀နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၁၆

ရွှေလီလှိုင်း အသားကင်ဆိုင်မှ သတင်းကောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမပေါ်တွင် ရွှေလီလှိုင်းအသားကင်ဆိုင်ခွဲအား ၇-၇-၂၀၁၄ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကြွရောက်အားပေးသော လူကြီးမင်းများအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် Discount အစီအစဉ်ကို အောက်ပါအတိုင်း ဆိုင်သစ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၇-၇-၂၀၁၄ ရက်မှ ၁၇-၇-၂၀၁၄ ရက်	20 Discount
၁၈-၇-၂၀၁၄ ရက်မှ ၈-၁၀-၂၀၁၄ ရက်	10% Discount

ကျေးဇူးတင်စွာဖြင့်
ရွှေလီလှိုင်းအသားကင်ဆိုင် မိသားစု

ကြော်ငြာကဏ္ဍ

ဝန်ထမ်းအလိုရှိသည်

Ayeyarwaddy Resorts & Lodges Co.,Ltd. & Yangon Engineering Group Co.,Ltd. အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

1. Chief Accountant	F	(2)Posts
2. Project Manager	M	(1)Post
3. Admin Manager	M/F(1)Post	

လျှောက်ထားလိုသူများသည် အလုပ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်အတူ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

No.(3,5,6,7,74),Pyay Road,Corner of Pyi Htaung Su Yeik Thar
Street,Dagon Township,Yangon
Contact Ph: 01-2302100,2302151,2302146

ဝန်ထမ်းများအလိုရှိသည်

Ayeyarwaddy Resorts & Lodges Co.,Ltd. အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(1) Marketing Executive M/F(2)Posts
- အသက်(၃၀မှ၄၀)အတွင်း
- ဘွဲ့ရ၊ အရောင်းအတွေ့အကြုံရှိသူ
- Marketing Diploma/Certificate ရရှိပြီးသူ
- English 4Skill ကျွမ်းကျင်သူ
- Marketing Plan ရေးဆွဲနိုင်ပြီး Computer အသုံးပြုနိုင်သူ
- ရုပ်ရည်အသင့်အတင့်ရှိပြီးစကားပြောကျွမ်းကျင်သူ
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ်

(2) Sale & Marketing M/F(20)Posts
- အသက်(၂၀ မှ ၃၀)
- ဘွဲ့ရ၊ အရောင်းအတွေ့အကြုံရှိသူ
- Computer အသုံးပြုနိုင်သူဖြစ်ပြီး English 4Skill ကျွမ်းကျင်သူ
- ရုပ်ရည်အသင့်အတင့်ရှိပြီးစကားပြောကျွမ်းကျင်သူ
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်

လျှောက်ထားလိုသူများသည် အလုပ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်အတူ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

Ayeyarwaddy Resorts & Lodges Co.,Ltd.
No.(3,5,6,7,74),Pyay Road,Corner of
Pyi Htaung Su Yeik Thar
Street,Dagon Township,Yangon.
Contact Ph:01-2302100,2302151,2302146

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ ကုသိုလ်ယူနိုင်ပါသည်။

	ဂယာ	ဝိဂစ်ဝါဝနံ	ကုသိနာရုံ
၁။ မြေ(၁)စတုရန်းပေ (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀

ရုံးချုပ် - ကွန်ဒို(E) မြေညီထပ် ကမ္ဘာ့အေးဗိတာဗီဓိရာ ကမ္ဘာအေးစေတီလမ်း (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၁၊ ၆၅၅၀၈၅၊ ၀၉-၅၆၀၀၁၂၄

ရုံးခွဲ(၁) - အမှတ်(၂၈၉) မြေညီထပ်... ရန်ကုန်။ ☎ ၀၁-၃၇၇၆၁၅၊ ၀၉-၇၃၂၂၇၅၃၅၊ ၀၉-၂၄၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale၊ မြေညီထပ် ... မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၇၇၉၄၊ ၀၉-၅၆၀၀၄၄၄

ဖခင်အမည်မှန်

အထက(၁) လှိုင်သာယာ၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်သန်းဝင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးဖိုးတုတ် ၁၄/ကလန(နိုင်)၀၂၃၃၀၈ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၁၁၄၈ Hino HT2-6A Bus(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးညာဏ်ထွန်း ၃/ဘအန(နိုင်)၀၇၈၃၈၇က(ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး၊(ဘားအံမြို့)**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂စ/ ၉၁၀၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေးကြွယ်၇/မလန(နိုင်) ၀၅၈၁၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

LCCI YAR PYAE

LCCI (UK) Level I & II, Level III

09-31531581, 09-40302752

ဆရာဝန်များဦးစီးသည့်

ယခုနှစ် (၁၀)တန်းကျောင်းအောင်ချက် ၉၀ %

ယခုနှစ် repeater တန်းခွဲအောင်ချက် ၁၀၀ %

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် ၁၆၀/ခ၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ဒေါ်ကလျာ ၁၂/သဃက (နိုင်)၀၃၅၇၀၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေ အမျိုးအစားမြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် (LL.B) — **စဉ်-၂၅၁၆၅**

ဦးအေးမင်းသူ (LL.B) — **စဉ်-၂၆၁၉၉**

ရှီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

အသုံးချအဘိဓမ္မာ (အင်္ဂလိပ်ဘာသာ) (Applied Abhidhamma in English) သင်တန်းဖွင့်လှစ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ဆုလာဘ်ပြည့် ဗုဒ္ဓဝိဟာရကျောင်းတိုက်၌ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ (ဂန္ထဝါစကပဏ္ဍိတ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကဦးစီး၍ Applied Abhidhamma in English Level 1,2,3 သင်တန်းများကို ၁၁-၇-၂၀၁၄ ရက် နံနက် ၉နာရီမှစ၍ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များတွင် ဓမ္မဒါန ပို့ချမည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၉-၅၀၉၆၈၄၈၊ ၀၉-၃၁၂၇၈၃၈၀၊ ၀၉-၂၀၀၆၈၆၄ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၊ မြေကွက်အမှတ်၂၄(ခ)၊မြေကွက်တည်နေရာအမှတ် ၂၄/ခ၊ ဇောတိကပန်းခြံ၊ ဗိုလ်မင်းရောင်လမ်း ဒေါ်သိန်းယဉ်ချေ အမည်ပေါက်ပါပစ်မြေအား အမည်ပေါက် ဒေါ်သိန်းယဉ်ချေထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စောနှင်းအေး ၇/ပတန(နိုင်)၀၉၁၆၆၅က ဂရန်သစ်လျှောက်ထားလာရာ တင်ပြသော ပါမစ်မူရင်း၌ အိမ်ထောင်စုစာရင်းနှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်မပါရှိ၍ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ အမှတ် ၁၃/၈နေ ဦးဖြိုးဝေ-ဒေါ်မြမြတို့၏သမီး မဇင်မာဖြိုး (ခ) မဆာတိုးဂျား TGO-၁၈၅၇၂၅သည် အဘွား၊ အဒေါ်၊ ဦးလေးတို့အား နည်းမျိုးစုံဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သည့်အပြင် မိမိသဘောဖြင့် နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန့်ဇော်
၇/တငန(နိုင်)၁၁၁၀၁၅
အမှတ်၁၃/၈၊ ငြိမ်းချမ်းရေးကွက်သစ်၊ တောင်ငူမြို့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄အီး၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၂၉၊ မြေကွက်တည်နေရာအမှတ် ၂၂၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးမောင် အမည်ပေါက် နှစ် ၃၀ဂရန် (သက်ကုန်) မြေအား အမည်ပေါက် ဦးမောင်(အဘိုး)-ဒေါ်ခင်ညွန့်(အဘွား)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်နှင်းညွန့်(ကွယ်လွန်)၊ သမက် ဦးလှအုန်း(ကွယ်လွန်)သဖြင့် (၁)ဒေါ်စန်းစန်းမြင့် ၁၂/မ ဂတ(နိုင်)၀၁၆၈၁၄၊ (၂)ဦးမြင့်အောင် ၁၂/မဂတ(နိုင်)၀၁၇၀၁၉၊ (၃) ဒေါ်နွဲ့နွဲ့အေး ၁၂/ကတန(နိုင်)၀၆၃၃၄၄၊(၄)ဒေါ်လှလှအေး ၁၂/မဂတ(နိုင်)၀၁၆၇၉၁၊(၅) ဦးမျိုးညွန့် ၁၂/မဂတ(နိုင်)၀၁၆၇၈၉၊ (၆) ဦးမျိုးထွေး ၁၂/မဂတ(နိုင်)၀၁၇၁၉၆ တို့က မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အ မှတ် ၁၂၊ ယမုံနာ ၁၊ မြေကွက်အမှတ် ခ/၂၅၈၊ မြေကွက်တည်နေရာအမှတ် ၃၉၃၊ ၁၅ အလယ်လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသန်း ၁၂/ဒပန (နိုင်)၀၁၉၉၄၁နှင့်ဒေါ်ဟာဇရာခါတူ AKB -၁၇၄၉၃၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ ပိုင်ဆိုင်ခွင့်အစုအား ဇနီးဖြစ်သူ ဒေါ်စိန်မြင့် ၁၂/ဒပန(နိုင်)၀၁၉၉၄၂က သေစာရင်းနှင့် ကျမ်းကျိန်လွှာများတင်ပြ၍ ကျန်အမည်ပေါက် ဒေါ်ဟာဇရာခါတူနှင့် ပူးတွဲလျက် ၎င်းတို့ကိုယ်စား ဦးသန်းဇော်ဦး ၁၂/သကတ(နိုင်)၁၃၆၂၂၈အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၈၇/၂၀၁၃)လွှဲအပ်၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ သုံးခွရပ်ကွက်၊ ရွာနောက်လမ်းရှိ အလျား ၆၅ ပေ၊ အနံ (၁၆½)ပေရှိ မြေနှင့် တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျော့ကျော့ခိုင် ၁၂/သဃက(နိုင်)၁၇၉၇၀၁ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ပိုင်ဆိုင်သည့် စာရွက်စာတမ်း မူရင်း အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင်(မောင်ရတနာ)
LL.B
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၄၂၆၆
အမှတ် ၂၄၊ သီရိဇေယျလမ်း၊
ဇဝနရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၅၇၇၀၁၁၊ ၀၉-၇၃၀၉၅၉၅၈၊ ၀၉-၂၅၄၃၉၅၉၄၃

ဒေါ်ဇင်နှင်းလွင်
LL.B Dip in Seameo (Eng),DBL
အထက်တန်းရှေ့နေ၊ စဉ်-၃၄၄၉၇
အမှတ် ၅၇၇၊ ရတနာသီရိလမ်း၊
ဆ/က ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၃၀၉၂၃၂၇

UNIQUE MARINE TRAINING CENTER

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၃၆၊ (အလျားပေ ၄၀×အနံပေ ၆၀)၊ စတုရန်းပေ ၂၄၀၀၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၆၃၆၊ ရွှေအုတ် ဂူလမ်းနှင့်ဂန္ဓမာ(၈)လမ်းထောင့်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်သည် ဦးစိန်မောင် ၁၂/ပဘတ(နိုင်)၀၀၈၁၃၂ဖြင့် အမည်ပေါက် လျက်ရှိပါသည်။ အဆိုပါမြေနှင့်အိမ်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးအောင်ဝင်း ၈/မမန(နိုင်)၁၀၉၂၀၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)၊ အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစံမြ(ပုလော)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၇၁)
အမှတ်(၈၃)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၈၆၁၃၃၅၉၊ ၀၁-၂၅၀၇၉၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် ၃၉၉၊ မြေကွက်အကျယ် အလျားပေ(၄၀×၆၀)ရှိသော ဗိုလ်မှူးကြီးချစ်ခင် အမည်ပေါက် မြေချပေးပစ်မြေကွက် အနက် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ(၁၈×၆၀)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဒေါ်အမာချို ၁၂/တတထ(နိုင်)၀၀၇၀၁၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နိုင်သဇင်စိုး (LL.B), (D.B.L), (D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)
အမှတ် ၄၁၆၊ ပုလဲ ၂လမ်း၊ (၅)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၀၀၇၃၃

၁၆-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ပါ ဒေါ်ကျင်လှိုင်နှင့်ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြတို့၏ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၂၇)ဒေါ်ကေသီအုံး၏ ပြန်လည်ရှင်းလင်းခြင်းအပေါ် ထပ်မံရှင်းလင်းကြေညာခြင်း

ယခင်တရားရုံးချုပ်(ရန်ကုန်)၏ တရားမပထမအယူခံမှုအမှတ် ၃၃၄/၂၀၀၉တွင် "ယခုအမှုတွင် မူလရုံးတရားလိုအဆိုပြုသည့်အတိုင်း ၄င်းသည်ကွယ်လွန်သူ ဒေါ်ကတေနော်မာစော၏သမီးအရင်းဖြစ်ပါက ခွဲဆိုသည့်အတိုင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟ ဒီကရီကို ချမှတ်ပေးနိုင်မည်ဖြစ်သောကြောင့် အမှုပုံဖော်မှုလွှင်းသည်ဟု ဆိုနိုင်သည် မဟုတ်ပေ" ဟူ၍ သုံးသပ်ပြီး "တိုင်းတရားရုံးသည် အမှုကို မူလနံပါတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ ကျန်ငြင်းချက်များအပေါ် နှစ်ဖက်သက်သေခံချက်များရယူပြီးမှ ဥပဒေနှင့်အညီ ပြေဆိုဆုံးဖြတ်ရန် တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၃အရ ညွှန်ကြားလိုက်သည်" ဟု စီရင်ချက်အမိန့်ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်အရ ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၀၆၄/၂၀၁၀(ယခင် ရန်ကုန်တိုင်း ဒေသကြီးတရားရုံး၊ တရားမကြီးမှု အမှတ်-၅၃၁/၂၀၀၉)တွင် တရားလိုနှင့်တရားလို ပြသက်သေကိုးဦးအနက် နောက်ဆုံးသက်သေဖြစ်သည့် ဒေါ်ခင်မာဝေအား ပြန်လှန်စစ်မေးနေစဉ် ထိုအမှု၊ တရားပြိုင်များက တရားလို ဒေါ်မြမြအေးနှင့်မိသားစုအား ငွေအနည်းငယ်ပေးပြီး အမှုကိုရုပ်သိမ်းပေးရန် စည်းရုံးလိုက်ကြသဖြင့် ဒေါ် မြမြအေးက ၃၀-၄-၂၀၁၄ရက်တွင် အခွင့်ရကိုယ်စားလှယ် ဦးကိုထွန်းအား အခွင့်ရကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခဲ့ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၀၆၄/၂၀၁၀အား ခြင်းချက်မရှိ ရုပ်သိမ်းခွင့်ပြုရန် ရုံးတော်သို့ လျှောက်ထားခဲ့ရာ ရုံးတော်က လျှောက်လဲချက်ပေးခွင့်မပြုဘဲ ၇-၅-၂၀၁၄ရက်တွင် ရုပ်သိမ်းခွင့်ပြုခဲ့ပါသည်။

ဤအခြေအနေတွင် ယနေ့အချိန်ထိ ဒေါ်မြမြအေးသည် ကွယ်လွန်သူများဖြစ်ကြသော ဦးကျော်ငြိမ်းနှင့်ဒေါ်ကတေနော်မာစောတို့၏တစ်ဦးတည်းသော သမီးဖြစ်ကြောင်းကို မည်သည့် တရားရုံးကမျှ ဆုံးဖြတ်ထားခြင်းမပြုသကဲ့သို့ သမီးမဟုတ်ကြောင်းကိုလည်း မည်သည့် တရားရုံးကမျှ တစ်စုံတစ်ရာဆုံးဖြတ်ထားခြင်းမရှိသည်ကို ရှေ့နေကြီးများနှင့်အမွေသည်များ အားလုံးသိရှိကြရန် လိုအပ်ပါသည်။ ဒေါ်မြမြအေး၏ အမွေမှုအမှန်အတိုင်း အနိုင်ရရှိရေး အတွက် ဦးကိုထွန်းမှ လှုပ်ပန်းစိတ်ပင်ပန်းခံ၍ ခြောက်နှစ်ကြာဆောင်ရွက်ပေးခဲ့မှု၊ ငွေကြေးစိုက်ထုတ်ကုန်ကျမှု၊ ဆုံးရှုံးနစ်နာမှုများ နှင့်ပတ်သက်၍ ဦးကိုထွန်းနှင့်ဒေါ်မြမြအေး မိသားစုတို့အကြား ပြုလုပ်ချုပ်ဆိုထား ကြသော ကတိပဋိညာဉ်စာချုပ်စာတမ်းများအရ ဦးကိုထွန်း၏ ဆုံးရှုံးနစ်နာမှုများကို တရားနည်းလမ်းတကျ ကုစားပေးရန် ဒေါ်မြမြအေးမိသားစုတွင် လုံးဝတာဝန်ရှိသည် အလျောက် ဦးကိုထွန်းက ဒေါ်မြမြအေးပါ မိသားစုဝေးဦးတို့အပေါ် ရန်ကုန်တိုင်း ဒေသကြီးတရားလွှတ်တော်တွင် တရားမကြီးမှုအမှတ်-၇၃/၂၀၁၄ဖြင့် တရားစွဲဆို ထားပြီးဖြစ်ပါကြောင်း ရှေ့နေကြီးဒေါ်ကေသီအုံးနှင့် ၄င်း၏အမွေသည်များ အမှန်အတိုင်း သိရှိနိုင်ကြစေရန် ထပ်မံရှင်းလင်းကြေညာအပ်ပါသည်။

ဦးကိုထွန်း၏ညွှန်ကြားချက်အရ-

ကျော်မျိုး မန်းဟန်တင် B.A,D.S,R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၆၁)
တိုက်-၁၂၊ အခန်း ၅၊ ရန်ကင်း၊ ရန်ကုန်မြို့

ဒေါ်မြမြဝင်း ၁၃/လရန(နိုင်)၀၀၈၄၅၁၊ ဒေါ်အေးအေးမေ ၁၂/လမန(နိုင်)၁၄၆၁၂၈နှင့်

အများသိစေရန်ကြေညာခြင်း

၆-၁၂-၂၀၁၃ရက်တွင် မြေရှင် ဦးအုန်းရွှေ ၁၂/ဗဟန(နိုင်)၀၁၂၄၈၆နှင့် ကန်ထရိုက်တာ ဒေါ်အေးအေးမေ ၁၂/လမန(နိုင်)၁၄၆၁၂၈တို့သည် နှစ်ဦးသဘောတူ အခန်းပေးအခန်းယူ ငါးထပ်တိုက် တစ်လုံးဆောက်လုပ်ရန်အတွက် စရန်ပေးကတိစာချုပ်ချုပ်ဆိုပြီးနောက် ကန်ထရိုက်တာဘက်မှ ယနေ့အချိန်အထိ မြေရှင် ဦးအုန်းရွှေအား ကျန်ငွေကို ဆက်လက်ပေးချေခြင်းလည်းမရှိ၊ တိုက်စတင်ဆောက်လုပ်ပေးခြင်းလည်းမရှိဘဲ ကန်ထရိုက်တာဘက်မှ စတင်၍ ကတိပဋိညာဉ်ကို ဖောက်ဖျက်နေပါသဖြင့် မြေရှင်ဦးအုန်းရွှေနှင့် ကန်ထရိုက်တာ ဒေါ်အေးအေးမေတို့ ချုပ်ဆိုထားသော၆-၁၂-၂၀၁၃ရက်စွဲပါစာချုပ်အား ဤကြော်ငြာပါသည့်ရက်မှစ၍ ပယ်ဖျက်ပြီးဖြစ်ကြောင်း၊ ၄င်းနှင့်ဆက်စပ်လျက်ရှိသော မြေရှင်ဦးအုန်းရွှေက ကန်ထရိုက်တာဒေါ်မြမြဝင်း ၁၃/လရန(နိုင်)၀၀၈၄၅၁ကို စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၅၂၂၉/၉-၁၂-၂၀၁၃) ဖြင့် လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဒေါ်မြမြဝင်း၊ ဒေါ်အေးအေးမေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအုန်းရွှေ ၁၂/ဗဟန(နိုင်)၀၁၂၄၈၆၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးဝင်းမောင်မောင်(LL.B), (D.B.L)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

[illegible]

ယာဉ်အမှတ် ၇က/၉၅၇၉ (Toyota Dina) ယာဉ်နှင့်ပတ်သက်၍ ဒေါ်မေသင်းခိုင် E/HTYA/ ၀၃၇၈၅၈ နှင့် အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဦးချစ်သန်းပိုင် ယာဉ်အမှတ် ၇က/၉၅၇၉ (Toyota Dina) မော်တော်ယာဉ်အား ဒေါ်မေသင်းခိုင် E/HTYA/ ၀၃၇၈၅၈ က ၇-၄-၂၀၁၄ ရက်တွင် မော်တော်ယာဉ်ငှားရမ်းခြင်း ကတိစာချုပ်ချုပ်ဆိုပြီး မော်တော်ယာဉ်အား ရယူသွားခဲ့ပြီးနောက် စာချုပ်ပါအတိုင်း တရားဥပဒေနှင့်မလွတ်ကင်းသည့် မည်သည့်ကိစ္စများကိုမျှ မပြုလုပ်ရန်နှင့် ဝန်ခံကတိပြုခဲ့သည့်အပြင် ယခုအခါ မော်တော်ယာဉ်အား လိုင်စင်သက်တမ်းတိုးရန်အတွက် ပြန်လည်ပြသပေးအပ်စေရာ အကြောင်းအမျိုးမျိုးပြ၍ ပြန်လည်အပ်နှံနိုင်ခြင်းမရှိကြောင်း ညွှန်ကြားချက်ရှိရသဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မော်တော်ယာဉ်အား ပြန်လည်ပြသအပ်နှံဖြေရှင်းပေးရန်နှင့် ကျွန်ုပ်မိတ်ဆွေ့ဥပြုချက်မရဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ အဆိုပါမော်တော်ယာဉ်အား ရောင်းချပေါင်နှံ လက်ဝယ်အသုံးပြုခွင့်မရှိကြောင်းနှင့် ထိုသို့ ပြုလုပ်ထားသည်ကိုတွေ့ရှိပါက ကျွန်ုပ်ထံသို့ အကြောင်းကြားပေးရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

စုပေါင်းရုံးဝင်းရှေ့နေများနားနေခန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်
ဖုန်း-၀၉-၇၃၀၂၁၀၁၂၊ ၀၉-၄၂၈၀၂၂၄၆၀

စည်သူအံ့ဘွယ် (LL.B)
တရားလွှတ်တော်ရှေ့နေ (Advocate)
(စဉ်-၈၄၅၃)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၀၇၆၊ ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်းပေ(၄၀½×၆၀) ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၄ ရပ်ကွက်၊ သုခလမ်း၊ အမှတ် ၁၀၇၆ မြေကွက်နှင့် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို နှစ် ၆၀ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးအောင်မြတ်ကျော် ၁၂/မဂတ(နိုင်) ၀၃၅၃၁၄ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မိုးမိုးအောင်
(LL.B,WIPO, DL-101, Switzerland)
အထက်တန်းရှေ့နေ (စဉ်-၂၃၁၂၃)
အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၀၆၃၂၄၊ ၀၉-၄၂၁၀၉၇၄၀၃

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ ဇူလိုင် ၄ ရက်၊ သောကြာနေ့။

လူမှုစီးပွား

ပင်စင်စားများအတွက် တန်ဖိုးနည်း WCDMA ဆင်းကတ်များထုတ်

စာ - ၃

ပြည်တွင်းရေးရာ

ရေဘေးကာကွယ်ရေးသရုပ်ပြပွဲကျင်းပ

စာ - ၄

ပြည်တွင်းရေးရာ

လယ်ဝေးမြို့နယ် ပညာဒါန(အခမဲ့) စေတနာသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

စာ - ၆

ရိုဒရီဂွက်ဇ်

မထင်မှတ်သောရလဒ်များ၏ မြစ်ဖျားခံရာ

ဝေမိုးဆက်

ဒီနှစ်ကမ္ဘာ့ဖလားမှာ မထင်မှတ်တာတွေ တော်တော်ဖြစ်တယ်။ မထင်မရှားကစားသမားတွေ ခြေစွမ်းပြမှုကအစ၊ မထင်မှတ်တဲ့ အသင်းတွေ ခပ်မြင့်မြင့် အဆင့်ကို ရောက်လာနိုင်တာ အဆုံး။ အားလုံးအတွက် ဝိရောဓိဆန်ဆန် မထင်တာတွေဖြစ်တယ်။ နိုင်ဂျီးရီးယား၊ ကော်စတာရီကာ၊ အယ်လ်ဂျီးရီးယား၊ အမေရိကန်တို့က မထင်တဲ့ကြားက အုပ်စုကို ကျော်တယ်။ ရှုံးထွက်မှာလည်း မက္ကဆီကို၊ အယ်လ်ဂျီးရီးယား၊ ဆွစ်ဇာလန်၊ အမေရိကန်တို့ကို ဟော်လန်၊ ဂျာမနီ၊ အာဂျင်တီးနား၊ ဘယ်လ်ဂျီယံတို့ အားလုံး ခက်ခက်ခဲခဲ အနိုင်ယူရတယ်။ ဟော်လန်က မက္ကဆီကိုကို တစ်ပွဲလုံးရှုံးနေပြီးမှ နာကျင်အချိန်ပိုမှာ ရော်ဘင်ကြောင့်ရတဲ့ ပယ်နယ်တီနဲ့နိုင်တယ်။ ဂျာမနီ၊ အာဂျင်တီးနား၊ ဘယ်လ်ဂျီယံတို့ဆိုရင် အယ်လ်ဂျီးရီးယား၊ ဆွစ်ဇာလန်၊ အမေရိကန်တို့ကို မိနစ် ၉၀ အတွင်းမှာတောင် အနိုင်မရဘူး။ ကော်စတာရီကာဆိုရင် ကွာတားဖိုင်နယ်အထိတောင် တက်လာတယ်ဆိုတော့။ သေချာတယ်၊ ဒီနှစ်ကမ္ဘာ့ဖလားဟာ အောက်ကလှန်တဲ့အသင်းတွေရဲ့အား တော်တော်ကောင်းတယ်။ ဒီတော့ အဲဒီအပေါ် သရုပ်အမျိုးမျိုးခွဲတယ်။ ခေါင်းစဉ်အမျိုးမျိုးတပ်တယ်။ ဘာကြောင့်၊ ဘယ်လို အမျိုးမျိုးတွေးတယ်။ အမျိုးမျိုးတွက်တယ်။ အဲဒီမှာ ရာသီဥတု၊ ရှုံးမှာမကြောက်တဲ့စိတ်ဆိုပြီး ခေါင်းစဉ်ကွဲတွေနဲ့ အဖြေမျိုးစုံထွက်တယ်။

ဒါပေမယ့် အဲဒီမှာ အကြောင်းအခြင်းအရာတစ်ခုကို အားလုံးမေ့မေ့လျော့လျော့နဲ့ပစ်ပယ်ကြတယ်။ သတိမပြုမိကြဘူး။ အဲဒါကတော့ တင်းခံကစားမှုပဲ။ အရှင်းဆုံးပြောရရင် ကမ္ဘာ့ဖလားဆိုတာက တစ်ကမ္ဘာလုံးဆိုင်ရာပြိုင်ပွဲ၊ အဲဒီလို တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ပွဲဖြစ်တာနဲ့အညီ အဲဒီကမ္ဘာ့ဖလားကို တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားကြတယ်။ အာရုံစိုက်မှုများကြတယ်။ ဒါဟာသာမန်၊ မထင်မရှားကစားသမားတွေအတွက် အခွင့်အရေးတစ်ရပ်လို့ ပြောရင်လည်းရတယ်။ အဓိပ္ပာယ်က ဘောလုံးသမားတစ်ဦး အနေနဲ့ ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှာ ကျင်လည်ရတာ မလွယ်ဘူး။ တချို့ဆိုရင် သာမန်မထင်မရှား ဘောလုံးသမားအဖြစ်နဲ့ပဲ ဘောလုံးသမားဘဝ ပြီးဆုံးခဲ့တယ်။ တချို့ဆိုရင်လည်း ခြေစွမ်းခြေစရှိပေမယ့် အသင်းကြီးတွေဆီမရောက်ဘဲ အောင်မြင်မှုမဲ့ဘဝနဲ့ ဘောလုံးသမားဘဝတစ်ခန်းရပ်တယ်။ ဒါကအပေါ်ယံကြောပဲ **စာမျက်နှာ ၂ သို့**

"ပြိုင်ပွဲကြီးတွေမှာ မထင်မှတ်တဲ့ ရလဒ်တွေ ဘာကြောင့်ဖြစ်သလဲ၊ မထင်မှတ်တဲ့ ကစားသမားတွေ ဘာကြောင့် ခြေစွမ်းပြနိုင်သလဲ။"

ကမ္ဘာ့ဖလား အထူးကဏ္ဍ

အသင်းတိုင်းကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေတယ်လို့ ဖွင့်ဟလိုက်တဲ့ပေါ့ဂ်ဘာ စာ - ၂

အသင်းကို ပြင်လွယ်ပြောင်းလွယ်ပုံစံနဲ့ပဲ ဆက်ကိုင်တွယ်မယ်ဆိုတဲ့ ဂျာမနီနည်းပြ စာ - ၇

မြန်မာ့အလင်း
၄-၇-၂၀၁၄ (သောကြာနေ့)

မထင်မှတ်သောရလဒ်များ၏ မြစ်ဖျားခံရာမှ

ရှိသေးတာ။ အတွင်းကျကျပြောရရင် ဘောလုံးသမားချင်းတူတာတောင် ဘဝတွေကမတူကြဘူး။ ရော်နယ်ဒို၊ မက်ဆီ၊ ရွှန်းနေတို့လို ကစားသမားတွေက သန်းကြွယ်သူဌေးတွေဖြစ်နေပေမယ့် တစ်ပတ်ကို ပေါင် ၁၀၀၀၀ တောင်မရတဲ့ ဘောလုံးသမားတွေ။ ပေါင် ၂၀၀၀၀၊ ၃၀၀၀၀ လောက်နဲ့ ကစားနေရတဲ့ ဘောလုံးသမားတွေက ဒုနဲ့ ဒေး။ အရှင်းဆုံးပြောရရင် ဘောလုံးသမားဘဝမှာ အဓိကအကျဆုံးက ကျော်ကြားမှုနဲ့ အောင်မြင်မှု၊ ပြီးတော့ ငွေကြေး၊ အဲဒါတွေရဖို့ဆိုတာကလည်း အားလုံးရဲ့အာရုံစိုက်မှုကို ရမှ။ အရှင်းဆုံးပြောရရင် အသင်းကြီးတွေ မျက်စိကျမှ။ အဲဒီလို မျက်စိကျဖို့၊ အာရုံစိုက်ခံရဖို့ဆိုတာကလည်း အားလုံးရဲ့ စိတ်ဝင်စားမှုခံရတဲ့ ပြိုင်ပွဲကြီးမျိုးမှာ ခြေစွမ်းပြနိုင်ဖို့လိုတယ်။ အဲဒီအတွက်ကြောင့်ပဲ ကမ္ဘာ့ဖလားလို ပြိုင်ပွဲဟာ ကစားသမားတွေအတွက် အခွင့်အရေးတစ်ခုလို့ ပြောခဲ့တာ။

သာဓကအနေနဲ့ပြောရရင် ၂၀၀၂ တုန်းက ဆီနီဂေါအတွက် ခြေစွမ်းပြခဲ့တဲ့ ဒီအော့ဖ်ဆိုရင် အဲဒီပြိုင်ပွဲပြီးတာနဲ့ လီဗာပူး ရောက်လာတယ်။ အဲဒါမျိုးတွေက ဘောလုံးလောကမှာ ဒုနဲ့ဒေး။ ပြိုင်ပွဲကြီးတွေမှာ မထင်မှတ်ဘဲ ခြေစွမ်းပြရာကနေ ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှာ ထင်ရှားလာတဲ့သူတွေက ဒုနဲ့ဒေး။ အဲဒီအထဲမှာ တင်ကျန်သူတွေရှိသလို ခဏနဲ့ ပျောက်သွားတဲ့သူတွေရှိတယ်။ အဲဒါကို မန်ယူ မန်နေဂျာဟောင်း ဖာဂူဆန်က စကားတစ်ခွန်း ပြောဖူးတယ်။ တချို့ကစားသမားတွေဟာ ပြိုင်ပွဲကြီးတစ်ခုမှာ တင်းခံကစားကြရင်းက မထင်မှတ်ဘဲ ခြေစွမ်းပြလာတတ်ကြတယ်။ တချို့က အဲဒီပြိုင်ပွဲအပြီးမှာ အဲဒီခြေကို ပြန်မမီကြတော့ဘူးလို့ ထောက်ပြခဲ့ဖူးတာ ဖြစ်ပါတယ်။ အဲဒါက လက်လွတ်စပယ် စကားလည်းမဟုတ်ဘူး။ ယူရို ၁၉၉၆ မှာ ခြေစွမ်းပြခဲ့တဲ့ ပိုဘောစကီးနဲ့ ဂျော်ဒီခရိုက်ကို အဲဒီပြိုင်ပွဲအပြီးမှာ သူကိုယ်တိုင်ခေါ်ပြီးနောက် အသုံးမဝင်ခဲ့တဲ့ အထိ ဖြစ်ဖူးတယ်။ ဒီတော့ ဒီတစ်ကြိမ်ဖြစ်တည်လာတဲ့ မထင်မှတ်တဲ့ရလဒ်တွေက ဘာကြောင့်ဖြစ်မလဲ။ ရာသီဥတု၊ ရှုံးမှာမကြောက်တဲ့ စိတ်တွေလည်း အကျိုးဝင်ပေမယ့် အဓိကကတော့ ကစားသမားတွေရဲ့ တင်းခံကစားတဲ့စိတ်၊ အနာဂတ်အတွက် ရည်ရွယ်တဲ့စိတ်ကြောင့်လို့မြင်တယ်။

ကွာတားအထိရောက်လာတဲ့ ကော်စတာရီကာဆိုရင် အများစုက ဥရောပတောင် ခြေမချနိုင်သေးတဲ့သူတွေ၊ ပြီးတော့ ကမ့်ဘဲလ်လို နေရာမရလို့ အငှားလိုက်ကစားနေရတဲ့သူတွေ၊ ကမ့်ဘဲလ်ဆိုရင် အာဆင်နယ်ကို ၂၀၁၁ ကတည်းကရောက်တာ။ ဒါပေမယ့် နေရာမရဘူး။ လော်ရီယန့်၊ ဘက်တစ်၊ အိုလံပီယာကော့စ်တို့မှာ အငှားနဲ့ လိုက်ကစားနေရတယ်။ အဆင်မသင့်ရင် ပြန်ပြီးတောင် အရောင်းခံရမယ့်သဘော။ ဒါပေမယ့် အခု ကော်စတာရီကာနဲ့အတူ ခြေစွမ်းပြလိုက်တော့ သူ့အပေါ် စိတ်ဝင်စားသူတွေ များလာတယ်။ အာဆင်နယ်ကလည်း ပြန်ပြီးစိတ်ယိုင်လာတယ်။ ပြီးတော့ ကိုလံဘီယာရဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်။ သူလည်း စပိန်မှာကစားချင်ပေမယ့် ဘာစီလိုနာ၊ ရီးရဲတို့က ဂရုမစိုက်တော့ မိုနာကို ရောက်သွားရာကနေ အခုဒီပြိုင်ပွဲမှာ ခြေစွမ်းပြထားတဲ့အခါ ရီးရဲကပေါင်သန်း ၄၀ လောက်နဲ့ ခေါ်မယ်ဆိုတဲ့ သတင်းတွေ ထွက်လာတယ်။

ဒီတော့ ပြိုင်ပွဲကြီးတွေမှာ မထင်မှတ်တဲ့ ရလဒ်တွေဘာကြောင့်ဖြစ်သလဲ။ မထင်မှတ်တဲ့ ကစားသမားတွေ ဘာကြောင့်ခြေစွမ်းပြနိုင်သလဲ။ ရာသီဥတုကြောင့် ဒီတစ်ကြိမ် ဒီလောက်မထင်မှတ်တာတွေများတာ၊ ရှုံးမှာမကြောက်တဲ့စိတ်ကြောင့် မထင်တဲ့ရလဒ်တွေ ဖြစ်တာလို့ဆိုရင် မမှားနိုင်ပေမယ့် အခြေခံကတော့ တင်းခံကစားမှုနဲ့ ကစားသမားတွေရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်ပဲ။ စိတ်ဆိုတာက အရာရာကို အတိုးအဆုတ်ဖြစ်အောင် တွန်းပို့နိုင်တော့ သေချာတယ်၊ မျှော်လင့်ချက်အတွက် လျှောက်တဲ့လမ်းဟာ အားသိပ်ပါတယ်။ သိပ်ပြီးလည်း ကြောက်စရာကောင်းတယ်လို့ပဲ ပြောချင်ပါတယ်။ ။

ကမ့်ဘဲလ်

အသင်းတိုင်းကို ရင်ဆိုင်ဖို့ အသင့် ဖြစ်နေတယ်လို့ ဖွင့်ဟလိုက်တဲ့ ပေါ့ဂ်ဘာ

ပြင်သစ်အသင်းကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ပေါ့ဂ်ဘာကတော့ ၁၆သင်းအဆင့်မှာ ပြင်သစ်အသင်းအနေနဲ့ နိုင်ဂျီးရီးယားအသင်းကို နိုင်ခဲ့ပြီးတဲ့နောက်မှာတော့ ဘယ်အသင်းကိုမှ ကြောက်ရွံ့သွားမှာမဟုတ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။

ပြင်သစ်အသင်းဟာ လက်ရှိရှုံးထွက်အဆင့်အထိ လေးပွဲကစားခဲ့ပြီးချိန်မှာတော့ အီကွေဒေါအသင်းနဲ့ပွဲသာ ဂိုးမရှိ သရေကျခဲ့ခြင်းဖြစ်ပြီး ကျန်တဲ့သုံးပွဲလုံးမှာတော့ အကောင်းဆုံးသွင်းဂိုးတွေနဲ့အတူ ကစားထားနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာဟာ နိုင်ဂျီးရီးယားအသင်းကို ၂-၀နဲ့ နိုင်ခဲ့တဲ့ ရှုံးထွက်ပွဲမှာ အသင်းအတွက် ပထမဦးဆုံးအဖွင့်ဂိုးကို သွင်းယူပေးခဲ့တဲ့သူဖြစ်ပါတယ်။

အသင်းရဲ့လက်ရှိအခြေအနေတွေနဲ့ပတ်သက်ပြီး ပေါ့ဂ်ဘာက "ကျွန်တော်တို့ ပြင်သစ်အသင်းဟာ ဘယ်အသင်းကိုမှ မကြောက်ပါဘူး။ ကျွန်တော်တို့အသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ ဂျာမနီအသင်းကို အနိုင်ကစားပြီး ဆီမီးအဆင့်မှာ ဘရာဇီးနဲ့ တွေ့ဆုံကစားလိုပါတယ်။ ကျွန်တော်ဟာ ၁၉၉၈ ကမ္ဘာ့ဖလားတုန်းက ပြင်သစ်နဲ့ ဘရာဇီး နောက်ဆုံးဗိုလ်လုပွဲကို ကလေးတစ်ယောက်အနေနဲ့ ကြည့်ခဲ့ဖူးပါတယ်။ အခုလည်း ထပ်မံတွေ့ဆုံရမယ်ဆိုရင် အလွန်ကောင်းတဲ့ ပွဲတစ်ပွဲဖြစ်မယ်ဆိုတာ သေချာပါတယ်"ဟု ပြောဆိုခဲ့ပါတယ်။

ကွင်းလယ်ကစားသမားပေါ့ဂ်ဘာဟာ ပြင်သစ်အသင်းမှာ ၂၀၁၃ ခုနှစ်ကတည်းက စတင်ပါဝင်ကစားခဲ့တာဖြစ်ပြီး အသင်းနဲ့အတူ ၁၅ ပွဲပါဝင်ကစားကာ သုံးဂိုးသွင်းယူပေးထားခဲ့သူ ဖြစ်ပါတယ်။

ဒါ့အပြင် ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်ကလည်း အသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ အောင်မြင်မှုတွေ ရရှိမှာသေချာတယ်လို့ ပြောဆိုလိုက်ပါတယ်။

ပြင်သစ်အသင်းဟာ ယခုလက်ရှိ ကမ္ဘာ့ဖလားအသင်းတွေထဲမှာတော့ တိုက်စစ်အင်အား အကောင်းဆုံးအသင်းဖြစ်ပါတယ်။

ဂျာမနီအသင်းနဲ့ ပတ်သက်ပြီး နည်းပြဒက်ချမ့်က "ကျွန်တော်တို့အသင်းအနေနဲ့ ပြောင်းလဲမှုတွေလုပ်သွားဖို့မရှိပါဘူး။ ဂျာမနီနဲ့ အယ်လ်ဂျီးရီးယားတို့ ကစားခဲ့တဲ့ပွဲကိုတော့ ကျွန်တော်တို့ မကြည့်ဖြစ်လိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီအချိန်မှာ ကျွန်တော်တို့အသင်းဟာ လေယာဉ်ပေါ်မှာရောက်နေလို့ပါ။ ဒါပေမယ့် သူတို့ဟာ တစ်ဦးချင်းစွမ်းရည်ကောင်းတဲ့ ကစားသမားတွေဖြစ်တဲ့အပြင် ကမ္ဘာ့ကလပ်အသင်းတွေမှာ ကစားနေတဲ့ ကစားသမားတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဂျာမနီကစားသမားတစ်ဦးချင်းကို အသေးစိတ်လေ့လာမှုတွေပြုလုပ်ပြီး ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်သွားမှာပါ"ဟု ပြောဆိုခဲ့ပါတယ်။

ပေါ့ဂ်ဘာ

■ အောင်က

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ထိန်းချုပ်ကစားကြရန် အသင်းဖော်များကို ဖာနန်ဒင်ညို တိုက်တွန်း

ဖာနန်ဒင်ညို

ဘရာဇီးကွင်းလယ်ကစားသမား ဖာနန်ဒင်ညိုက ကွာတားဖိုင်နယ်ပွဲတွင် ကိုလံဘီယာအသင်း၏ အဓိကကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ထိန်းချုပ်ကစားသွားရန် တိုက်တွန်းပြောဆိုလိုက်သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသနေသူဖြစ်သလို ကိုလံဘီယာအသင်းအတွက်လည်း သွင်းဂိုးငါးဂိုးအထိ သွင်းယူပေးထားသူဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်းရှိနေသည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ကိုလံဘီယာအသင်း၏တိုက်စစ်ကို ဦးဆောင်နေသည့်အတွက် ဖာနန်ဒင်ညိုက သူ့ကိုထိန်းချုပ်ကစားရန် အသင်းဖော်များကို တိုက်တွန်းပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဖာနန်ဒင်ညိုက "ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ မိုနာကိုအသင်းက သူ့ကိုပေးချေခဲ့ရတဲ့တန်ဖိုးနဲ့ ထိုက်တန်ကြောင်းကို ဒီကမ္ဘာ့ဖလားမှာ ပြသနေပါတယ်။ ဒါကြောင့် ကိုလံဘီယာနဲ့တွေ့မယ့်ပွဲမှာ သူ့ကိုနေရာလွတ်တွေ မရစေရအောင် လုပ်ဆောင်နိုင်ခဲ့မယ်ဆိုရင် ဘရာဇီးအတွက် ပိုကောင်းပါလိမ့်မယ်"ဟု ပြောသွားသည်။

ထို့အပြင် ဖာနန်ဒင်ညိုက အဆိုပါပွဲတွင် အကောင်းဆုံးကစားပြီး အနိုင်ရလဒ်ကို ရယူသွားနိုင်မည်ဟု ယုံကြည်နေကြောင်း ပြောကြားသည်။

ဖြိုးဒေါ်လာ ■

အသင်းကို ပြင်လွယ်ပြောင်းလွယ်ပုံစံနဲ့ပဲ ဆက်ကိုင်တွယ်မယ်ဆိုတဲ့ ဂျာမနီနည်းပြ

ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုကတော့ အသင်းရဲ့ကစားသမား ရွေးချယ်တဲ့နေရာမှာ ပုံသေမထားဘဲ ပြင်လွယ်ပြောင်းလွယ်အောင်ထားသွားမယ်လို့ ပြောဆိုခဲ့ပါတယ်။

ဂျာမနီအသင်းဟာ အုပ်စုအဆင့်ပွဲစဉ်တွေမှာ ပထမဦးဆုံး ပေါ်တူဂီအသင်းနဲ့ပွဲတွင် ၄-၀နဲ့ အနိုင်ကစားနိုင်ခဲ့ပေမယ့် ဂါနာအသင်းနဲ့ပွဲမှာတော့ ၂-၂ သရေကျခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အုပ်စုနောက်ဆုံးပွဲစဉ်မှာ အမေရိကန်အသင်းကို ၁-၀ နဲ့ အနိုင်ကစားကာ ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ ပြီးခဲ့တဲ့ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာ အယ်လ်ဂျီးရီးယားအသင်းကို အချိန်ပိုမှသာ ၂-၁နဲ့ အနိုင်ကစားခဲ့ကာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

အသင်းနဲ့ပတ်သက်ပြီး ဂျိုအာချင်လိုက "ပြင်လွယ်ပြောင်းလွယ်တဲ့အခြေအနေတွေကို သုံးရခြင်းဟာအသင်းရဲ့ အဓိကအင်အားလို့ ပြောရမှာပါ။ ကျွန်တော်တို့ဟာ လန်းဆန်းပြီးတက်ကြွမှုရှိနေတဲ့ ကစားသမားတွေနဲ့ အသင်းကို ကူညီနိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် ခီဒီယာ၊ ရှာရယ်တို့ပါပဲ။ အခုအချိန်မှာ ကျွန်တော်ဟာ အသင်းရဲ့ကစားသမားတွေကို တစ်ရက် သို့မဟုတ် နှစ်ရက်လောက် နားခိုင်းထားပါတယ်"လို့ ပြောဆိုထားပါတယ်။

ဒါ့အပြင် ဂျာမနီအသင်းနည်းပြက ကွာတားဖိုင်နယ်အဆင့်မှာ တွေ့ဆုံကစားရမယ့် ပြင်သစ်အသင်းဟာ အကောင်းဆုံးတစ်သင်းဖြစ်ကြောင်းကိုလည်း ပြောဆိုခဲ့ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး ဂျာမနီနည်းပြက "ပြင်သစ်အသင်းဟာ နည်းပြဒက်ချမ့်စ်ရဲ့ လက်အောက်မှာ တဖြည်းဖြည်းနဲ့ အင်အားကောင်းလာတဲ့အသင်း ဖြစ်ပါတယ်။ ပြင်သစ်နဲ့ ကျွန်တော်တို့ ကစားရမယ့်ပွဲဟာ ပြင်းထန်တဲ့ပွဲတစ်ပွဲဖြစ်လာမယ်ဆိုတာ သေချာပါတယ်။ အဲဒီပွဲနဲ့ပတ်သက်လို့ ကျွန်တော်တို့အသင်းအနေနဲ့ အကောင်းဆုံးပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်"ဟု ပြောဆိုပါတယ်။

ဒါပေမယ့် ဂျာမနီအသင်းရဲ့အားကိုးရတဲ့ ခံစစ်မှူးတစ်ဦးဖြစ်တဲ့ မူစတာဖီကတော့ အယ်လ်ဂျီးရီးယားအသင်းကို ၂-၁နဲ့ နိုင်ခဲ့တဲ့ပွဲမှာ ပေါင်ခြံဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒီဒဏ်ရာကြောင့် မူစတာဖီဟာ ဂျာမနီအသင်းရဲ့ နောက်ပိုင်းကစားရမယ့် ကမ္ဘာ့ဖလားပွဲတွေမှာ ပါဝင်ကစားနိုင်ဖို့ မရှိတော့ဘူးလို့ ဆိုပါတယ်။ ဒါ့အပြင် အဲဒီနေ့ပွဲမှာ ဂျာမနီကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါလည်း ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါပေမယ့် နည်းပြကတော့ "သူ့ရဲ့ဒဏ်ရာဟာ သိပ်အဆိုးရွားကြီးတော့ မဟုတ်ပါဘူး"လို့ ပြောဆိုခဲ့ပါတယ်။

အောင်က

ဂျိုအာချင်လို

ဖဲလ်ဒက်စ်

ဘရာဇီးနှင့်ပွဲအတွက် အထူးပြင်ဆင်မှုများပြုလုပ်ထားခြင်း မရှိဟု ကိုလံဘီယာကစားသမား ဖဲလ်ဒက်စ် ပြောဆို

ကိုလံဘီယာ နောက်တန်းကစားသမား ဖဲလ်ဒက်စ်က အသင်းအနေဖြင့် အိမ်ရှင်ဘရာဇီးအသင်းနှင့် ကစားရမည့် ကွာတားဖိုင်နယ်ပွဲစဉ်အတွက် အထူးပြင်ဆင်မှုများ ပြုလုပ်သွားမည်မဟုတ်ကြောင်း ပြောသွားသည်။

ဘရာဇီးနှင့် ကိုလံဘီယာတို့သည် ယခုကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ရေးအတွက် တောင်အမေရိက ပြိုင်ဘက်အသင်းများဖြစ်သည့် ချီလီနှင့် ဥရုဂွေးအသင်းတို့ကို အနိုင်ရယူနိုင်ခဲ့သဖြင့် ယခုအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖဲလ်ဒက်စ်က "ဘရာဇီးအသင်းဟာ ဘောလုံးပိုင်ဆိုင်မှုကို ဦးစားပေးကစားတဲ့အသင်းပါ။ ဒါပေမယ့် ကျွန်တော်တို့ အနေနဲ့လည်း ဘယ်အသင်းနဲ့ပဲတွေ့ဆုံနေပါစေ ဒီအတိုင်းပဲ အပြောင်းအလဲမရှိ လေ့ကျင့်မှုတွေလုပ်ထားတာပါ။ ဘရာဇီးအသင်းမှာ ကစားသမားကောင်းတွေ အများကြီးရှိနေပါတယ်"ဟု ပြောသွားသည်။

ထို့အပြင် ကိုလံဘီယာဂိုးသမား ဗားဂတ်စ်ကလည်း အသင်းနည်းပြ ပီကာမန်းနှင့်ပတ်သက်ပြီး "ကျွန်တော်တို့အသင်းဟာ ကိုယ်ပိုင်ဟန်နဲ့ ပွဲတစ်ပွဲချင်းစီကို အာရုံစိုက်ကစားတာပါ။ ဒါ့အပြင် အသင်းနည်းပြကလည်း အသင်းသားတစ်ဦးချင်းစီရဲ့ အရည်အသွေးတွေကို နားလည်ထားတဲ့သူပါ"ဟု ပြောသည်။

ဖြိုးဒေါ်လာ

နိုင်ပွဲရဖို့ ရုန်းကန်ရမယ့် ဂျာမနီ၊ သရေကျမယ့် ဘရာဇီးနဲ့ ကိုလံဘီယာ မှ

ဘရာဇီး Vs ကိုလံဘီယာ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၅-၇-၂၀၁၄၊ နံနက် ၂း၃၀ Estadio Castelao
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဘရာဇီး ၁-၁ ကိုလံဘီယာ (၁၅-၁၁-၂၀၁၃)

ဘရာဇီးအသင်းဟာ အိမ်ရှင်အခွင့်အရေးလည်းရှိနေတယ်။ ကိုလံဘီယာနဲ့ ၁၂ ကြိမ် ဆုံတွေ့ခဲ့မှုမှာလည်း ၇ ပွဲအနိုင်ရပြီး ၅ ပွဲသရေကျခဲ့တဲ့အသင်းဖြစ်တယ်။ ဒါပေမယ့် အိမ်ကွင်းမှာ အောင်မြင်မှုရရှိရေးဆိုတဲ့ မျှော်လင့်ချက်ဟာ ဘရာဇီးအတွက် ဖိအားတစ်ခုလိုဖြစ်နေပြီး ဒီဖိအားကြောင့် ခြေစွမ်းပိုင်းမာကျောတဲ့အသင်းတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဘရာဇီးကစားသမားတွေရဲ့ အကောင်းဆုံးခြေစွမ်းပိုင်းပျောက်ဆုံးပြီး ရလဒ်ကောင်းရဖို့ရုန်းကန်ခဲ့ရတယ်။ ဘရာဇီးရဲ့ကွင်းလယ်ဟာ ရုန်းအားကောင်းတာမှန်တယ်။ ဒါပေမယ့် ဟတ်ခ်နဲ့ ဖရက်ဒ်တို့လို တိုက်စစ်မှူးတွေဟာ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမရှိတဲ့ ကစားသမားတွေဖြစ်ပြီး ဘရာဇီးရဲ့တိုက်စစ်ဟာ လူငယ်ကစားသမား နေမာအပေါ် အများကြီးမှီခိုနေရတယ်။ ဒါပေမယ့် နေမာဟာ ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်နေရလို့ အခုပွဲမှာ အကောင်းဆုံးခြေစွမ်းမျိုးနဲ့ ကစားနိုင်ဖို့ခက်တာကြောင့် ဘရာဇီးတိုက်စစ် ရုန်းကန်ရမယ့် အနေအထားရှိတယ်။ ဘရာဇီးရဲ့ခံစစ်မှာ ကစားသမားကောင်းတွေရှိပေမယ့် ဘရာဇီးခံစစ်မှာ အားနည်းချက်တွေရှိနေပြီး ခံစစ်မှူးတွေကလည်း တိုက်စစ်ကို အလွန်အကျွံလိုက်ပါဖိအားပေးလေ့ရှိတာမို့ လျင်မြန်တဲ့ပြိုင်ဘက်တိုက်စစ်ကစားသမားတွေအတွက် နေရာလွတ်တွေဖန်တီးပေးနေသလိုဖြစ်နေတယ်။ ကိုလံဘီယာအသင်းမှာ တိုက်စစ်မှူး ဖယ်ကာအို မပါဝင်နိုင်တဲ့ဟာကွက်ကို ဂျိမ်းစ်ရိုဒရီဂွက်ဇ်က အကောင်းဆုံးဖြည့်စွမ်းကစားနေတယ်။ ကိုလံဘီယာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲသုံးပွဲမှာ ပြိုင်ဘက်တွေကို ဘောလုံးပိုင်ဆိုင်မှုအရ အသာစီးမရယူနိုင်ခဲ့ဘူး။ ဂျပန်လိုအသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာ ဂျပန်အသင်းရဲ့ ဖိအားပေးကစားမှုကိုတောင်ခံခဲ့ရတဲ့ ကိုလံဘီယာဟာ အိမ်ကွင်းအားရှိနေတဲ့ ဘရာဇီးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့ မလွယ်ဘူး။ ဒါပေမယ့် လျင်မြန်တဲ့ကစားဟန်မျိုးရှိပြီး ကူရာဒါဒို၊ အဂူလာ၊ ကားလော့စ်ဆန်းချက်ဇ်၊ ရိုဒရီဂွက်ဇ်တို့လို ကွင်းလယ်တိုက်စစ်ကစားသမားတွေနဲ့ ဂူတီယာရက်ဇ်၊ ဂျက်ဆန်မာတီနက်ဇ်တို့လို တိုက်စစ်မှူးတွေ အတွဲအဖက်မိနေတာကြောင့် ကိုလံဘီယာရဲ့ တိုက်စစ်ပိုင်း ထက်မြက်နေတယ်။ ကိုလံဘီယာရဲ့ခံစစ်ပိုင်း အနည်းငယ်အားနည်းမှုရှိပေမယ့် ပြီးပြည့်စုံမှုမရှိတဲ့ ဘရာဇီးတိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်စွမ်းရှိတယ်။ ခြေစွမ်းကွာဟမှုကြီးကြီးမားမားမရှိတာကြောင့် သာမန်ပွဲချိန်အတွင်း နှစ်သင်းပေါင်း ဂိုးနည်းနည်းနဲ့ သရေကျသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

ဘရာဇီး၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

ဘရာဇီး-မက္ကဆီကို

ဘရာဇီး	ရလဒ်(၀-၀)	မက္ကဆီကို
၄	ထောင့်ကန်ဘော	၃
၆	ဂိုးပေါက်တည့်မှု	၂
၅	ဂိုးပေါက်လွဲမှု	၁၀
၄၈	ဘောလုံးပိုင်ဆိုင်မှု	၅၂

ကင်မရွန်း-ဘရာဇီး

ကင်မရွန်း	ရလဒ်(၁-၄)	ဘရာဇီး
၆	ထောင့်ကန်ဘော	၇
၀	ဂိုးပေါက်တည့်မှု	၈
၈	ဂိုးပေါက်လွဲမှု	၄
၄၆	ဘောလုံးပိုင်ဆိုင်မှု	၅၄

ဘရာဇီး-ချီလီ

ဘရာဇီး	ရလဒ်(၁-၁)	ချီလီ
၉	ထောင့်ကန်ဘော	၅
၇	ဂိုးပေါက်တည့်မှု	၃
၁၂	ဂိုးပေါက်လွဲမှု	၆
၅၄	ဘောလုံးပိုင်ဆိုင်မှု	၄၆

ကိုလံဘီယာ၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

ကိုလံဘီယာ-အိုင်ဗရီကို့စ်

ကိုလံဘီယာ	ရလဒ်(၂-၁)	အိုင်ဗရီကို့စ်
၅	ထောင့်ကန်ဘော	၅
၄	ဂိုးပေါက်တည့်မှု	၅
၃	ဂိုးပေါက်လွဲမှု	၇
၄၀	ဘောလုံးပိုင်ဆိုင်မှု	၆၀

ဂျပန်-ကိုလံဘီယာ

ဂျပန်	ရလဒ်(၁-၄)	ကိုလံဘီယာ
၉	ထောင့်ကန်ဘော	၂
၈	ဂိုးပေါက်တည့်မှု	၉
၁၁	ဂိုးပေါက်လွဲမှု	၆
၆၁	ဘောလုံးပိုင်ဆိုင်မှု	၃၉

ကိုလံဘီယာ-ဥရုဂွေး

ကိုလံဘီယာ	ရလဒ်(၂-၀)	ဥရုဂွေး
၃	ထောင့်ကန်ဘော	၅
၅	ဂိုးပေါက်တည့်မှု	၇
၃	ဂိုးပေါက်လွဲမှု	၈
၅၁	ဘောလုံးပိုင်ဆိုင်မှု	၄၉

ရန်ကုန်တိုင်းဒေသကြီး

ပင်စင်စားများအတွက် တန်ဖိုးနည်း WCDMA ဆင်းကတ်များထုတ်

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပင်စင်စားများအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်း WCDMAဆင်းကတ်များကို သက်ဆိုင်ရာမြို့နယ် စာတိုက်၊ အိတ်ချိန်းရုံးများတွင် မတ်လ တတိယပတ်မှစ၍ထုတ်ယူရန် ဆောင်ရွက်ပေးလျက်ရှိရာ လှိုင်သာယာမြို့နယ်အတွင်းရှိ ပင်စင်စားများကိုလည်း မြို့နယ်စာတိုက်မှ တန်ဖိုးနည်းဆင်းကတ်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

မြို့နယ်စာတိုက်မှပင်စင်စားများအတွက် ဖုန်းဆင်းကတ် ၂၃၀၀ ထုတ်ပေးပြီး ဆေးပင်စင်များကိုပါ လျှောက်လွှာလက်ခံ၍ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပြီး ငွေကျပ် ၁၅၀၀ သာ သွင်းရသော WCDMA ဆင်းကတ်များကို မတ်လ ၂၄ ရက်နေ့မှစတင်ထုတ်ပေးခဲ့ပြီး ပင်စင်စာအုပ်မူရင်း၊ မိတ္တူ၊ မှတ်ပုံတင်မူရင်း၊ မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ သန်းခေါင်စာရင်းမူရင်း၊ မိတ္တူ သို့မဟုတ် ရပ်ကွက်အတွင်း နေထိုင်ကြောင်း ထောက်ခံစာဖြင့် ပင်စင်စားများ ဆင်းကတ်များကို ထုတ်ယူနိုင်ကြောင်း မြို့နယ်စာတိုက်မှသိရသည်။

သန်းထိုက်(လှိုင်သာယာ)

မကွေးတိုင်းဒေသကြီး

ဂန့်ဂေါမြို့တွင်းလမ်းများ အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင်းလမ်းများဖြစ်သော ဗိုလ်ချုပ်လမ်းနှင့်မြစ်သာမြစ်ရှောင်လမ်းများအား အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဂန့်ဂေါခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးတင်ဆောင်နှင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးဝင်းခိုင်ထွေးတို့ ကြီးကြပ်လျက် လမ်းလုပ်သားများက ချက်ချင်း ဆောင်ရွက်ခဲ့ရာ ယခုအခါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည်။

ဂန့်ဂေါမြို့တွင်း ဗိုလ်ချုပ်လမ်းမှာ ပခုက္ကူ- ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပိုင်းတွင် ပါဝင်ပြီး မိုင် ၁၃၈/၃နှင့်၁၃၈/၄ ကြား တစ်ဖာလုံအရှည် ကျောက်လမ်းကို ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းနှင့် မိုင် ၁၃၈/၄နှင့်၁၄၁/၄ ကြား သုံးမိုင်အရှည်ရှိ ၁၂ ပေအကျယ် ကတ္တရာလမ်းဟောင်းကို တစ်ဖက်လျှင် သုံးပေအကျယ်ချဲ့၍ ကျောက်ခင်းပြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၂၇၇ ဒသမ ၅၀၀ သန်း အကုန်အကျခံလျက်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် တစ်မိုင်အရှည်ရှိ မြစ်သာမြစ်ရှောင်လမ်းကို လည်း ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ်သို့ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ၉၃ သန်း အကုန်အကျခံကာ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ ယင်းလမ်းများ အဆင့်မြှင့်တင်ခြင်းအတွက် စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၃၇၀ ဒသမ ၅၀၀ သန်းဖြစ်သည်။ ယခုအခါ ဂန့်ဂေါမြို့တွင်း လမ်းများ ကောင်းမွန်လာပြီဖြစ်သောကြောင့် လမ်းအသုံးပြုသူများ စိတ်ချမ်းသာစွာ အသုံးပြုသွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

စစ်ကိုင်းတိုင်းဒေသကြီး

ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ သဘာဝပတ်ဝန်းကျင်ချစ်သူများအဖွဲ့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြို့သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်လျက် ဇူလိုင် ၁ ရက်က ချောင်းဦးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သိန်းနှင့် ဝန်ထမ်းများ၊ သဘာဝပတ်ဝန်းကျင်ချစ်သူများအဖွဲ့တို့မှ ပြည်သူ ၅၀တို့က ချောင်းဦးမြို့နယ်လမ်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ ပလတ်စတစ်အိတ်ခွံနှင့် အမှိုက်များကို လိုက်လံ ကောက်ယူ၍ သန့်ရှင်းရေးများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေးအသိပေးဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက် ထန်းတပင် အနောက်ပိုင်းလမ်း မြသိင်္ဂါလမ်းနှင့် မြနန္ဒာလမ်းတို့တွင် ဇူလိုင် ၂ ရက် နံနက် ၈ နာရီခွဲက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေးမှုလုပ်ငန်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်စည်ပင်သာယာရေးကော်မတီဝင် ဦးထင်ဇော်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်ဒေသန္တရကျန်းမာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများသည် ရေမြောင်းများရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်များ ဆေးစိမ်ပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်လှိုင်

ကုန်အမှတ်တံဆိပ်များနှင့် ဆောင်ပုဒ်များအတွက် သတိပေးကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၊ (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၈၉၄/၁၉၉၃-၁၉၉၄)၊ အမှတ်(၆၁၅/၁)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်- ၄/၃၇၄၄/၂၀၁၄ (၂၄-၂၀၁၄)

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

မှတ်ပုံတင်အမှတ်- ၄/၃၇၄၅/၂၀၁၄ (၂၄-၂၀၁၄)

STRENGTH OF MYANMAR

မှတ်ပုံတင်အမှတ်- ၄/၃၇၄၆/၂၀၁၄ (၂၄-၂၀၁၄)

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မှတ်ပုံတင်အမှတ်- ၄/၃၇၄၇/၂၀၁၄ (၂၄-၂၀၁၄)

ကမ္ဘောဇဘဏ်လီမိတက်သည် အထက်ဖော်ပြပါကုန်အမှတ် တံဆိပ်များနှင့် ဆောင်ပုဒ်များကို တစ်ဦးတည်းပိုင်ဆိုင်သူအဖြစ် တရားဝင်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်များနှင့် ဆောင်ပုဒ် များကို ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းများတွင် လိုအပ်သလို အသုံးပြုသွားပါမည်။

သို့ပါ၍ ကမ္ဘောဇဘဏ်လီမိတက်က တစ်ဦးတည်းပိုင် သုံးစွဲမည့်အထက်ပါ ကုန်အမှတ်တံဆိပ်များနှင့် ဆောင်ပုဒ်များကို ခွင့်ပြုချက်မရှိဘဲ တစ်ဦးတစ်ယောက် (သို့မဟုတ်)အဖွဲ့ (သို့မဟုတ်)ကုမ္ပဏီတစ်ခုခုက ထပ်တူဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အရောင်အဆင်းတူပုံစံဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းများဖြင့် ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းအောင်၊ တရားလွှတ်တော်ရှေ့နေ
Kelvin Chia Yangon Ltd., Law Firm
အခန်း ၁၅၀၅-၁၅၀၈-၁၅၀၉၊ ၁၅လွှာ၊ ဆာကူရာတာဝါ၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ utm@kcyangon.com
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

လှမ်းခဲ့ပါ ရွှေကုက္ကိုမြို့

၂၀၁၄ခုနှစ် ဇွန် ၂၇ရက် နံနက် (၉)နာရီ။

ရာသီဥတုက မိုးရွာပြီးစ အေးအေးမြမြ။ ဘင်ခရာတီးဝိုင်းမှ တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက သစ်လွင်တောက်ပသောဝတ်စုံများဖြင့်။ ပန်းဖွားလေးများ ကိုင်ဆောင်ထားသည့် သမီးငယ်လေးများကလည်း လိပ်ပြာကလေးများနှယ် မြူးမြူးကြွကြွနှင့် ကရန်အသင့်။ ပို၍ထူးခြားနေသည်က မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးတစ်စုံ။ သူတို့ကလည်း မင်္ဂလာအချိန်ကျရောက်သည်နှင့် တီးမှုတ်သီဆို ဖျော်ဖြေကြမည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသူဝတ်စုံရှစ်မျိုးကို ဝတ်ဆင်ထားသည့် တိုင်းရင်းသူလေးများ၏ အလှကလည်း အေးချမ်းပြီး ကျက်သရေရှိလှသည်။ ထိုနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုမြိုင် အခြေခံပညာအထက်တန်းကျောင်း၏ သုံးထပ်ကျောင်းဆောင်သစ်ကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကြီးကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ နယ်မြေခံတပ်မမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကြီးကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။ ယင်းအခမ်းအနားသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ ဥပဒေချုပ် ဦးသိန်းလွင်၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးဆာလောလ၊ နယ်ခြားစောင့်တပ်များ၏ အမှတ်(၃)တပ်နယ်မှူး ဗိုလ်မှူးကြီးစောချစ်သူ၊ အမှတ်(၂) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစောကြာအင်း၊ KNU ငြိမ်းချမ်းရေးအဖွဲ့မှ ပဒိုမန်းငြိမ်းမောင်နှင့် ဦးဖောဒို၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားအစီအစဉ်အရ အမှာစကားများ အသီးသီးပြောကြားပြီးနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက ကျောင်းဆောင်သစ်ကြီးနှင့် ပတ်သက်သောစာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန ကရင်ပြည်နယ် ပညာရေးမှူး ဦးအောင်မောင်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ ဗိုလ်မှူးကြီးစောချစ်သူက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများ ပေးအပ်ခဲ့ပါသည်။ ယင်းအခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကျောင်းသား၊ ကျောင်းသူလေးများအတွက် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုနေ့ နံနက်ပိုင်းကလည်း ရွှေကုက္ကိုမြိုင် အမှတ်(၂)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၅)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းများအား မူလတန်းလွန်ကျောင်းများအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားများကို ကျင်းပခဲ့ကြသည်။ မူလတန်းလွန်ကျောင်းများ၏ အဆင့်နှင့် လျော်ညီစွာ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီး ဖြစ်နေခြင်းကလည်း ရွှေကုက္ကိုမြိုင်ဒေသမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ၏ ပညာရေးအပေါ် အလေးထားမှုကို ဖော်ညွှန်းပြသနေသည်။ ကျောင်းပညာရေးကိုသာမဟုတ်၊ ရွှေကုက္ကိုမြိုင်၌ ဗိုလ်မှူးကြီးစောချစ်သူ၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ သင်တန်းများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ထိုဒေသရှိ လူငယ်၊ လူရွယ်များ၏ အနာဂတ်အတွက် ကျေနပ်ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

ကရင်ပြည်နယ်

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြဝတီမြို့နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်-

(က) ဇရပ်ဖြူကုန်း-ကျော်ခို-ကော့ကော်လမ်း ၁၀ မိုင် ကတ္တရာခင်းခြင်း၊
(ခ) မဲပလဲ - ထိဝါကလေးလမ်း (၆)မိုင် ကတ္တရာခင်းခြင်း၊
(ဂ) ထို့ကော်ကိုး - ကျော်ခိုလမ်း ၁၂ မိုင် ၄ ဖာလုံနှင့် ထိဝါကလေး- တာလေလမ်း မိုင် ၃၀ တို့ကို ကျောက်ခင်းခြင်း၊
(ဃ) မဲပလဲတံတား ပေ ၃၆၀ နှင့် ထို့ကော်ကိုးရွာအဝင် တံတား ၆၅ပေ တို့ကို တည်ဆောက်ပေးခြင်း၊
(င) ထီလောသီအမကကျောင်း ဆောက်လုပ်ပေးခြင်း၊ ရွှေကုက္ကိုမြိုင် အထက ကျောင်းတွင် သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရာ၌ နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ၁၂၂ ဒသမ ၄ သန်း ခွင့်ပြု ပါဝင်ဆောင်ရွက်ပေးခြင်း။

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်းသည် ထိုဒေသ၏ တည်ငြိမ်အေးချမ်းမှုပေါ်တွင် အဓိကတည်မှီလျက်ရှိပါသည်။ မြဝတီမြို့နယ် ရွှေကုက္ကိုမြိုင်ဒေသမှ ဒေသခံ တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးကို ထာဝစဉ်ထိန်းသိမ်းလျက် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် ထမ်းရွက်သွားကြမည်ဟု ယုံကြည်မိပါကြောင်း - - - - -။

မြင့်စိုး (နတလ)

မွန်ပြည်နယ်

ရေရရှိမှု/ရေပေးဝေမှုဆိုင်ရာ နည်းပညာဆွေးနွေးပွဲ မော်လမြိုင်မြို့၌ကျင်းပ

Japan International Cooperation Agency(JICA) အဖွဲ့မှ မြန်မာနိုင်ငံအရှေ့ တောင်ပိုင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသအတွင်းရှိ တိုင်းရင်းသားများအား ထောက်ပံ့ကူညီရန် ဘက်စုံဒေသန္တရဖွံ့ဖြိုးမှုအစီအစဉ်အဖြစ် ဒေသတွင်းရေရရှိမှု/ရေပေးဝေမှုဆိုင်ရာ နည်းပညာဆွေးနွေးပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန်လနောက်ဆုံးပတ်က ကျင်းပသည်။

မွန်ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဦးသောင်းစိန်နှင့် ဘားအံအခြေစိုက် JICA လုပ်ငန်းစီမံကိန်းအဖွဲ့မှ မစ္စတာ ယိုဂိုကာဝါမူရတို့က အမှာစကားပြောကြားပြီးနောက် JICA အဖွဲ့ ရေအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် မစ္စတာ ယာကိဟိုကိုအော်တိုဂါဝါက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ ရေအရင်းအမြစ်များဆိုင်ရာ ထောက်ပံ့ပေးနိုင်မှု အလားအလာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ JICA အဖွဲ့မှ မြို့ပြရေပေးဝေမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် မစ္စတာဆုကိုခါမယ်ဂါအိက မြို့ပြရေပေးဝေမှုစနစ်ကိုမြှင့်တင်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

ထို့နောက် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မွန်ပြည်နယ်ဆည်မြောင်းဦးစီးဌာနတို့က လုပ်ငန်းဆိုင်ရာများကို တင်ပြဆွေးနွေးကာ တင်ပြဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးပြီး JICA အဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ရေသည် ဘဝရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး ကျေနပ်ဖွယ်ရာရေပေးဝေမှုကို လူတိုင်းရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေ လက်လှမ်းမီမှုတိုးတက်ရေးသည် ကျန်းမာရေးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေရေး၊ လက်တွေ့တွင် သန့်ရှင်းသည့် သောက်သုံးရေရရှိနိုင်သမျှရအောင် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်သင့်ကြောင်း JICA အဖွဲ့က သုံးသပ်ပြောဆိုကြောင်း သိရသည်။

မင်းမဟာ (မော်လမြိုင်)

ရှမ်းပြည်နယ်(တောင်ပိုင်း)

GSM မိုဘိုင်းဖုန်းတာဝါတိုင်များ တိုးချဲ့တည်ဆောက်ရေးစီမံကိန်းအရ ရှမ်းပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လင်းခေးခရိုင် ဟိုမိန်းမြို့ မြန်မာ့ဆက်သွယ်ရေး (ကြေးနန်း) ရုံးဝင်းအတွင်း၌ GSM မိုဘိုင်းတာဝါတိုင် တိုးချဲ့တည်ဆောက် ပြီးစီးနေပြီကို တွေ့ရစဉ်။
(မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး

ရေဘေးကာကွယ်ရေး သရုပ်ပြပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဆည်မြောင်းဦးစီးဌာန ရေဘေးကာကွယ်ရေး သရုပ်ပြပွဲ အခမ်းအနားကို ဝါးသလကျေးရွာ ဧရာဝတီ-ဟသ်ာတတာမိုင် (၁၀/၀) နေရာ၌ ဇွန် ၂၅ ရက် နံနက်က ကျင်းပရာ ဇလွန်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်း၊ ဟသ်ာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်တို့က အမှာစကားပြောကြားကာ တက်ရောက်လာသော လုပ်သားပြည်သူများအား တာပေါ်ရေကျော်ခြင်း ကာကွယ်ခြင်း၊ ရေပေါက် (ထူးပေါက်) ပေါက်ခြင်းဖြစ်ပေါ်ရသည့် အကြောင်းအရင်းများနှင့် တာအိခြင်းဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ ကာကွယ်ရန်နည်းလမ်းများ၊ သဲဗွက်ထခြင်း ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် ရေဘေးကာကွယ်ရေး ဆောင်ရွက်ရာတွင် စုဆောင်းထားရှိရမည့် ပစ္စည်းများမှာ ကြိမ်၊ဝါး၊ နှီး၊ ပေါက်တူး၊ အုန်းဆံကြိုး၊ သစ်သားဒင်၊ဝါးနက်၊ ရေနံဆီ၊ ဓား၊ မျောတိုင်၊ မြစ်ကျောက်၊ ဂုန်နီအိတ်၊ မြေ သယ်ခြင်း၊ မြင်ဝါး၊ နှီးသားဖျာများ အသင့်ထားရှိရမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းအခမ်းအနားတွင် ဝါးသလ-သရက်နှစ်ပင်-ဂွေးတောက်ချောင်း-သရို့ဝ-တောင်ဘို့တရာ ကျေးရွာမှ တောင်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧရာဝတီဘဏ်
AYA Bank
စိတ်ချယုံကြည်ဧရာဝတီ

မြန်မာနိုင်ငံ၏
ပထမဆုံးသော
အင်တာနက် ဘဏ်ဝန်ဆောင်မှုကို
ဧရာဝတီဘဏ် မှလုပ်ဆောင်ပေးနေပါသည်။

Contact us at : +959 250 206251
www.ayaibanking.com
www.facebook.com/aya.ibanking
THE GLOBAL COMPACT
WE SUPPORT
WORLD FINANCE
BANKING AWARDS
2 0 1 3

မြန်မာ့အလင်း
၄-၇-၂၀၁၄ (သောကြာနေ့)

နေပြည်တော်ကောင်စီနယ်မြေ

လယ်ဝေးမြို့နယ်၌ ပညာဒါန(အခမဲ့)စေတနာသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကိုအခြေခံမှစ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပညာရေးလောကတွင်လည်းရပ်ရွာလူမှုအဖွဲ့အစည်းများမှ ပညာရည်မြှင့်တင်လိုသည့် ကိုယ်ပိုင်အသိစိတ်ဓာတ်များဖြင့် စုပေါင်းကာဆောင်ရွက်လာကြသည်ကို တွေ့မြင်ရသည်။

ပြီးခဲ့သည့် မေ ၁ ရက်မှ စတင်ဖွင့်လှစ်သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် နောင်ဘိုစံပြကျေးရွာ ရွာလယ်ဘုရားကြီးဓမ္မာရုံ၌ ပညာဒါန(အခမဲ့) စေတနာသင်တန်းကို နှစ်လတာမျှကြာ သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ (အခမဲ့) ပညာဒါနသင်တန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အငြိမ်းစားဆရာကြီးသုံးဦးတို့က ဦးဆောင်၍ လက်ရှိပညာရေးဝန်ထမ်း ဆရာမနှစ်ဦး၊ အခြားစေတနာရှင် ဆရာ ဆရာမကိုးဦး၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့တို့က သင်ကြားပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့ ဒီပညာဒါနသင်တန်းမှာ တနင်္ဂနွေအပတ်တိုင်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကိုလည်း သင်ကြားပေးပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာလို့ဆိုရာမှာ စိတ်ဓာတ်ကို အရင်ဆုံးပြုပြင်ပေးဖို့လိုပါတယ်။ ကလေးတွေအားလုံးတော်ပါတယ်။ ကျောင်းပညာရေးရော ယဉ်ကျေးမှုမှာပါ တော်ပါတယ်။ လိုအပ်တဲ့စာသင်ခုံနဲ့ စားပွဲတွေကိုလည်း လှူဒါန်းကြတယ်။ တချို့ မိဘတွေဆို ဒီသင်တန်းလာကြည့်ပြီး မျက်ရည်တောင်ဝဲရတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးဖို့နဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချတဲ့နေရာမှာ ပညာရေးကိုမြှင့်တင်နိုင်မယ့် ရပ်ရွာအသင်းအဖွဲ့တွေက အသိစိတ်ဓာတ်ရှိဖို့လည်း လိုပါတယ်"ဟု ယင်းကျေးရွာနေ ဦးဆောင်သူဆရာကြီး(ငြိမ်း) ဦးညွန့်တင်က ပြောကြားသည်။

အဆိုပါပညာဒါန (အခမဲ့) စေတနာသင်တန်းကို ယင်းပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်သော နောင်ဘို၊ ကြောင်ရေ၊ ကမ္ဘာနီ၊ ကန်သာ၊ ကူသပိတ်တို့မှ ကျောင်းသားကျောင်းသူများသည် စက်ဘီးများဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း တက်ရောက်ကြပြီး အဋ္ဌမတန်းတွင် ကျောင်းသားကျောင်းသူ ၆၅ ဦး၊ နဝမတန်းတွင် ၄၇ ဦး၊ ဒသမတန်းတွင် ၂၈ ဦးတို့ကို သင်ကြားပေးနေဆဲဖြစ်ကြောင်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို အပတ်စဉ်တနင်္ဂနွေနေ့နံနက် ၇ နာရီမှ ၁၀ နာရီအထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

ပဲခူးတိုင်းဒေသကြီး

ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများလှူဒါန်း

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ဆင်းရဲချို့တဲ့သော ဘုန်းတော်ကြီး အခြေခံပညာမူလတန်းပညာသင်ကျောင်းနှစ်ကျောင်းနှင့် ကျေးလက်နှင့်မြို့ပေါ်ရှိ အခြေခံပညာ မူလတန်းကျောင်းခြောက်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများအား ရွှေဖြူးပညာရေး ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးညွန့်ဝေနှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင်တို့က ဇွန် ၃၀ ရက် မှ ဇူလိုင် ၂ ရက်အထိ ကျေးရွာများအရောက် ကွင်းဆင်းသွားရောက်၍ မိုးကာအကျႌပါ ကျောင်းဝတ်စုံတစ်စုံစီနှင့် စာရေးကိရိယာများ သွားရောက်ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းသို့လှူဒါန်းရာတွင် ဖြူးမြို့နယ် အင်ပင်သာ ဘုန်းတော်ကြီးမူလတန်းပညာသင်ကျောင်းမှ ကျောင်းသား ၇၇ဦး၊ ကျောင်းသူ ၅၈ ဦး စုစုပေါင်း ၁၃၅ ဦးနှင့် သဘော်ကျွန်း ဘုန်းတော်ကြီးသင် မူလတန်းပညာသင်ကျောင်းမှ ကျောင်းသား ၇၁ ဦး၊ ကျောင်းသူ ၇၀ စုစုပေါင်း ၁၄၁ ဦးတို့ကို ကျောင်းဝတ်စုံတစ်စုံစီ မိုးကာအကျႌပါ၊ ဖိနပ်တစ်ရန်၊ ဗလာစာအုပ်၊ လက်ရေးလှစာအုပ်၊ လွယ်အိတ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြပြီး အခြားကျေးလက်နှင့်မြို့ပေါ်ရှိ ဆင်းရဲနွမ်းပါးသော မူလတန်းကျောင်း ခြောက်ကျောင်းမှ ကျောင်းသားကျောင်းသူ ၃၀၀ ကျော်ကိုလည်း အလားတူပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

(၇၄) ခုမြောက်ဘဏ်ခွဲဖြစ်သော
မန္တလေးဘဏ်ခွဲ(၉) လမ်း(၈၀ x ၂၆)

(၄ . ၇ . ၂၀၁၄) ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ပါကြောင်း...

မန္တလေးဘဏ်ခွဲ(၉) လမ်း(၈၀ x ၂၆)
၂၆ ဘီလမ်းနှင့် လမ်း ၈၀ ထောင့်၊ ချမ်းအေးသာဇံအရှေ့ရပ်ကွက်၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၂ ၆၇၁၀၁ — ၀၅
ဖက်(စ်) - ၀၂ ၆၇၁၀၆ — ၀၇
www.ayabank.com

နိုင်ပွဲရဖို့ ရုန်းကန်ရမယ့် ဂျာမနီ၊ သရေကျမယ့် ဘရာဇီးနဲ့ ကိုလံဘီယာ

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ကွာတားဖိုင်နယ်အဆင့်အထိ ရောက်ရှိလာပြီမို့ ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းတွေသာ ဒီပြိုင်ပွဲမှာ တင်ကျန်နေတာကြောင့် ပြိုင်ဆိုင်မှုအရှိန်အဟုန်က အရင်ပွဲတွေကထက် ပိုမိုမြင့်မားလာမှာပါ။ ကွာတားအဆင့်မှာ ပြင်သစ်နဲ့ဂျာမနီတို့လို ဥရောပအသင်းကြီးအချင်းချင်းဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေတယ်။

ပြင်သစ် Vs ဂျာမနီ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၄-၇-၂၀၁၄၊ ည ၁၀း၃၀ Estadio do Maracana
နောက်ဆုံးဆုံတွေ့မှုရလဒ်	ပြင်သစ် ၁-၂ ဂျာမနီ (၇-၂-၂၀၁၃)

အုပ်စု(E)မှာ ရှုံးပွဲမရှိရလဒ်နဲ့ အုပ်စုပထမနေရာရယူပြီး ၁၆ သင်းအဆင့် တက်ရောက်လာခဲ့တဲ့ ပြင်သစ်အသင်းဟာ ၁၆ သင်းအဆင့်မှာ နိုင်ဂျီးရီးယားကို အနိုင်ယူနိုင်ဖို့ ခက်ခက်ခဲခဲရုန်းကန်ခဲ့ရတယ်။ ဒါပေမယ့် ဗယ်လ်ဘူနာ၊ ပေါ့ဂ်ဘာ၊ မက်ယူဒီတို့ရဲ့ ပြင်သစ်ကွင်းလယ်ဟာ စုဖွဲ့မှုကောင်းမွန်ပြီး တိုက်စစ်ကို ပံ့ပိုးပေးနိုင်စွမ်း ကောင်းမွန်နေတယ်။ ဒါပေမယ့် ပြင်သစ်တိုက်စစ်မှူး ဂီရောက်ဒ်က ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံကို မရသေးဘဲ ဂိုးရရှိရေးအတွက် ဘင်ဇီမာ အပေါ်သာ အထူးအားပြုနေရတယ်။ ဘင်ဇီမာကို ပြိုင်ဘက်ခံစစ်က ထိန်းချုပ်ထားနိုင်ချိန်မှာ ပြင်သစ်အသင်း ဂိုးရဖို့ခက်ခဲခဲ့ရပြီး နိုင်ဂျီးရီးယားနဲ့ပွဲမှာ ပေါ့ဂ်ဘာရဲ့ ခေါင်းတိုက်ပြီးသွင်းယူခဲ့တဲ့ ဦးဆောင်ဂိုးကြောင့်သာ ပြင်သစ်အသင်း လက်ကျန်ပွဲချိန်တွေမှာ ကစားရတာ လွယ်ကူသွားခဲ့တာဖြစ်တယ်။ ပြင်သစ်ရဲ့နောက်တန်းကတော့ ရုန်းအားကောင်းနေတယ်။ ဂျာမနီအသင်းက ယခုနှစ်ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲမှာ ရလဒ်ပိုင်းအရ အားနည်းပေမယ့် အသင်းလိုက်ကစားပုံ ကောင်းမွန်ခဲ့တာကြောင့် ပြင်သစ်ကိုလည်း အကောင်းဆုံးရင်ဆိုင်နိုင်မှာပါ။ ဒါပေမယ့် ဂျာမနီအသင်းရဲ့တိုက်စစ်ဟာ အဆုံးသတ်ပိုင်း အနည်းငယ်အားနည်းနေတာကြောင့် အယ်လ်ဂျီးရီးယားနဲ့ ကစားခဲ့တဲ့ ၁၆ သင်းရှုံးထွက်အဆင့်ပွဲမှာ ဂိုးကန်သွင်းခွင့် အကြိမ်ကြိမ်ရရှိခဲ့ပေမယ့် အချိန်ပိုရောက်မှ သွင်းယူနိုင်ခဲ့တဲ့ ဂိုးတွေနဲ့ အနိုင်ရရှိခဲ့ရတယ်။ တိုနီကရူးစ်၊ အိုဇေးလ်၊ ရှဝိန်းစတိုက်ဂါ၊ ဂေါ့ဇီတို့လို ကစားသမားတွေပါဝင်လာမယ့် ဂျာမနီကွင်းလယ်ကတော့ ပြင်သစ်ကွင်းလယ်ကို အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိတယ်။ ဂျာမနီရဲ့ ခံစစ်မှာလည်း မာတီဆက်ကာ၊ ဘိုတန်၊ ဟိုဝီဒက်စ်တို့လို ကစားသမားကောင်းတွေရှိနေတာကြောင့် ဘင်ဇီမာတစ်ဦးတည်းကို အားပြုနေရတဲ့ ပြင်သစ်တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်စွမ်းရှိတယ်။ ဒါပေမယ့် ဂျာမနီအသင်းရဲ့ တိုက်စစ်ဟာ အကောင်းဆုံးခြေစွမ်း ပျောက်ဆုံးနေတာမို့ ပြင်သစ်ခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရနိုင်တယ်။ နှစ်သင်းစလုံးရဲ့ ခြေစွမ်းကောင်းမွန်နေတယ်ဆိုပေမယ့် အခက်အခဲကြားက ရုန်းထွက်နိုင်မှုမှာ ဂျာမနီက အနည်းငယ်သာနေတယ်။ ဒီနှစ်သင်းဆုံတွေ့ဖူးမှု အစဉ်အလာမှာ ပြင်သစ်က အသာစီးရထားပေမယ့် အခုပွဲမှာတော့ ဂျာမနီရဲ့ ရုန်းအားကြောင့် ပြင်သစ်အခက်တွေ့နိုင်ပြီး ဂျာမနီအသင်းသာ သာမန်ပွဲချိန်အတွင်း ကပ်နိုင်သွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၀-၁

စာမျက်နှာ ၇ သို့

ပြင်သစ်၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

ဆွစ်ဇာလန်-ပြင်သစ်			အီကွေဒေါ-ပြင်သစ်			ပြင်သစ်-နိုင်ဂျီးရီးယား		
ဆွစ်ဇာလန်	ရလဒ်(၂-၅)	ပြင်သစ်	အီကွေဒေါ	ရလဒ်(၀-၀)	ပြင်သစ်	ပြင်သစ်	ရလဒ်(၂-၀)	နိုင်ဂျီး
၅	ထောင့်ကန်ဘော	၃	၁	ထောင့်ကန်ဘော	၇	၁၂	ထောင့်ကန်ဘော	၉
၃	ဂိုးပေါက်တည့်မှု	၆	၃	ဂိုးပေါက်တည့်မှု	၉	၅	ဂိုးပေါက်တည့်မှု	၂
၁၁	ဂိုးပေါက်လွဲမှု	၈	၄	ဂိုးပေါက်လွဲမှု	၇	၆	ဂိုးပေါက်လွဲမှု	၂
၅၇	ဘောလုံးပိုင်ဆိုင်မှု	၄၃	၃၆	ဘောလုံးပိုင်ဆိုင်မှု	၆၄	၄၉	ဘောလုံးပိုင်ဆိုင်မှု	၅၁

ဂျာမနီ၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

ဂျာမနီ-ဂါနာ			အမေရိကန်-ဂျာမနီ			ဂျာမနီ-အယ်လ်ဂျီးရီးယား		
ဂျာမနီ	ရလဒ်(၂-၂)	ဂါနာ	အမေရိကန်	ရလဒ်(၀-၁)	ဂျာမနီ	ဂျာမနီ	ရလဒ်(၂-၁)	အယ်ဂျီး
၇	ထောင့်ကန်ဘော	၃	၂	ထောင့်ကန်ဘော	၃	၁၀	ထောင့်ကန်ဘော	၄
၂	ဂိုးပေါက်တည့်မှု	၅	၁	ဂိုးပေါက်တည့်မှု	၅	၁၄	ဂိုးပေါက်တည့်မှု	၃
၇	ဂိုးပေါက်လွဲမှု	၈	၃	ဂိုးပေါက်လွဲမှု	၄	၉	ဂိုးပေါက်လွဲမှု	၇
၅၉	ဘောလုံးပိုင်ဆိုင်မှု	၄၁	၃၄	ဘောလုံးပိုင်ဆိုင်မှု	၆၆	၆၁	ဘောလုံးပိုင်ဆိုင်မှု	၃၉

ဂျာမနီအသင်းရဲ့ တိုက်စစ်ဟာ အကောင်းဆုံးခြေစွမ်း ပျောက်ဆုံးနေတာမို့ ပြင်သစ်ခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရနိုင်တယ်။ နှစ်သင်းစလုံးရဲ့ ခြေစွမ်းကောင်းမွန်နေတယ်ဆိုပေမယ့် အခက်အခဲကြားက ရုန်းထွက်နိုင်မှုမှာ ဂျာမနီက အနည်းငယ်သာနေတယ်.....

ဂူတီယာရက်ဇ်